# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## လွတ်မြောက်အောင်အားထုတ်

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏ အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သောစိတ်ကို ထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၇)**


၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၀၈၅)




## နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ခရစ်တော်မွေးနေ့(ခရစ္စမတ်)အကြို ဝတ်ပြုဆုတောင်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်း အထိမ်းအမှတ် မိတ်ဆုံစားပွဲသို့ တက်ရောက်


စာ - ၃


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံ လွှဲပြောင်းပေးအပ်ပွဲနှင့် ဆေးရုံဖွင့်လှစ်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၏ ဇနီး **Mrs. Wang Xue Hong** တို့က ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

ရန်ကုန် ဒီဇင်ဘာ ၂၃

**မြန်မာ-တရုတ် ချစ်ကြည်ရေးဆေးရုံအဖြစ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် China Foundation For Peace and Development တို့က လှူဒါန်းသည့် ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံ လွှဲပြောင်းပေးအပ်ပွဲနှင့် ဆေးရုံဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်းရှိ အဆိုပါဆေးရုံ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။**

### ရင်းရင်းနှီးနှီး

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ဒီဆေးရုံဟာဆိုရင် ကျွန်မ ငယ်ငယ်ကတည်းက သိခဲ့တဲ့ ဆေးရုံပါ၊ အခုဆိုရင် ဒီဆေးရုံကြီးဟာ အများကြီးပြောင်းလဲသွားပါပြီ၊ ကျွန်မအနေနဲ့ ဒီဆေးရုံကစပြီး ငယ်ငယ်တုန်းကတည်းက ပြည်ထောင်စုဆိုတဲ့ အဓိပ္ပာယ်နဲ့ သူနာပြုဆိုတဲ့ အဓိပ္ပာယ်ကို သိခဲ့ရပါတယ်၊ ဘာဖြစ်လို့ ဒီလိုပြောရသလဲဆိုရင် ဒီဆေးရုံမှာ အလုပ်လုပ်တဲ့ သူနာပြုဆရာမလေးတွေထဲက အားရက်တွေမှာဆိုရင် ကျွန်မတို့အိမ်မှာ လာရောက်နားကြပါတယ်၊ ဆရာမလေးတွေ တော်တော်များများဟာ နယ်ကလာတဲ့အခါကျတော့ နားရက်တွေမှာ ကျွန်မတို့ အိမ်မှာ လာနေကြပါတယ်၊ အဲဒီလို လာနားကြတဲ့အထဲမှာ တိုင်းရင်းသူ သူနာပြု ဆရာမလေးတွေပါပါတယ်၊ တိုင်းရင်းသူ ဆရာမလေးတွေဟာ ကျွန်မတို့နဲ့ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်နေကြပါတယ်။

### သူနာပြုစိတ်ဓာတ်

"ပြည်ထောင်စုတစ်ဝန်းက သူနာပြုဆရာမလေးတွေ ရောက်လာပြီးတော့ အိမ်မှာ လာပြီးနေကြတဲ့အခါမှာ ညီအစ်မအရင်းတွေလို ချစ်ချစ်ခင်ခင် နွေးနွေးထွေးထွေး ညီညီညွတ်ညွတ်နဲ့ နေကြတာကို တွေ့ခဲ့ရပါတယ်၊ သူနာပြုတွေဘယ်လိုရှိတယ်ဆိုတာကို ကျွန်မအနေနဲ့ ဒီဆရာမလေးတွေကိုကြည့်ပြီးတော့ သိခဲ့ရပါတယ်၊ မေမေကိုယ်တိုင်ကလည်း သူနာပြုဖြစ်ခဲ့တယ်ဆိုတော့ မေမေ့ကိုကြည့်ပြီးတော့ သိရသလို ဆရာမလေးတွေကြည့်ပြီးတော့ သူနာပြုစိတ်ဓာတ်ကို သိရတာဟာ ကျွန်မ တွေ့ဖူးသမျှ အိမ်မှာလာတဲ့ သူနာပြုဆရာမ မြောက်မြားစွာထဲမှာ တစ်ယောက်မှ ကရုဏာမဲ့တဲ့သူ မတွေ့ဖူးပါဘူး၊ အားလုံးဟာ ချစ်ချစ်ခင်ခင်ရှိပြီး အင်မတန်မှ


*စာမျက်နှာ ၄ ကော်လံ ၁* ◆





မြန်မာ့အလင်း

# လွတ်လပ်သောဘဝနှင့် ထိုက်တန်အောင်

"လွတ်လပ်ရေးရတဲ့အခါမှာ ကျွန်တော်တို့ အခုတင်က စီမံကိန်းအမျိုးမျိုးနဲ့ လုပ်တောင်မှ အနှစ် ၂၀ လောက်၊ ကျွန်တော်တို့ စကား ခပ်ရိုင်းရိုင်း ပြောရရင်... အတော့်ကို ပြဲအောင်ကြိုးစားနိုင်မှ၊ လုပ်နိုင်မှ အဲ့ဒါ အတော့်ကို ကုန်းလုပ်နိုင်မှ၊ ရုန်းလုပ်နိုင်မှ အနှစ် ၂၀ လောက်ရှိတဲ့အခါမှာ တော်ကာကျမယ်"

မြန်မာ့လွတ်လပ်ရေးအကြိုကာလ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့ ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပခဲ့သော ပြည်သူ့အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းမှ အထက်ပါကောက်နုတ်ချက်က ထိုခေတ် ပြည်သူများကိုသာမက နောက်မျိုးဆက်ပြည်သူများကိုပါ နားတွင်စွဲမြဲစေခဲ့သည်။ အဆိုပါအစည်းအဝေးကြီးတွင် တိုင်းပြုပြည်ပြု လွှတ်တော်အကြောင်း၊ လွတ်လပ်ရေးကို တစ်နှစ်အတွင်းရရှိစေရန် အာမခံသည့်အကြောင်း၊ လွတ်လပ်ရေးရပြီးနောက် လွတ်လပ်ရေးနှင့် ထိုက်တန်အောင် အလုပ်ကြိုးစားကြစေလိုကြောင်း ပြည်သူများကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါမိန့်ခွန်းသည် ဗိုလ်ချုပ်၏ နောက်ဆုံး မိန့်ခွန်းပင် ဖြစ်သည်။

သုညမှစပြီး ပြန်လည်ထူထောင်ရမည့် နိုင်ငံတစ်ခုအနေဖြင့် အခြားနိုင်ငံများက ခြေလှမ်းတစ်လှမ်းလှမ်းလျှင် မိမိတို့က ၄၊ ၅၊ ၁၀ လှမ်း လှမ်းနိုင်ရန်၊ တစ်နည်းအားဖြင့် သူများထက် ၄၊ ၅၊ ၁၀ ဆပို၍ အလုပ်လုပ်နိုင်ကြရန်၊ တိုင်းရင်းသားအချင်းချင်း၊ တိုင်းသူပြည်သားအချင်းချင်း ညီညွတ်ကြရန်၊ ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် တိုင်းပြည်တိုးတက်ရေးအတွက် မဆုတ်မနစ် ကြိုးပမ်းကြရန်အတွက် မမေ့နိုင်လောက်စရာ စကားလုံးဝေါဟာရများဖြင့် နားတွင် သံမှိုစွဲသလို စွဲအောင် ပြောကြားခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းသည် ရန်ကုန်မြို့တော်ခန်းမ ပြည်သူ့အစည်းအဝေးကြီးအပြီး နောက်တစ်ပတ်မျှ မကြာမီမှာပင် ကျဆုံးခဲ့ရသည်။ ဗိုလ်ချုပ်ကျဆုံးပြီးနောက် လအနည်းငယ်တွင် မြန်မာနိုင်ငံလွတ်လပ်ရေး ရခဲ့သည်။ လွတ်လပ်ရေး အကြိုကာလကတည်းက သန္ဓေတည်ခဲ့သည့် နိုင်ငံရေးအကွဲအပြဲ၊ ပြည်တွင်း စစ်မီး၊ မညီညွတ်မှုများ၊ ပဋိပက္ခများ၊ ပါလီမန်ဒီမိုကရေစီကျဆုံးခန်းနှင့် ဗဟိုဦးစီးစနစ်တို့၏ ဒဏ်ရာဒဏ်ချက်များနှင့်အတူ လွတ်လပ်ပြီးနောက် ရာစုနှစ်ဝက်ကျော်ကာလများသည် မြန်မာနိုင်ငံနှင့် နိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူများအဖို့ ကံကြမ္မာမှန်တိုင်းထန်သောကာလများဟုပင် ဆိုရမည်ဖြစ်သည်။ ညီညွတ်ရေးကို မတည်ဆောက်နိုင်ခဲ့သလို ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း သူများခြေတစ်လှမ်းလှမ်းလျှင် မိမိတို့က ၄၊ ၅၊ ၁၀ လှမ်း လှမ်းနိုင်ဖို့ဝေးစွ ဦးတည်ရာပင် လွဲချော်ခဲ့ရာ တစ်ချိန်တစ်ခါက မိမိတို့နောက်မှ နိုင်ငံများပင် မိမိတို့ကို ကျော်တက်သွားခဲ့ကြပြီ။ အလွဲများကို မြင်၍ ဗိုလ်ချုပ်ပြောသကဲ့သို့ အားလုံးနင်းကန် အလုပ်လုပ်နိုင်လျှင်ပင် နောင်အနှစ် ၂၀ လောက်ကြာမှ တန်ကာကျမည် ဖြစ်သည်။

မည်သို့ပင်ဆိုစေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အချုပ်အခြာအာဏာပိုင်ခဲ့သည်မှာ နှစ်ပေါင်း ၇၀ ပြည့်ခဲ့ပြီ ဖြစ်သည်။ အတိတ်သမိုင်းသည် ဂုဏ်ယူဖွယ်ရာများနှင့် ပြည့်နေသကဲ့သို့ သင်ခန်းစာယူဖွယ်ရာများလည်း ရှိနေခဲ့သည်။ ပစ္စုပ္ပန်သမိုင်းကိုမူ မိမိတို့အားလုံးရေးထိုးအက္ခရာတင်နေဆဲ ဖြစ်သည်။ မိမိတို့၏ လက်ငင်း သမိုင်းပေးတာဝန်များဖြစ်သည့် လွတ်လပ်သော ပြည်ထောင်စုနိုင်ငံတော်ကြီး ထာဝရတည်တံ့အောင် ညီညီညွတ်ညွတ် စုပေါင်းကာကွယ်စောင့်ရှောက်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာအောင် ကြိုးပမ်းတည်ဆောက်ရေး၊ အတိတ်၏ ဆိုးမွေဖြစ်သော လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်ကာ ထာဝရငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်ရေးအတွက် စည်းလုံးညီညွတ်စွာ၊ စည်းကမ်းရှိစွာဖြင့် ဆတက်ထမ်းပိုးကြိုးပမ်းကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

# မွေးမြူရေးကဏ္ဍ၏ သတိထားရမည့် အလားအလာတစ်ရပ်

နယ်စပ်မျဉ်းတစ်ဖက်တစ်ချက်ရှိ ပြည်သူတို့နှင့် စီးပွားရေးလုပ်ငန်းတို့ အပြန်အလှန် ကူးသန်းဖလှယ် ရောင်းဝယ်ကြသည်မှာ သဘာဝကျသကဲ့သို့ ခွင့်ပြုရမည့်ကိစ္စလည်း ဖြစ်ပါသည်။ သို့သော် ဤကဲ့သို့ နှစ်နိုင်ငံပြည်သူတို့နှင့် စီးပွားရေးလုပ်ငန်းတို့ အပြန်အလှန် ကူးသန်းရောင်းဝယ်ကြခြင်းသည် နှစ်နိုင်ငံလုံး၏ ဥပဒေခွင့်ပြုချက် ဘောင်အတွင်းမှ ဖြစ်ရန်လိုအပ်ပါသည်။ သို့မှသာ နှစ်နိုင်ငံပြည်သူတို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ချစ်ကြည်ရင်းနှီးမှုကိုပါ တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

သတင်းမီဒီယာတို့၏ ဖော်ပြချက်အရ အထက်ဖော်ပြပါ အခြေခံသဘောတို့နှင့် ကိုက်ညီမှုမရှိသော ဖြစ်ရပ်တို့ မွန်ပြည်နယ်၌ ဖြစ်ပေါ်နေသည်ဟု သိရှိရပါသည်။ ထိုင်းနိုင်ငံမှ မွန်ပြည်နယ်သို့ တရားမဝင်တင်သွင်းလာသော ဝက်များကြောင့် မွန်ပြည်နယ်အတွင်းရှိ ဝက်မွေးမြူရေးလုပ်ငန်းများ အရှုံးပေါ်ပြီး အခက်အခဲများနှင့် ရင်ဆိုင်ရလျက်ရှိကြောင်း ကြားသိရပါသည်။ ဤကဲ့သို့ တရားမဝင် တင်သွင်းလာသော ဝက်များ၌ ရောင်းတန်းဝင်ဝက်များနှင့် ဝက်သားပေါက်များ ပါနေသကဲ့သို့ အေးခဲဝက်သားများပါ ပါဝင်နေသည်။ သို့ဖြစ်ပါ၍ အဆိုပါဝက်များ တရားမဝင်တင်သွင်းလာမှုကြောင့် ဒေသခံ ဝက်မွေးမြူရေး လုပ်ငန်းတို့အနေဖြင့် ထိခိုက်နစ်နာမှုတို့ကို ရင်ဆိုင်နေရသည်မှာ လွန်စွာထင်ရှားပါသည်။

တရားမဝင် ကုန်ကူးသန်းရောင်းဝယ်မှုတို့သည် နိုင်ငံတော်က ရသင့်ရထိုက်သော အခွန်အကောက်တို့ကို ဆုံးရှုံးနစ်နာစေသည်သာမက အကျင့်ပျက်လာဘ်စားမှု ကျယ်ပြန့်လာစေရေးကို တွန်းအားပေးနေပါသည်။ ထို့မျှသာမက အဆိုပါဝက်များ တရားမဝင်တင်သွင်းလာမှုသည် လိုအပ်သော စစ်ဆေးမှုတို့ကို ပြုလုပ်နိုင်ခြင်းမရှိခြင်းကြောင့် ပြည်သူလူထု၏ ကျန်းမာရေးအန္တရာယ်ကို ထိခိုက်စေနိုင်သည်သာမက ဒေသခံ မွေးမြူရေးလုပ်ငန်းတို့၌ မလိုလားအပ်သော ပြဿနာတို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။ တင်ပြလိုသည်မှာ ဝက်များ တရားမဝင် တင်သွင်းလာမှုသည် နိုင်ငံတော်၏ မျက်နှာစာအတော်များများကို ထိခိုက်နစ်နာစေပါသည်။

သို့သော် ဤကိစ္စရပ်၌ အလေးအနက်ထား စဉ်းစားရမည့် စီးပွားရေးဆိုင်ရာ အချက်တစ်ရပ် ရှိနေပါသည်။ ဤသည်မှာ မြန်မာနိုင်ငံအတွင်းရှိ ဝက်မွေးမြူရေးလုပ်ငန်းတို့၏ ကုန်ထုတ်အစွမ်းသတ္တိ နိမ့်ပါးနေမှုဖြစ်ပါသည်။ အာဆီယံစီးပွားရေးရိပ်မြုံ (ASEAN Economic Community - AEC) ကို ကျင့်သုံး အကောင်အထည်ဖော်သည့်အခါ ဝက်မွေးမြူရေးလုပ်ငန်း အပါအဝင် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းတို့သည် အခြားသော အာဆီယံနိုင်ငံတို့နှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရမည် ဖြစ်ပါသည်။ ဤကဲ့သို့ ယှဉ်ပြိုင်နိုင်စွမ်းရှိရန် ကုန်ထုတ်အစွမ်းသတ္တိ မြင့်မားရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံ့စီးပွားရေးလုပ်ငန်းတို့၏ ကုန်ထုတ်အစွမ်းသတ္တိမြင့်မားရေးကို ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

**ထင်သာမြင်သာ ပြုပြင်စရာ**

## ဇီးချိုင်ကျေးရွာအဝင် တံတားချဉ်းကပ်လမ်း ပေါက်ပြဲနေ၍ ပြုပြင်ပေးစေလို



ရေဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စု ဇီးချိုင်ကျေးရွာရှိ ရွာအဝင်လမ်းတံတားတွင် တံတားချဉ်းကပ်လမ်းမှာ ပေါက်ပြဲ၍ ကျွံကျနေကြောင်း ဒေသခံများထံမှ သိရသည်။

အဆိုပါတံတားမှာ မူလက သံကူပျဉ်ခင်းတံတားဖြစ်ပြီး ၂၀၁၆ ခုနှစ်က အုတ်တင်ယာဉ်ကြောင့် ပြိုကျမှုဖြစ်ပွားခဲ့ကာ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ယင်းနှစ်၌ပင် အရှည်ပေ ၁၂၀၊ အကျယ် ၁၄ ပေ သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည်တည်ဆောက်ခဲ့သည်။ ယခုအခါ ဇီးချိုင်ကျေးရွာအဝင်ဘက်ရှိ ကွန်ကရစ် ချဉ်းကပ်လမ်းမှာ ပြိုကျကာ ကျွံကျမှုဖြစ်နေကြောင်း သိရသည်။

ကျေးရွာအဝင်တံတားမှာ ဇီးချိုင်ကျေးရွာနေ ပြည်သူများ နေ့စဉ်အသုံးပြုနေသော တံတားဖြစ်ပြီး ပင်လယ်ရေ တိုက်ရိုက်ဝင်ရောက်သောရိုးချောင်းကို ဖြတ်ကျော် တည်ဆောက်ထား၍ ချဉ်းကပ်လမ်းကျွံကျလာမှုကြောင့် ဒေသခံများစိုးရိမ်လျက်ရှိကြောင်း သိရသည်။

တံတားချဉ်းကပ်လမ်းပြိုကျမှုနှင့်ပတ်သက်၍ ဇီးချိုင်ကျေးရွာအုပ်ချုပ်ရေးမှူးက အခုလိုဖြစ်နေသည်မှာ လအနည်းငယ်ကြာနေပြီဖြစ်ကြောင်း၊ မော်တင်ပွဲရက်လည်း နီးလာပြီဖြစ်သည့်အတွက် ခရီးသွားယာဉ်များလာလျှင် ပိုမိုဆိုးရွားလာနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ပေးစေလိုကြောင်း ပြောသည်။

ကျော်သူဟိန်း (ဟိုင်းကြီးကျွန်း)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၃-၁၂-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၉၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၄ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၃ | ·၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၂ | ·၂ |
| ထိုင်း | တစ်ဘတ် | ၄၁ | ·၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ | ·၀၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၅ | ·၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ခရစ်တော်မွေးနေ့(ခရစ္စမတ်)အကြိုဝတ်ပြုဆုတောင်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်း အထိမ်းအမှတ် မိတ်ဆုံစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ခရစ်တော်မွေးနေ့(ခရစ္စမတ်) အကြိုဝတ်ပြုဆုတောင်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်းအထိမ်းအမှတ် မိတ်ဆုံစားပွဲကို ယနေ့ နံနက်ပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ နေအိမ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်ကြသည်။

**နံနက်စာ သုံးဆောင်**

မိတ်ဆုံစားပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူနှင့်ဇနီး ဒေါက်တာ ရွှေလွှမ်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်တို့မိသားစုက ကြိုဆိုနှုတ်ဆက်ကြပြီး ခရစ္စမတ်ဆုမွန်ကောင်းများ တောင်းပေးသည်။ ခရစ်တော်မွေးနေ့(ခရစ္စမတ်) အကြိုဝတ်ပြုဆုတောင်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်း အထိမ်းအမှတ် မိတ်ဆုံစားပွဲတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ခရစ္စမတ်နှုတ်ဆက်စကား ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ခရစ်တော်မွေးနေ့ မိတ်သဟာယ နံနက်စာကို အတူတကွ သုံးဆောင်ကြသည်။

မိတ်ဆုံစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

**ဆုတောင်းမေတ္တာပို့သ**

ခရစ်တော်မွေးနေ့(ခရစ္စမတ်)အကြိုဝတ်ပြုဆုတောင်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားတွင် သိက္ခာတော်ရ ဆရာများက ခရစ္စမတ်ဒေသနာတော် ဟောကြားခြင်း၊ သမ္မာကျမ်းစာ ဖတ်ကြားခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်း၊ ဆုတောင်း မေတ္တာပို့သခြင်း၊ ဓမ္မတေးများ သီဆိုချီးမွမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**သတင်းစဉ်**



ခရစ်တော်မွေးနေ့(ခရစ္စမတ်) အကြိုဝတ်ပြုဆုတောင်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်း အထိမ်းအမှတ် မိတ်ဆုံစားပွဲသို့ တက်ရောက်လာသော နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း က ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ နေအိမ်၌ ကျင်းပသည့် ခရစ်တော်မွေးနေ့(ခရစ္စမတ်) အကြိုဝတ်ပြုဆုတောင်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်းအထိမ်းအမှတ် မိတ်ဆုံစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ခရစ်တော်မွေးနေ့ မိတ်သဟာယ နံနက်စာကို အတူတကွသုံးဆောင်ကြစဉ်။ သတင်းစဉ်

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုချက်ဖြင့် မအူပင် စက်မှုဇုန်စီမံကိန်းအား အကောင်အထည်ဖော်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ မအူပင်စက်မှုဇုန်စီမံကိန်းရှိ ဧရာဝတီရှင်းလင်းဆောင်ခန်းမ၌ အဆိုပါ စက်မှုဇုန်မှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် လုပ်ငန်းရှင်များက မအူပင်စက်မှုဇုန် စီမံကိန်း လက်ရှိဆောင်ရွက်နေသည့် အခြေအနေများ၊ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များအား တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက စီမံကိန်း ဆောလျင်စွာ အကောင်အထည်ဖော်ပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်နှင့် တင်ပြချက်များအားအသေးစိတ် ပြန်လည်ဆွေးနွေး ညှိနှိုင်းခဲ့သည်။

အဆိုပါ စက်မှုဇုန်စီမံကိန်းသည် နိုဝင်ဘာ ၁၀ ရက်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်-မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းမကြီးဘေးတွင် တည်ရှိပြီး ရန်ကုန်မြို့နှင့် ၅၄ မိုင်/၈၇ ကီလိုမီတာ ကွာဝေးသည်။ တိုးမြစ်နှင့် တွံတေးတူးမြောင်းမှတစ်ဆင့် သီလဝါဆိပ်ကမ်းနှင့် ပင်လယ်ပြင်ထွက်ပေါက်သို့ သွားလာနိုင်မည်ဖြစ်ရာ ရန်ကုန်မြို့၊ ပုသိမ်မြို့ အပါအဝင် မြို့ကြီး ၁၀ မြို့နှင့် အချိန်အခါမရွေး သွားလာနိုင်သောလမ်းမကြီးကွန်ရက်အတွင်း တည်ရှိသည်။

စက်မှုဇုန်၏ စုစုပေါင်းအကျယ်အဝန်းမှာ ၂၄၉ ဒသမ ၂၈ ဧက ကျယ်ဝန်းပြီး အဆိုပါဇုန်အတွင်းတွင် ကုန်သွယ်မှုလုပ်ငန်းနေရာများ၊ ချည်မျှင်နှင့် အထည်စက်ရုံများ၊ အကြီးစား စက်ပစ္စည်းနှင့် ဆောက်လုပ်ရေးပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ၊ အသေးစားစက်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများနှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ ပါဝင်မည်ဖြစ်ပါသည်။ စီမံကိန်းကာလမှာ သုံးနှစ်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဖွင့်လှစ်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

◆ *ရှေ့စုံးမှ*

သိမ်မွေ့တယ်၊ ကရုဏာပါတဲ့သူတွေ ဖြစ်ပါတယ်၊ ဒါကြောင့် သူနာပြုဆရာမတွေဟာ ဒီလိုပဲ ဆိုပြီးတော့ နားလည်ခဲ့ရပါတယ်။

**အရေးကြီးတဲ့ ဆေးရုံ**

"သူနာပြုဆရာမတွေကို အင်မတန်မှ လေးစားတယ်၊ တန်ဖိုးထားပါတယ်၊ ဒီအတိုင်းပဲ ပြည်ထောင်စုစိတ်ဓာတ်ဆိုတာဟာ ဘယ်လိုလဲဆိုတာ သိခဲ့ရပါတယ်၊ ဘယ်တိုင်းကလာပါတယ်၊ ဘယ်ပြည်နယ်ကလာပါတယ်ဆိုတာမျိုး ခွဲခြားထားတာ မရှိပါဘူး၊ အချင်းချင်းခွဲခြားပြီးတော့ ဆက်ဆံတာ လုံးဝမရှိပါဘူး၊ ဒီဆေးရုံဟာ ကျွန်မတို့ရဲ့သာမန် ကျန်းမာရေးအတွက်သာ အရေးကြီးတဲ့ ဆေးရုံမဟုတ်ဘဲနဲ့ ကျွန်မတို့ ပြည်ထောင်စုကြီးအတွက် အရေးကြီးတဲ့ ဆေးရုံ၊ ကျွန်မတို့ရဲ့ သူနာပြုများအတွက် အရေးကြီးတဲ့ ဆေးရုံလို့ ဒီလိုပဲ ကျွန်မအမြဲစိတ်ထဲမှာ မှတ်ခဲ့ပါတယ်။

**ကျန်းမာရေးနဲ့ ပညာရေး**

"အဲဒါကြောင့် ဒီကနေ့မှာ မေမေ့နာမည်နဲ့ ဒေါ်ခင်ကြည်ဆေးရုံဆိုပြီးတော့ ပိုမိုပြီးတော့ဖြစ်မြောက်အောင်၊ ထွန်းကားအောင်၊ ပိုပြီးတော့ ပြည်သူတွေရဲ့အကျိုးကို ထမ်းဆောင်နိုင်အောင် ဖြစ်မြောက်အောင်လုပ်ပေးတဲ့ ပုဂ္ဂိုလ်များအားလုံးကို အင်မတန်မှကျေးဇူးတင်ပါတယ်၊ ကျွန်မကိုယ်တိုင်လည်း ဒါတွေကို တန်ဖိုးထားပါတယ်၊ ကျွန်မတို့နိုင်ငံမှာ အခြေခံအားဖြင့် ဖွံ့ဖြိုးရေးအတွက် လိုတာဟာ ကျန်းမာရေးနဲ့ ပညာရေးပါပဲ၊ မကျန်းမာတဲ့နိုင်ငံသူ နိုင်ငံသားတွေဟာ တိုင်းပြည်ကို တိုးတက်အောင်၊ ဖွံ့ဖြိုးအောင်လုပ်နိုင်မှာမဟုတ်ပါဘူး၊ ထိုနည်းတူ ပညာမတတ်တဲ့ နိုင်ငံသူ၊ နိုင်ငံသားများဟာလည်း တိုင်းပြည်ကို တိုးတက်အောင်၊ ကြီးပွားအောင် လုပ်နိုင်မှာမဟုတ်ပါဘူး၊ ပညာမတတ်ဘူးလို့ ပြောတဲ့အခါမှာ ဘွဲ့မရဘူးလို့ ပြောလိုတာ မဟုတ်ပါဘူး၊ ဆင်ခြင်တုံတရား မရှိတာကို ဆိုလိုတာပါ၊ ဒါဟာ အသိုင်းအဝိုင်းနဲ့ဆိုင်ပါတယ်၊ ကျောင်းနေတာနဲ့လည်း မဆိုင်ဘူး၊ ကိုယ့်ရဲ့ လူ့အသိုင်းအဝိုင်းနဲ့ဆိုင်ပါတယ်၊ ဆင်ခြင်တုံတရားဆိုတဲ့အခါမှာ



**တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၏ဇနီး Mrs. Wang Xue Hong နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။**

တစ်ဦးနဲ့တစ်ဦး မှန်မှန်ကန်ကန် ဆက်ဆံတာလည်းပါပါတယ်၊ ဒါကြောင့် သူနာပြုဆရာမလေးတွေဟာ တစ်တိုင်းပြည်လုံးကနေရောက်လာပြီး အားလုံးတစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် နေတာဟာ ကျွန်မတို့ နိုင်ငံအတွက် ပညာပဲလို့ ကျွန်မ ဒီလိုပဲ မှတ်ယူပါတယ်၊ ကျန်းမာရေးကုသတတ်ရုံတင် မဟုတ်ဘူး၊ စိတ်ပိုင်းဆိုင်ရာ ပညာဖြစ်ပါတယ်။

**ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိ**

"ကျွန်မတို့နိုင်ငံဟာ အခုဆိုရင် တက္ကသိုလ်ပညာရေးစနစ်၊ ကျောင်းပညာရေးစနစ်တို့ဟာ နှစ်ပေါင်းများစွာ အားနည်းခဲ့တာကြောင့် တချို့နိုင်ငံတော်တော်များများနဲ့ ယှဉ်လိုက်ရင် နည်းနည်းနောက်ရောက်နေတဲ့ သဘောရှိပါတယ်၊ ဒါတွေဟာ ပြန်ပြီး ပြင်လို့ရပါတယ်၊ အဓိကက စိတ်ဓာတ်ပါ၊ ကျွန်မတို့ဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရမယ်၊ ဝီရိယစိုက်ထုတ်ပြီးတော့မှ တိုးတက်အောင်လုပ်နိုင်တဲ့ အင်အားရှိရပါမယ်၊ ဒါကြောင့် ကျန်းမာရေးကုသမှုဟာ အင်မတန်မှ အရေးကြီးပါတယ်၊ ကျွန်မတို့ရဲ့ သူနာပြုဆရာမများကိုလည်း ကျွန်မအနေနဲ့ အားပေးစကားပြောသလို မေတ္တာရပ်ခံချင်ပါတယ်၊ သူနာပြုဆရာမရဲ့ ကဏ္ဍဟာ အင်မတန်မှ အရေးကြီးပါတယ်၊ ကျွန်မငယ်ငယ်တုန်းက ဆရာဝန်တွေထက် ဆရာမတွေဟာ အရေးကြီးတယ်လို့ မြင်ခဲ့ပါတယ်၊ အခုလည်းပဲ ဒီအတိုင်းပဲ ကျွန်မမြင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုရင် သူနာပြုဆရာမတွေကသာ လူနာတွေကို တကယ့်အနီးကပ်ပြုစုနိုင်တာ၊ လူနာတွေကို အားပေးနိုင်တာကြောင့် ဖြစ်ပါတယ်။

"သူနာပြုဆရာမများဟာ လူနာတွေအပေါ်မှာ တကယ့်ကို ကရုဏာ၊ စေတနာအပြင် ကျန်းမာရေးပညာ ပြည့်ပြည့်စုံစုံနဲ့ ပြုစုမယ်ဆိုရင် ကျေးဇူးတင်မယ့်သူတွေ ကျေးဇူးတင်ရုံသာမက ဒီလိုကုသမှုတွေကြောင့် အင်အားတွေ ပြန်လည်ပြည့်ဝပြီးတော့ နိုင်ငံကို အကျိုးပြုနိုင်မယ့်သူတွေအများကြီး ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။

**စိတ်ဓာတ်တွေ ပိုပြီးကောင်းလာမယ်**

"ဒါကြောင့် အခုဒီဆေးရုံကို အရင်တုန်းက အခြေအနေထက် ပိုပြီးတော့ တိုးတက်အောင်၊ ကောင်းမွန်အောင် ဝိုင်းဝန်းပြီးတော့ လုပ်ဆောင်ပေးတဲ့ ပုဂ္ဂိုလ်များအားလုံးဟာ ဆေးရုံတစ်ရုံအတွက်သာ လုပ်ပေးတာမျိုးမဟုတ်ဘဲနဲ့ ကျွန်မတို့ရဲ့ ကျန်းမာရေးအတွက်၊ ကျွန်မတို့ရဲ့ ပြည်သူတွေအတွက်၊ ပြည်ထောင်စုအတွက် ဝိုင်းဝန်းပြီးတော့ ကူညီဆောင်မ ပေးကြတာလို့ ကျွန်မအနေနဲ့ ယူဆပါတယ်၊ အရင်တုန်းကထက်လည်း ပိုပြီးတော့ ကောင်းလာမယ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၏ ဇနီး Mrs. Wang Xue Hong တို့က ဒေါ်ခင်ကြည်ရုပ်တုအား ဖွင့်လှစ်ပေးကြစဉ်။ သတင်းစဉ်

လို့ ယူဆပါတယ်၊ ဒီလိုပိုပြီးတော့ ကောင်းလာမယ့်အထဲမှာလည်း ကျွန်မတို့ရဲ့ ကျန်းမာရေးဝန်ထမ်းတွေရဲ့ စိတ်ဓာတ်တွေကလည်း ပိုပြီးတော့ ကောင်းလာမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး၏ ဇနီး Mrs. Wang Xue Hongက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**လက်ခံ**

ယင်းနောက် တရုတ်နိုင်ငံ သံအမတ်ကြီး၏ဇနီးက မြန်မာ-တရုတ် ချစ်ကြည်ရေးဆေးရုံအဖြစ် ဒေါ်ခင်ကြည် အမျိုးသမီးဆေးရုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်**

ဆက်လက်၍ တရုတ်နိုင်ငံ သံအမတ်ကြီး၏ ဇနီးက ဆေးရုံပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ အဆင်ပြေမြန်ဆန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းကူညီဆောင်ရွက်ပေးခဲ့သည့် မြန်မာ-တရုတ် ပူးပေါင်းကူညီဆက်ဆံရေးဗဟိုအသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးချောင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံအား အဆင့်မြှင့်တင်ပြုပြင်တည်ဆောက်ပြီး ဆေးရုံသုံးပစ္စည်းကိရိယာများ လှူဒါန်းပေးခဲ့ကြသည့် တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်ကိုယ်စား သံရုံးယာယီတာဝန်ခံ မစ္စလီရှောင်ရန်နှင့် China Foundation For Peace and Development မှ ဥက္ကဋ္ဌ မစ္စတာ ချောင်ကျိုးရှင်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဆေးရုံပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ အဆင်ပြေမြန်ဆန်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက်

*စာမျက်နှာ ၅ သို့*

**"သူနာပြုဆရာမများဟာ လူနာတွေ အပေါ်မှာ တကယ့်ကို ကရုဏာ၊ စေတနာအပြင် ကျန်းမာရေးပညာ ပြည့်ပြည့်စုံစုံနဲ့ ပြုစုမယ်ဆိုရင် ကျေးဇူးတင်မယ့်သူတွေ ကျေးဇူးတင်ရုံသာမက ဒီလို ကုသမှုတွေကြောင့် အင်အားတွေ ပြန်လည်ပြည့်ဝပြီးတော့ နိုင်ငံကို အကျိုးပြုနိုင်မယ့်သူတွေ အများကြီး ထွက်ပေါ်လာမှာဖြစ်"**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများ ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဖွင့်လှစ်ခြင်းအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*
ကြိုးပမ်းကူညီ ဆောင်ရွက်ပေးခဲ့သည့် မြန်မာ-တရုတ် ပူးပေါင်းကူညီဆက်ဆံရေးဗဟိုအသင်းစီနီယာဥက္ကဋ္ဌ ဦးသစ္စာ၊ တည်ဆောက်ပြုပြင်ရေး လုပ်ငန်းများအား အရည်အသွေးကောင်းမွန်စွာ ဆောင်ရွက်ပေးခဲ့သည့် Art Wave Group ကုမ္ပဏီလီမိတက် ဒါရိုက်တာ မစ္စတာဖုန်းဝေစွမ်းနှင့် ဆေးရုံသုံးပစ္စည်းများ တင်သွင်းခြင်းနှင့် ဆေးဘက်ဆိုင်ရာ သင်တန်းများ ပို့ချပေးသည့် China Sinopharm International Corporation မှ အင်ဂျင်နီယာချုပ် မစ္စဖုချောင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဒေါ်ခင်ကြည်ဆေးရုံမှ ဆရာဝန်ကြီးများ၊ သူနာပြုများ၊ကျန်းမာရေးဝန်ထမ်းများနှင့်လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့်လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တရုတ်သံအမတ်ကြီး၏ ဇနီး Mrs. Wang Xue Hongတို့ က ဆေးရုံအားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ဒေါ်ခင်ကြည်ရုပ်တုအား ဖွင့်လှစ်ပေး**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်နိုင်ငံသံအမတ်ကြီး၏ ဇနီး Mrs. Wang Xue Hong တို့က ဆေးရုံရှိ ဒေါ်ခင်ကြည်ရုပ်တုအား ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး ဆေးရုံတက်လူနာများကို အားပေးစကားပြောကြားသည်။

**အသုံးပြုခဲ့**

ဒေါ်ခင်ကြည် အမျိုးသမီးဆေးရုံသည် ယခင်က မီဝပ်ဂျီကိုဝါ(စ်)ဂျီခန်းမ အမည်ဖြင့် ၁၉၃၃ ဩဂုတ် ၂၂ ရက်တွင် အုတ်မြစ်ချတည်ဆောက်ခဲ့ပြီး ၁၉၃၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် အသုံးပြုခဲ့သည်။ ၁၉၄၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် အမျိုးသမီးနှင့် ကလေးများ စောင့်ရှောက်ရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး မီဝပ်ဂျီကိုဝါ(စ်)ဂျီခန်းမ အမည်ကို တာဝါလိန်းအမျိုးသမီးဆေးရုံဟု အမည်ပြောင်းလဲ၍ သားဖွားဆေးရုံအဖြစ် အသုံးပြုခဲ့ကြောင်း သိရသည်။

ထိုစဉ် ဒေါ်ခင်ကြည်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး အဖွဲ့ဝင် ၁၃ ဦးဖြင့် ဆေးရုံ၏ လိုအပ်ချက်များအား တာဝန်ယူစောင့်ရှောက်နေခဲ့ရာမှ ၁၉၄၉ ခုနှစ်တွင် လူမှုဝန်ထမ်းဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန လက်အောက်သို့ ထားရှိခဲ့ကာ နိုင်ငံတော်ဘဏ္ဍာဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျန်းမာရေးစောင့်ရှောက်မှုများပေး**

ဒေါ်ခင်ကြည်လက်ထက်တွင် လူထု၏ အားထားမှုရရှိခဲ့သည့် သားဖွားဆေးရုံဖြစ်ခဲ့ကြောင်း သိရသည်။ ယခုအခါ ဆေးရုံပြုပြင်မှုလုပ်ငန်းများ ပြီးစီးပြီဖြစ်သည့်အတွက် ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံအဖြစ် ပြန်လည်ဖွင့်လှစ်ကာ ကိုယ်ဝန်ဆောင်နှင့် သားဖွားလူနာများအား ကျန်းမာရေးပြုစုစောင့်ရှောက်ခြင်း၊ ရိုးရိုးမွေးဖွားခြင်း၊ လေစုပ်မွေးဖွားခြင်း၊ ခွဲစိတ်မွေးဖွားခြင်း၊ သားဆက်ခြားခြင်းနှင့် မွေးကင်းစကလေး ပြုစုစောင့်ရှောက်ခြင်း စသည့်ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံကို အဆင့်မီစွာ ပြန်လည်ဖွင့်လှစ်နိုင်ခြင်းကြောင့် ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံကြီးများ၏ လုပ်ငန်း ဆောင်ရွက်မှုများကိုလည်း လျှော့ချပေးနိုင်မည် ဖြစ်သည့်အပြင် မြန်မာနိုင်ငံ အနှံ့အပြားတွင် အခြေခံကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်သော ကျွမ်းကျင်သားဖွားဆရာမများကို လက်တွေ့သင်ကြား မွေးထုတ်ပေးနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**ကန်ဒေါ်လာ နှစ်သန်းကုန်ကျ**

ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံကို ယခုအဆင့်မြှင့်တင် ပြုပြင်တည်ဆောက်ခြင်းနှင့် ဆေးပစ္စည်းကိရိယာများ ဖြည့်ဆည်းခြင်းအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ နှစ်သန်း ကုန်ကျကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီး၏ဇနီးနှင့် တာဝန်ရှိသူများ၊ မြန်မာ-တရုတ် ပူးပေါင်းကူညီဆက်ဆံရေးဗဟိုအသင်းမှ တာဝန်ရှိသူများ၊ ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

# နေပြည်တော် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီးမှ အခမဲ့ကွင်းဆင်းကုသပေး

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး နေပြည်တော်မှ အခမဲ့ကွင်းဆင်း၍ ဆေးကုသပေးမှုကို ယနေ့ နံနက် ၁၀ နာရီက ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာအုပ်စု ဝဲကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ ဓမ္မာရုံ၌ ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

ထိုသို့ ကွင်းဆင်းဆေးကုသမှုပြုရာတွင် နေပြည်တော် ခုတင် ၁၀၀ဆံ့ တိုင်းရင်းဆေးရုံကြီးမှ အကြီးတန်းတိုင်းရင်းဆေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမော်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြတ်နှင့် ဝန်ထမ်းများက ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမိုးဆွေနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၏ ပံ့ပိုးကူညီမှုဖြင့် ဒေသခံများ ခံစားနေရသော ခါးနာ၊ ဒူးနာ၊ ကလေးသူငယ်နာ၊ အနာပေါက်၊ အကြော၊ အရိုး၊ အဆစ်၊ လေဖြတ်၊ လေငန်း စသည့်ရောဂါများကို အခမဲ့ ကုသဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ရမည့် လူနာများအား ညွှန်းပို့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ ထာဝရတည်တံ့ခိုင်မြဲရေး

■ ဦးအောင် (ရွှေပေါက်ကံ)

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော လွတ်လပ်ရေးနေ့သည် နှစ် (၇၀)ပြည့် အောင်ပွဲသဘင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကိုလိုနီနယ်ချဲ့ဗြိတိသျှတို့၏ လက်အောက်မှ လွတ်မြောက်ကာ လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ပြန်လည်ရပ်တည်နိုင်ခဲ့သည်။

ဤနေ့ ဤရက်သည် ကျွန်ုပ်တို့ ပြည်ထောင်စုသားအားလုံးအတွက် ကျက်သရေမင်္ဂလာအပေါင်း ခညောင်းပြည့်စုံသော နေ့ထူးနေ့မြတ် ဖြစ်ပေသည်။

## ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့်

ကျွန်ုပ်တို့၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် ဘီစီ ၃ ရာစုခန့်မှစ၍ ပဒေသရာဇ်နိုင်ငံများထူထောင်ကာ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် ကိုယ်မင်းကိုယ့်ချင်း၊ ကိုယ့်လူမျိုးနှင့် အုပ်ချုပ်နေထိုင်လာခဲ့သည်မှာ ပုဂံခေတ်၊ တောင်ငူခေတ်နှင့် ကုန်းဘောင်ခေတ်အထိ ခေတ်အဆက်ဆက် နှစ်ပေါင်းထောင်နှင့်ချီ၍ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် အထင်ကရ ရပ်တည်လာခဲ့သော နိုင်ငံဖြစ်သည်။

## လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်း

ဤကဲ့သို့ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် လွတ်လပ်စွာ နေထိုင်လာခဲ့ရာမှ ကျွန်ုပ်တို့နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် အရှေ့တောင်အာရှ အင်ဒိုချိုင်းနားကျွန်းဆွယ်များအကြား ပထဝီနိုင်ငံရေးရာ သော့ချက်ဖြစ်ကာ အချက်အချာကျကျ တည်ရှိနေမှု၊ ရေမြေ တောတောင် သဘာဝအလှအပ၊ ရာသီဉတု၊ မြေမျက်နှာသွင်ပြင် ပထဝီအနေအထား ညီညွတ်မျှတကောင်းမွန်မှု၊ စိုက်ပျိုးရန် မြေ၊ စားကျက်မြေများ ပေါများပြီး စိုက်ပျိုးရေးဖြစ်ထွန်းကာ စပါး၊ ကောက်နှံ၊ ပတ္တမြား၊ ကျောက်သံတွင်းထွက် သယံဇာတပစ္စည်းများ ပေါကြွယ်ဝမှု အဖိုးတန် ကျွန်းသစ်၊ ရေနံသဘာဝပေါများကြွယ်ဝမှုစသည်တို့ကို အငမ်းမရ မျက်စိကျကာ ကျွန်ုပ်တို့နိုင်ငံအား သိမ်းပိုက်ရန် ရာစုနှစ်ချီ၍ မဟာဗျူဟာစီမံပြင်ဆင်ထားသော ဗြိတိသျှကိုလိုနီနယ်ချဲ့တို့သည် စစ်ပွဲကြီးသုံးကြိမ်ဆင်နွှဲ၍ မတရားကျူးကျော် တိုက်ခိုက်လာခဲ့သည်။

၁၈၂၄-၂၆ ခုနှစ် ပထမအင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီးတွင် အာသံ၊ မဏိပူရ၊ ရခိုင်နှင့် တနင်္သာရီနယ်များသည် လည်းကောင်း၊ ၁၈၅၂ ခုနှစ် ဒုတိယအင်္ဂလိပ်- မြန်မာစစ်ပွဲအပြီးတွင် မုတ္တမ၊ ပဲခူး၊ ရန်ကုန်၊ ပြည်၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများသည်လည်းကောင်း ဗြိတိသျှတို့လက်အောက်သို့ ကျရောက်ခဲ့သည်။ ၁၈၈၅ ခုနှစ် တတိယအင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီးတွင် မန္တလေးနေပြည်တော်ကို ဗြိတိသျှတို့က သိမ်းပိုက်ပြီး မြန်မာဘုရင် သီပေါမင်းအား ဖမ်းဆီးခေါ်ဆောင်သွားကြသည်။ ထိုအချိန်မှစ၍ မြန်မာ့လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးကာ မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝ ကျရောက်ခဲ့ရလေသည်။

ဤတတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲသည် ၁၄ ရက်ခန့်သာ ကြာသည်။ ထို့ကြောင့် လွတ်လပ်ရေးဆုံးရှုံးရသည်မှာ ရက်သတ္တနှစ်ပတ်အတွင်း တခဏတာလေးမျှသာဖြစ်သည်ဆိုသည်ကို ပြည်ထောင်စုသားအားလုံး မမေ့အပ်ဘဲ လေ့လာမှတ်သားသင်ခန်းစာ ယူထားကြရန် ဖြစ်သည်။

သူ့ကျွန်ဘဝတွင် နှစ်ပေါင်း ၁၂၀ ကျော်ကြာ နေခဲ့ရသည်။ ကျွန်ဘဝတွင် ကျွန်ုပ်တို့ ပြည်ထောင်စုသားအားလုံး ကိုလိုနီနယ်ချဲ့၏ မတရားဖိနှိပ် ချုပ်ချယ်အုပ်ချုပ်မှုများကို ခါးစည်းခံခဲ့ရသည်။ သယံဇာတပစ္စည်းများ ဆုံးရှုံးခဲ့ရသည်။

လူမျိုးဘာသာ၊ သာသနာကို စော်ကားဖျက်ဆီးခံရသည် လူမှုရေးနှင့် လူ့အခွင့်အရေးများ လွှမ်းမိုးချယ်လှယ် နှိပ်ကွပ်ခံရသည်။ အမျိုးသားစည်းလုံးညီညွတ်ရေး ပျက်ပြားအောင် တောင်ပေါ်မြေပြန့် ခွဲခြားအုပ်ချုပ်သည့်စနစ် ကျင့်သုံးကာ တိုင်းရင်းသားအချင်းချင်း သွေးခွဲ၊ ရန်တိုက်ပေးပြီး ပြည်တွင်းစစ်မီးမွှေးပေးခဲ့သည်။ ထိုမီးမှာ ယခုတိုင် မငြိမ်းနိုင်သေး၍ ငြိမ်းသတ်နေရဆဲ ဖြစ်သည်။

## လွတ်လပ်ရေးပြန်လည်ရရှိခြင်း

သို့ရာတွင် ကျွန်ုပ်တို့ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ ဗီဇလက္ခဏာများအရ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်၊ သူ့ကျွန်အဖြစ် နွံနစ်မခံလိုသည့် စိတ်ဓာတ်တို့ကို အရင်းခံ၍ နယ်ချဲ့ဗြိတိသျှတို့၏ ပထမကျူးကျော်စစ်ကာလကပင် တစ်စိတ်တစ်ဒေသ ဆုံးရှုံးခဲ့ရသော မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိစေရန်အတွက် လက်နက်ကိုင်တော်လှန်ရေးများ ဆင်နွှဲခဲ့ရသည်။ ဗြိတိသျှလက်အောက်ကျရောက်သည့်ဒေသများမှ တိုင်းရင်းသားများ ပူးပေါင်းလက်တွဲကာ ရရာလက်နက်ကိုင်ဆွဲ၍ တွန်းလှန် တိုက်ခိုက်ခဲ့ကြသည်။ ၁၈၂၆ ခုနှစ်မှ စတင်ခဲ့သော မြန်မာ့လွတ်လပ်ရေးသမိုင်းသည် လက်နက်ကိုင်တိုက်ပွဲနှင့် နိုင်ငံရေးတိုက်ပွဲအသွင် အမျိုးမျိုးကူးစက်ကာ လက်ဆင့်ကမ်းဆက်လက်တိုက်ပွဲဝင်ခဲ့မှုကြောင့် လွတ်လပ်သော လူမျိုး အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ပြန်လည်ရပ်တည်နိုင်ခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှ ပြန်ပြောင်းတွက်စစ်လျှင် နှစ်ပေါင်း ၁၂၀ ကျော် ကြာညောင်းခဲ့သည်။

## သည်းပွတ်နှလုံးပမာ

လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည်မှာ ကျွန်ုပ်တို့ ပြည်ထောင်စုသားများအတွက် သည်းပွတ်နှလုံးပမာ တန်ဖိုးထားရသည့်အချက်ဖြစ်သည်။ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးသွားလျှင် သူ့ကျွန်ဘဝ ပြန်ရောက်သွားမှာပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် နှစ်ပေါင်း ၂၀၀၀ ကျော် ကိုယ့်အမျိုးသားခေါင်းဆောင်၊ ကိုယ့်တရားဥပဒေနှင့် ကိုယ့်ယဉ်ကျေးမှုဖြင့် ထည်ထည်ဝါဝါနေလာခဲ့ရာမှ ၁၉ ရာစု အကုန်တွင် ကျွန်ဘဝသို့ ကျရောက်ခဲ့ပြီး နှစ်ပေါင်း ၁၂၀ ကျော် ရုန်းကန်တိုက်ပွဲဝင်ပြီးမှ လွတ်လပ်ရေးပြန်လည်ရရှိခဲ့သဖြင့် လွတ်လပ်ရေး ဆုံးရှုံးရခြင်းမှာ ရက်သတ္တ နှစ်ပတ်အတွင်း အရေးနိမ့်သွားရာမှ စခဲ့သော်လည်း ဆုံးရှုံးသွားသော လွတ်လပ်ရေးပြန်လည်ရရှိရန်အတွက် နှစ် ၁၀၀ကျော်တော်လှန်ခဲ့ရသည်ကို ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားညီအစ်ကို မောင်နှမများ မမေ့အပ်ပေ။

## တန်ဖိုးမဖြတ်နိုင်သော အောင်ပန်း

ကျွန်ုပ်တို့ပြန်လည်ရရှိသော လွတ်လပ်ရေးသည် အလွယ်တကူဖြင့် ရယူနိုင်ခဲ့ခြင်းမဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ မိဘဘိုးဘွားများ၏ အသက်၊ သွေး၊ ချွေးမြောက်မြားစွာ စတေးပြီး အလွန်တရာခက်ခဲပင်ပန်းစွာ ကြိုးပမ်းအားထုတ် ရုန်းကန်လှုပ်ရှားပြီး တိုက်ယူခဲ့ရသော လွတ်လပ်ရေးဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း စွန့်စားကြိုးပမ်း၍ ဆွတ်ခူးရယူခဲ့ရသော တန်ဖိုးမဖြတ်နိုင်သည့် အောင်ပန်းဖြစ်သည်။

## လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး

ကျွန်ုပ်တို့၏ မိဘဘိုးဘွားများ၏ အသက်၊ သွေး၊ ချွေး မြောက်မြားစွာ ရင်းနှီးရယူခဲ့သော မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် ပြည်ထောင်စုသားအားလုံး၏ သည်းပွတ်နှလုံးပမာဖြစ်သဖြင့် ထိုလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်းဟူသော သည်းပွတ်နှလုံးသက်ဝင်ရှင်သန်နေမှသာ (ဝါ) တည်တံ့ခိုင်မြဲနေမှသာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာနိုင်မည် ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့သည် သမိုင်းအစဉ်အလာကောင်းခဲ့သည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်မှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို မဏ္ဍိုင်ပြုကာ ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်လာခဲ့သဖြင့် ကျွန်ုပ်တို့၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် ယခုကဲ့သို့ နှစ် ၇၀ တိုင် တည်တံ့ခိုင်မြဲနေခြင်း ဖြစ်သည်။ ကျွန်ုပ်တို့၏ခေတ်တွင်သာမက အစဉ်ထာဝရ တည်တံ့ခိုင်မြဲနေအောင် ဤအစဉ်အလာကောင်းများနှင့်အညီ စည်းလုံးညီညွတ်စွာ လက်ဆင့်ကမ်း ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားရမည်မှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ မွေးရာပါတာဝန်(ဝါ) သမိုင်းပေးတာဝန်ဖြစ်သည်။

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် မိမိနိုင်ငံသား၊ မိမိလူမျိုးများ၏ လက်တွင်းမှာပင်ရှိနေရမည်။ မည်သည့် တိုင်းတစ်ပါးသားတို့၏လက်ထဲကိုမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မထည့်ထားရ။ မိမိနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကို သူတစ်ပါးက တစ်နည်းနည်းဖြင့် ဩဇာလွှမ်းမိုးနေပြီဆိုပါက ဤကိစ္စသည် ကိုလိုနီလက်သစ်ဝါဒအရ သွယ်ဝိုက်သောနည်းဖြင့် ကျွန်ပြုခြင်းခံနေရပြီဟု မှတ်ရပေမည်။

## အားကိုးဖွယ်ရာ အစစ်အမှန်

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ အစဉ်ထာဝရ တည်တံ့ခိုင်မြဲနေရန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အမျိုးသားစည်းလုံးညီညွတ်မှုအင်အားဖြင့်သာ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းနိုင်မည်ဖြစ်၍ ကျွန်ုပ်တို့ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံး စည်းလုံးညီညွတ်နေကြရပေမည်။ တွဲလက်များ ခိုင်မြဲနေကြရမည်။ လျှော်တိလျှော်ရဲစည်းထားသော ထင်းစည်းကို တစ်ချောင်းချင်း လွယ်ကူစွာ ဆွဲထုတ်ချိုးဖဲ့နိုင်သော်လည်း တင်းကျပ်ခိုင်ခံ့စွာ ချည်နှောင်ထားပါက ချိုးဖဲ့ဖျက်ဆီးရန် မလွယ်ကူသကဲ့သို့ သိပ်သည်းကျစ်လျစ်စွာ စည်းလုံးနေကြရပေမည်။ နွားကွဲလျှင် ကျားဆွဲမည်။ ကျားဆွဲမခံရစေရန် ကျွန်ုပ်တို့ ရေပက်မဝင်အောင်၊ ကြားလေသွေး၍မရနိုင်အောင် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညာခိုင်မြဲစွာ လက်တွဲထားကြရပေမည်။ မိမိတို့အားသည် မိမိတို့ပြည်တွင်းမှာသာရှိသည်ဆိုသည့်အတိုင်း ထိုအင်အားသည်သာ အားကိုးဖွယ်ရာ အစစ်အမှန်ဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံသည် ခိုင်မာသည့် ရည်မှန်းချက်ဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးကို အကောင်အထည်ဖော်

**" လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် မိမိနိုင်ငံသား၊ မိမိလူမျိုးများ၏ လက်တွင်းမှာပင် ရှိနေရမည်။ မည်သည့် တိုင်းတစ်ပါးသားတို့၏လက်ထဲကိုမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မထည့်ထားရ။ မိမိနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို သူတစ်ပါးက တစ်နည်းနည်းဖြင့် ဩဇာလွှမ်းမိုးနေပြီဆိုပါက ဤကိစ္စသည် ကိုလိုနီလက်သစ်ဝါဒအရ သွယ်ဝိုက်သောနည်းဖြင့် ကျွန်ပြုခြင်း ခံနေရပြီဟု မှတ်ရပေမည် "**

## ၂၀၁၈ ခုနှစ် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး" ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့် အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

ဆောင်ရွက်လျက်ရှိရာ ထိုရည်မှန်းချက် ပေါက်မြောက်အောင်မြင်နိုင်ရန်မှာလည်း ပြည်သူတို့၏ အမျိုးသားစည်းလုံးမှုအင်အားသည်သာ အားအကိုးရဆုံးဖြစ်သည်။

## ထာဝရတည်ငြိမ်အေးချမ်းရေး

ထို့ကြောင့်ပင် လက်ရှိနိုင်ငံတော်အစိုးရသည် ပြည်သူတို့၏ အမျိုးသားစည်းလုံးမှုအင်အားတောင့်တင်းခိုင်မာလာစေရန် နိုင်ငံတော်အတွင်း ထာဝရတည်ငြိမ်အေးချမ်းမှုရှိနေရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တစိုက်မတ်မတ် အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ဆောင်နေသည်မှာ အားလုံးအသိပင် ဖြစ်သည်။

လက်ရှိအနေအထားတွင် ယင်းလုပ်ငန်းနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် ကော်မတီအသီးသီးတို့၏ ကြိုးပမ်းလုပ်ဆောင်မှုများကြောင့် ယခုအခါ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးနိုင်ရေးအတွက် လက်တစ်ကမ်းအလိုရောက်လာပြီဖြစ်ကြောင်း သိရသဖြင့် ငြိမ်းချမ်းရေးအတွက် အားတက်ဖွယ်ရာ ဖြစ်ပေသည်။ NCA လက်မှတ်မထိုးရသေးသော ကျန်တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အနေဖြင့်လည်း **"၂၁ ရာစုပင်လုံ ညီလာခံရဲ့ နိုင်ငံရေးဆွေးနွေးပွဲတံခါးကို အစဉ်အမြဲဖွင့်ထားကြောင်းနှင့် ဘယ်တော့မဆို ငြိမ်းချမ်းရေးနယ်ထဲမှာ ပါဝင်လာချင်တဲ့ အစုအဖွဲ့တွေကို ကြိုဆိုပါတယ်"** ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဖိတ်ခေါ် ပြောကြားထားပြီးဖြစ်သည့်အလျောက် မကြာမီကျင်းပတော့မည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ၏ တတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်ပြီး နိုင်ငံရေးဆွေးနွေးမှုများ ပြုလုပ်သွားနိုင်ရန် ပြည်ထောင်စုအရေး မြော်တွေးပြီး NCA လက်မှတ်ရေးထိုးကြရန် လိုအပ်ပေသည်။ ထိုသို့လက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးမှုများ ပြုလုပ်ရာတွင်လည်း မိမိတို့၏ ပါတီစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲများ ဖယ်ရှားပြီး ဒေသအကျိုးနှင့် နိုင်ငံတော်၏အကျိုးအတွက် အလေးထားကာ အကျေအလည် အပြန်အလှန် ညှိနှိုင်းဆွေးနွေး အဖြေရှာကြံရန် လိုအပ်ပေမည်။

## ငြိမ်းချမ်းရေးသည်သာ အခရာနှင့် အရေးကြီးဆုံး

**"ငြိမ်းချမ်းရေးရရှိမှ မိမိတို့ပြည်သူလူထု၏ စိတ်နှလုံး ချမ်းသာနိုင်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် အတိတ်ကို သင်ခန်းစာယူရမည်ဖြစ်ကြောင်း၊ မိမိတို့ပြည်သူလူထုတိုးတက်နိုင်ရန်မှာ ရေရှည်တွင် ငြိမ်းချမ်းရေးမရှိဘဲနှင့် စီးပွားရေးကို မည်သို့မျှ ထိန်းသိမ်းထားနိုင်မည်မဟုတ်ပါကြောင်း၊ စီးပွားရေး မည်မျှတိုးတက်သည်ဖြစ်စေ ငြိမ်းချမ်းရေးမရှိလျှင် စီးပွားရေးပြိုလဲသွားနိုင်ပါကြောင်း"** ဟု ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် အသက်တမျှ အရေးကြီးပေသည်။ ပြည်ထောင်စုတိုင်းရင်းသား အားလုံးသည် ဤမြေတွင်နေပြီး တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမအရင်းအချာများဖြစ်ကြပြီး ရှေးပဝေသဏီကာလကတည်းက မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ အတူတကွပူးပေါင်းနေထိုင်လာခဲ့ကြကာ တစ်ဦးပေါ်တစ်ဦး ကူညီစောင့်ရှောက်ခဲ့ကြသူများဖြစ်သည့်အလျောက် အားလုံးစည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး ခိုင်မာသာယာဝပြောပြီး ရေရှည်တိုးတက်နေစေရန် ငြိမ်းချမ်းရေးနှင့် ထူထောင်ရေးလုပ်ငန်းများတွင် အတူပါဝင်လက်တွဲ၍ ဝိုင်းဝန်းလုပ်ဆောင်ကြရပေမည်။

*စာမျက်နှာ ၇ သို့*

# စစ်တက္ကသိုလ်တွင် ပညာသင်ကြားပေးခဲ့သည့် ဆရာကြီး၊ ဆရာမကြီးများ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

စစ်တက္ကသိုလ်တွင် စာပေပညာ၊ စစ်ပညာများ သင်ကြားပေးခဲ့သည့် စစ်ဘက်၊ နယ်ဘက်ဆရာကြီး၊ ဆရာမကြီးများအား စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉)တို့၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားတောင်ဘက်မုခ်ရှိ တပ်မတော်ခမ္မာရုံတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ စစ်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် စစ်ဘက်၊ နယ်ဘက်၊ ဆရာကြီး၊ ဆရာမကြီးများ ၉၀ တက်ရောက် ကန်တော့ခံကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ တာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစားကျောင်းဆင်း အရာရှိများ တက်ရောက်ကြသည်။

**ကန်တော့ပန်းဆင်စာလွှာ ဖတ်ကြား**

ရှေးဦးစွာ ကျောင်းဆင်းအရာရှိ များကိုယ်စား ဗိုလ်မှူးချုပ်တင်ဦး (အငြိမ်းစား) က အာစရိယပူဇော်ပွဲ အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေထံမှပေးပို့သည့် ကန်တော့ပန်းဆင်စာလွှာအား ဗိုလ်မှူးကြီးရှုမောင်က လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ကန်တော့ပန်းဆင်စာလွှာအား ဗိုလ်မှူးကြီး အေးသော်က လည်းကောင်း အသီးသီး ဖတ်ကြားကြသည်။

**ဩဝါဒစကားချီးမြှင့်**

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉) ကျောင်းဆင်းအရာရှိများက ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများအား လက်အုပ်ချီမိုး၍ ထုံးတမ်းစဉ်လာနှင့်အညီ ရိုသေစွာ ကန်တော့ကြရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးတို့ကိုယ်စား ဗိုလ်မှူးကြီး သိန်းမြင့် (အငြိမ်းစား)က ဩဝါဒစကားချီးမြှင့် ပြောကြားသည်။

ထို့နောက် ဂါရဝပြု ကန်တော့လက်ဆောင်ပစ္စည်းများအား ဆရာကြီး၊ ဆရာမကြီးများထံ ကျောင်းဆင်းအရာရှိများက သင်တန်းအမှတ်စဉ် အလိုက် ရိုသေစွာ ပေးအပ်ကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ရင်းရင်းနှီးနှီး ဂါရဝပြုနှုတ်ဆက်သည်။ ယင်းနောက် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့်အတူ သင်တန်းအမှတ်စဉ်အလိုက် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဂါရဝပြုနှုတ်ဆက်

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကန်တော့ခံ ဆရာကြီး၊ဆရာမကြီးများအား ရင်းရင်းနှီးနှီး ဂါရဝပြုနှုတ်ဆက်စဉ်။**

သတင်းစဉ်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နေအိမ်သို့ Catholic Kachin YouthYangon ဓမ္မတေးအဖွဲ့လာရောက်၍ ခရစ္စမတ် ဓမ္မတေးသီချင်းများသီဆိုပြီး ငြိမ်းချမ်းရေးဆုတောင်းစကားများ ဂုဏ်ပြုပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၂၃**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏နေအိမ်သို့ ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ Catholic Kachin Youth Yangon (CKYY) ဓမ္မတေးအဖွဲ့ လာရောက်၍ ခရစ္စမတ်ဓမ္မတေးသီချင်းများ သီဆိုပြီး ငြိမ်းချမ်းရေး ဆုတောင်းစကားများ ဂုဏ်ပြုပြောကြားသည်။

ဦးစွာဓမ္မတေးအဖွဲ့က ခရစ္စမတ် ဓမ္မတေးသီချင်းနှင့် ငြိမ်းချမ်းရေးတေးသီချင်းများ သီဆိုကြသည်။ ယင်းနောက် Catholic Kachin Youth Yangon (CKYY) ဓမ္မတေး အဖွဲ့ခေါင်းဆောင် ဒေါ်ဆွမ်လွတ်ဆိုင် ခေါန်က ငြိမ်းချမ်းရေး ဆုတောင်းစကား ပြောကြားသည်။

ထို့နောက်ဓမ္မတေးအဖွဲ့က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့အား ခရစ္စမတ်လက်ဆောင်များ ပေးအပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဓမ္မတေးသီချင်းများ သီဆိုရာတွင် အသုံးပြုနိုင်ရန်အတွက်လိုအပ်သည့် တူရိယာပစ္စည်းနှင့် အလှူငွေများ၊ စားသောက်ဖွယ်ရာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က Catholic Kachin Youth Yangon (CKYY) ဓမ္မတေးအဖွဲ့အား နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် မိသားစုက ဓမ္မတေးအဖွဲ့အား စားသောက်ဖွယ်ရာများနှင့် တည်ခင်းဧည့်ခံပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ထိုသို့လုပ်ဆောင်ရာတွင် တိုင်းရင်းသားတစ်မျိုးချင်း အစွဲမထားဘဲ တိုင်းရင်းသား အားလုံး၏ အစုအပေါင်းဖြစ်သော "မြန်မာ" ဟူသော စိတ်ထားပြီး လူမျိုးရေးကို မတွေးဘဲ အမျိုးသားရေးကိုသာ စွဲမြဲစွာ တွေးတောလုပ်ဆောင်ကြရန် လိုအပ်ပေသည်။

တိုင်းပြည်၏ စီးပွားတိုးတက်ရေးဆိုသည်မှာ တစ်ပြည်လုံးအတိုင်းအတာနှင့် ဆက်စပ်နေပေသည်။ တစ်နေရာတွင် မငြိမ်းချမ်းဘဲ အခက်အခဲအဟန့်အတားများ ကြုံတွေ့နေရလျှင် အခြားဒေသများအတွက် အနည်းနှင့်အများဆိုသလို ဆက်စပ်ထိခိုက်ရသည်များ ရှိသည့်အတွက် နိုင်ငံရေရှည်တိုးတက်ရန် ငြိမ်းချမ်းရေးသည် မဖြစ်မနေရယူရမည့် ကိစ္စဖြစ်သည်။ တိုင်းပြည်ထာဝရတည်ငြိမ်အေးချမ်းနေမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဇောက်ချအကောင်အထည်ဖော် လုပ်ဆောင်နိုင်ခြင်းဖြင့် လူမှုစီးပွားဘဝများ တိုးတက်မြင့်မားကာ လူတစ်ဦးချင်းစီ၏ ဝင်ငွေများကောင်းလာခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ ခံစားမှုများ (Spiritual and Mental Well-being) အနေဖြင့် လူတိုင်းလူတိုင်း ဥစ္စာခနေပေါကြွယ်ဝပြီး ကြည်သာချမ်းမြေ့ လိုတိုင်းပြည့်နေကြသဖြင့် စိတ်ချမ်းသာမှုအပြည့်အဝရရှိကာ အစဉ်ထာဝရနှလုံးစိတ်ဝမ်းအေးချမ်းနေကြခြင်းကြောင့် တိုင်းပြည်သည် အလိုအလျောက် တည်ငြိမ်အေးချမ်းပြီးဖြစ်သွားပေမည်။ ထို့ကြောင့် ငြိမ်းချမ်းရေးသည်သာ အခရာ၊ ငြိမ်းချမ်းရေးသည်သာ အရေးအကြီးဆုံးဟု ဆိုရပေမည်။

**ဝိုင်းဝန်းတည်ဆောက်**

ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စေရန် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းလုပ်ဆောင်သင့်ပေသည်။ ယခုအခါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး အောင်မြင်ပြီး နိုင်ငံသူ နိုင်ငံသားများ စိတ်ချမ်းသာရေးကို ရည်မျှော်ကာ ရဟန်း ရှင်လူ ပြည်သူအပေါင်းကပါ တစ်ဖက်တစ်လမ်းက ပါဝင်လုပ်ဆောင်လာကြသည်ကို တွေ့ရပေသည်။ ရန်ကုန်မြို့တွင် ပြုလုပ်သော ဘာသာပေါင်းစုံငြိမ်းချမ်းရေး ဆုတောင်းပွဲများ၊ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် ပြည်ထောင်စုနယ်မြေမှ ပြည်သူများ၏ ထောက်ခံပွဲများ၊ ငြိမ်းချမ်းရေးဂီတပွဲများအပြင် ၁၀-၁၁-၂၀၁၇ ရက်တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပသော သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါး စုံညီ ပန္နရသမ အစည်းအဝေး ပထမနေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးကလည်း နိုင်ငံအတွင်း ညီညွတ်အေးချမ်းမှုများရရှိအောင် အေးချမ်းဖွံ့ဖြိုးတိုးတက်သော လူသားအဖြစ်ရှင်သန်နေထိုင်ခွင့်ရရှိအောင် ဘုရားတပည့်တော်များက ဓမ္မဝိနယနှင့်အညီ ကူညီပံ့ပိုးဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း အစည်းအဝေးသို့ကြွရောက်သော ဆရာတော် သံဃာတော်ကြီးများအား လျှောက်ထားချက်စသည်တို့မှာ ငြိမ်းချမ်းရေးအတွက် အားတက်ဖွယ်ရာများ ဖြစ်ပေသည်။

ကျွန်ုပ်တို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များစွာအား ချဉ်းကပ်ဇောင်းပေး ဆောင်ရွက်နိုင်ရေးအတွက် ညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုတို့သည် မရှိမဖြစ် အခြေခံကျသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ပြီး ဖွံ့ဖြိုးမှုနှင့် သက်ဆိုင်သည့် ပါဝင်ပတ်သက်သူများအားလုံးတို့ ပူးပေါင်းပါဝင်ရန် လိုအပ်လျက်ရှိပေသည်။

ထို့ပြင် ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်နေခဲ့ရသည့် နိုင်ငံတော်တစ်ခုဖြစ်သည်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာဆောင်ရွက်ရန် လိုအပ်နေသေးသည်ဖြစ်ရာ စုစည်းညီညွတ်မှု၊ ပေါင်းစည်းမှု၊ စိတ်ရှည်သည်းခံမှု၊ ဒီမိုကရေစီ၏ အနှစ်သာရအား စည်းကမ်းရှိစွာဖြင့် လက်တွေ့ကျင့်သုံးနိုင်မှုနှင့်အတူ အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် အကျိုးရလဒ်နှင့် ဖွံ့ဖြိုးမှုများ ဖြစ်ပေါ်စေရေးအတွက် အခြားကမ္ဘာ့နိုင်ငံများနှင့်အတူ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပေသည်။ နိုင်ငံအား ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်တွင် တုံ့ဆိုင်းခြင်းမရှိစေဘဲ ခပ်သော့သော့နှင့် အရောက်လှမ်းနိုင်ရေးမှာ အရေးပါလှပေသည်။

သို့ဖြစ်သောကြောင့် တိုင်းရင်းသားပြည်သူအပေါင်းတို့သည် အတိတ်ကာလက ဆိုးမွေများကို ပယ်ဖျောက်ပြီး တစ်ဦးနှင့် တစ်ဦး လူမျိုးတစ်မျိုးနှင့်တစ်မျိုး စစ်မှန်သည့် ပြည်ထောင်စုသားများဖြစ်ကြသည်ဆိုသည့် ခံယူချက်နှင့် စိတ်ထားများ မွေးမြူကာ အနာဂတ် နိုင်ငံတော်သစ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးအတွက် ညီညီညွတ်ညွတ် ယုံယုံကြည်ကြည်ဖြင့် ဝိုင်းဝန်း တည်ဆောက်သွားကြရမည်ဖြစ်သည်။

**နိုင်ငံတော်ကာကွယ်ရေးအင်အားစုကြီး**

အထက်ဖော်ပြပါ အမျိုးသားရေးလုပ်ငန်းစဉ်များ ပေါက်မြောက်အောင်မြင်လာပါက ကြွယ်ဝချမ်းသာ ခိုင်မာပြည့်ဝသော ပြည်ထောင်စုကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ထည်ဝါစွာ ရပ်တည်နေနိုင်မည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားကာ ငြိမ်းချမ်းသာယာသော ဘဝကို ပိုင်ဆိုင်နိုင်ကြခြင်းဖြင့် တစ်စုတည်းသော နိုင်ငံတော်ကာကွယ်ရေးစွမ်းအားစုကြီး ဖြစ်တည်ပေါ်ပေါက်လာပြီး နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝရတည်တံ့ခိုင်မြဲနေအောင် အင်အားပြည့် စွမ်းအားများဖြင့် ကာကွယ်ထိန်းသိမ်းသွားနိုင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံအပေါ် ကျရောက်လာမည့် အန္တရာယ်ရန်စွယ်ဟူသမျှကိုလည်း တွန်းလှန်ဖယ်ရှားသွား နိုင်မည်ဖြစ်ပါကြောင်း နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အောင်ပွဲ ကြီးကို ဂုဏ်ပြုကြိုဆိုလိုက်ရပေသည်။ ။

## နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အကြို ဆေးရောင်ခြယ်ပြိုင်ပွဲ ကမာရွတ်၌ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၃** - ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို Community Centre အဖြစ် ပုံဖော်ဆောင်ရွက်မှုတစ်ရပ်အဖြစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အကြိုအထိမ်းအမှတ် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ကမာရွက် အင်းစိန်လမ်းမ အနော်ရထာအိမ်ရာဝင်းအတွင်းရှိ အဆိုပါရုံးခန်းမတွင် ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ကမာရွတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော် ဦး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်လှနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်စိမ်းလဲ့တို့က ဆေးရောင်ခြယ်ပြိုင်ပွဲဝင် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူလေးများကို ဂုဏ်ပြုဆုအမှတ်တရလက်ဆောင်များ ချီးမြှင့်ကြသည်။ အဆိုပါပြိုင်ပွဲတွင် အခြေခံပညာ မူလတန်းအမှတ် ၁ ကမာရွတ်မှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ရပ်မိရပ်ဖများဖြစ်သော ဒေါက်တာ ဦးမောင်မောင်စိုး၊ ဦးကျော်ဝင်းနှင့် ကလေးမိဘများ တက်ရောက်အားပေးကြောင်း သိရသည်။

**ခင်မောင်သော်(ကမာရွတ်)**

# လူမှုအခြေပြုဗဟိုဌာနအဖြစ် ပြုပြင်ပြောင်းလဲပြီး အများပြည်သူအသုံးပြုသည့် နေရာဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်

**လားရှိုး ဒီဇင်ဘာ ၂၃**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး၌ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လုပ်ငန်းတာဝန်များ ပိုမိုထိရောက်စွာ ဆောင်ရွက်ရေး မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများသည် ခေတ်စနစ်အရ နည်းပညာတိုးတက်ပြောင်းလဲမှုနှင့်အညီ သတင်းရယူစုဆောင်းရေး၊ ထုတ်ပြန်ရေး၊ ဖြန့်ချိရေးများ လိုက်ပါပြောင်းလဲ ဆောင်ရွက်ရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများအား လူမှုအခြေပြုဗဟိုဌာန (Community Centre) အဖြစ် ပြုပြင်ပြောင်းလဲပြီး ပြည်သူနှင့် သက်ဆိုင်အသုံးပြုသော နေရာများ ဖြစ်လာစေရေး၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တွဲဖက်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူမှုအခြေပြုဗဟိုဌာန (Community Centre) ကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၊ ကိုယ်ပွားသတင်းစာတိုက် (လားရှိုး)တို့ကို ဆက်လက် စစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် နံနက်ပိုင်းက လားရှိုးမြို့၌ ကျင်းပသော စုပေါင်းလူထုလမ်းလျှောက်ပွဲအား အများပြည်သူနှင့်အတူ ပါဝင်ဆင်နွှဲသည်။



ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့် လားရှိုးမြို့၌ ကျင်းပသည့် စုပေါင်းလူထုလမ်းလျှောက်ပွဲ၌ အများပြည်သူနှင့်အတူ ပါဝင်ဆင်နွှဲစဉ်။



ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့် လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူမှုအခြေပြုဗဟိုဌာန၌ ကြည့်ရှုစစ်ဆေးစဉ်။

စုပေါင်း လူထု လမ်းလျှောက်ပွဲကို လားရှိုးမြို့ မြို့တော်ခန်းမရှေ့မှ ပြည်ထောင်စု အားကစားကွင်းအထိ ကျင်းပရာ ပြည်သူလူထု ၈၅၀၀ ခန့် ပါဝင်ဆင်နွှဲကြပြီး အားကစားဝင်းအတွင်း၌ ဆက်လက်ကျင်းပသည့် ကိုယ်လက်လှုပ်ရှား အားကစားနှင့် အားကစားပြိုင်ပွဲများတွင်လည်း ပါဝင်ဆင်နွှဲကြသည်။

လားရှိုးမြို့တွင် ဒီဇင်ဘာလအတွင်း စုပေါင်း လူထုလမ်းလျှောက်ပွဲများကို အပတ်စဉ် စနေနေ့တိုင်းကျင်းပလျက်ရှိရာ လူဦးရေတစ်သောင်းခန့်က တက်ကြွစွာ ပါဝင်ဆင်နွှဲကြကြောင်း သိရှိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေး မိခင်ဝိုင်းများ ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၃**
ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ် ကန်ဘဲ့စံပြကျေးရွာသို့သွားရောက်ပြီး ရပ်ရွာလူထုနှင့်တွေ့ဆုံကာ ရှေးဦးအရွယ် ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေး မိခင်ဝိုင်းများ ဖွင့်လှစ်ပေးနိုင်ရန် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ရပ်ရွာလူထုနှင့်တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ ကို လူမှုဝန်ထမ်းနည်းလမ်းများဖြင့် ဖော်ဆောင်လျက်ရှိကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်များကို နည်းစနစ်ကျစွာ ပြုစုပျိုးထောင်ရန် လိုအပ်ကြောင်း၊ လူသားများ၏ စာရိတ္တ၊ လူမှုရေး၊ စိတ်ပိုင်းဆိုင်ရာခံစားမှု၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ ဖြစ်မှုတို့သည် ရှေးဦးအရွယ်တွင် စတင်ပါကြောင်း၊ ကလေးသူငယ်တိုင်း ကလေးသူငယ်အခွင့်အရေး လေးရပ်ဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ အစောင့်ရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ကလေးငယ်များ၏ ခန္ဓာကိုယ်ကြီးထွားမှုနှင့်အတူ ဦးနှောက်ဖွံ့ဖြိုးမှုလည်း ရှိရမည်ဖြစ်ကြောင်း။

ထိုသို့ဖြစ်စေရန် မိသားစုနှင့်ပတ်ဝန်းကျင်က ပံ့ပိုးပေးရမည်ဖြစ်ကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်များဖွံ့ဖြိုးရေး၊ ကျောင်းနေအရွယ်တွင် ကျောင်းနေနိုင်ရေး ပြည်သူများကို အစိုးရနှင့် လူမှုအဖွဲ့အစည်းများက ဝိုင်းဝန်းဆောင်ရွက်ဖို့လိုကြောင်း၊ ကလေးသူငယ်များနှင့်ပတ်သက်၍ ဌာနပိုင်မှုကြိုများ၊ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွင့်လှစ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း ဖွင့်လှစ်နိုင်မှုမှာ နည်းပါးနေသေးသဖြင့် မိခင်ဝိုင်းများ ဖွင့်လှစ်ပေးနိုင်ရေးအတွက် ယခုလို လာရောက်ရခြင်း ဖြစ်ကြောင်း၊ မိခင်ဝိုင်းများ အောင်မြင်ရေး၊ ရေရှည်တည်တံ့ရေးကို မိဘများ၊ ပြည်သူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးရန်လိုကြောင်း၊ မိခင်ဝိုင်းများအတွက် လိုအပ်သောနည်းပညာ၊ ကလေးများအတွက် တစ်နပ်စာစားစရိတ်နှင့် သင်ထောက်ကူ ပစ္စည်းများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူ့အစိုးရအနေဖြင့် ပြည်သူများ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေးဦးအရွယ်ကလေးသူငယ်ဘဝကစ၍ ရည်မှန်းချက်ထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက မိခင်ဝိုင်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ရပ်ရွာလူထုကိုယ်စား တွံတေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ရပ်ရွာလူထုမှ သိရှိလိုသည်များ၊ ရပ်ရွာ၏ လိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကန်ဘဲ့စံပြကျေးရွာ ရွာဦးကျောင်း ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများဆပ်ကပ်လှူဒါန်းပြီး ရပ်ရွာလူထုနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကလေးများအား ကစားစရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ခေတ်စနစ်နှင့်လျော်ညီသည့် အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်နိုင်ရေးအတွက် အပြုသဘောဆောင် ဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၂၃**
အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်တွင် ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအနေဖြင့် ရေရှည်လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးနှင့် ကုန်ထုတ်စွမ်းအား မြင့်မားရေးသာမက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘက်ပေါင်းစုံက လွှမ်းခြုံစဉ်းစားကာ ဒေသတွင်း ခေတ်စနစ်နှင့် လျော်ညီသည့် အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်နိုင်ရေးအတွက် အပြုသဘောဆောင်ပြီး ဆွေးနွေးပေးကြရန် ပြောကြားသည်။

အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများမှ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် ILO နှင့် CSO လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။




အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့် မြန်မာနိုင်ငံ တောင်သူလယ်သမား စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူးချုပ်ဦးဇာနည်သွေးက “အနည်းဆုံးအခကြေးငွေနှုန်းထား သတ်မှတ်တဲ့အချိန် ရောက်သွားပြီ၊ အဆိုပြုနှုန်းထားကို သတ်မှတ်တော့မယ်၊ အဆိုပြုနှုန်းထားက ရှိပြီးသား၊ အလုပ်သမားဘက်က အဆိုပြုနှုန်းထားရှိမယ်၊ အလုပ်ရှင်ဘက်က အဆိုပြုနှုန်းထားရှိမယ်၊ ဒီနှုန်းထားနှစ်ခု ပေါ်လာတာ ကောင်းတယ်၊ ညှိနှိုင်းလို့ ရသွားပြီ၊ အလုပ်သမားကို အလုပ်ရှင်က ပေးနိုင်စွမ်းရှိအောင် အစိုးရက ဘာကူညီမလဲ၊ အစိုးရကလည်း အလုပ်ရှင်ပေးနိုင်စွမ်းရှိအောင် တစ်ဖက်တစ်လမ်းက ကူညီပေးရင် အလုပ်ရှင်ကပေးနိုင်လာရင် အလုပ်ရှင် အလုပ်သမားဆက်ဆံရေး ကောင်းလာရင် ကုန်ထုတ်စွမ်းအားစု တက်လာရင် တိုင်းပြည်အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာမယ်”ဟု ပြောသည်။

အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီကို နိုင်ငံတော်သမ္မတရုံးက ယခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီး အမျိုးသားကော်မတီက ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများကို ဇွန် ၂၀ ရက်တွင် အသစ်ပြန်လည်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အမျိုးသားကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို မတ် ၈ ရက်တွင် ကျင်းပပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် ငါးရပ်ချမှတ်နိုင်ခဲ့သည်။ အမျိုးသားကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၇ ရက်တွင် ကျင်းပခဲ့ပြီး လုပ်ငန်းကော်မတီများကို လိုအပ်ပါက ဖွဲ့စည်းရန်၊ စာရင်းစစ်တမ်းများ ကောက်ယူနိုင်ရေးအဖွဲ့များ ဖွဲ့စည်းပြီး တာဝန်များ သတ်မှတ်ပေးရန်၊ အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်ပြီး ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ အရအသုံးခန့်မှန်းခြေငွေစာရင်းမှ ဘတ်ဂျက်လျာထားကျခံသုံးစွဲရန်၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မတီများမှ တင်ပြလာသည့် အဆိုပြုအနည်းဆုံး အခကြေးငွေနှုန်းထားများကို ဒီဇင်ဘာလတွင် ညှိနှိုင်းဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့်အညီ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီအလိုက် သက်ဆိုင်ရာနယ်မြေများတွင် အစည်းအဝေးများ၊ အသိပညာပေး ဆွေးနွေးပွဲများ၊ သုံးပွင့်ဆိုင်ဆွေးနွေးပွဲများ ကျင်းပခဲ့ပြီး အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စာရင်းစစ်တမ်း ကောက်ယူခြင်း၊ သုံးပွင့်ဆိုင်ဆွေးနွေးခြင်းမှ ရရှိလာသည့် အဆိုပြုနှုန်းထားများကို အမျိုးသားကော်မတီသို့ တင်ပြခဲ့ကြောင်း သိရသည်။

အမျိုးသားကော်မတီ အနေဖြင့် နိုဝင်ဘာ ၄ ရက်တွင် ရန်ကုန်မြို့၌ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့်လည်းကောင်း၊ နိုဝင်ဘာ ၂၆ ရက်တွင် မန္တလေးမြို့၌ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် လည်းကောင်း တွေ့ဆုံပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်း - မင်းသစ်(MNA)**
**ဓာတ်ပုံ- ဇော်မင်းလတ်**

# ရန်ကုန် - မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၃ / ၂ နှင့် ၅/ ၀ )အကြား တည်ဆောက်မည့် Eco Green City အိမ်ရာစီမံကိန်းပန္နက်တင်

နေပြည်တော် ဒီဇင်ဘာ ၂၃

**နိုင်ငံတစ်ဝန်း နေချင်စဖွယ် မြို့ပြပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရန်၊ နိုင်ငံသားများအားလုံး လူနေမှုဘဝမြင့်မားလာစေရန် သင့်လျော်သောအိမ်ရာများ ပိုင်ဆိုင်နိုင်ရန် ဦးတည်ပြီး ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၃ မိုင် ၂ ဖာလုံ နှင့် မိုင်တိုင်အမှတ် ၅ မိုင်ကြားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Alliance Star Group of Companies တို့ပူးပေါင်းဆောင်ရွက်မည့် Eco Green City အိမ်ရာစီမံကိန်း ပန္နက်တင်မင်္ဂလာအခမ်းအနားနှင့် စီမံကိန်းဆိုင်ရာ ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစီမံကိန်းဝင်းအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။** (အောက်ပုံ)




**ပန္နက်တော်တင်**

အစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လျှပ်စစ်၊ စက်မှု ၊ လက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်၊ ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန် ၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်သက် ၊ Alliance Star Group of Companies မှ တာဝန်ရှိသူတို့က သတ်မှတ်နေရာများတွင် ပန္နက်တော်တင် တွင်းတော်ဝန်းပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ကြီးချုပ်တို့က Eco Green City အိမ်ရာစီမံကိန်း ပန္နက်တော်တင်ခြင်း အခမ်းအနားနှင့် စပ်လျဉ်း၍ မြန်မာ့ ဓလေ့ထုံးတမ်း အစဉ်အလာများနှင့်အညီ ကျင်းပကြသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မြို့ပြကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတစ်ဝန်း နေချင်စဖွယ် မြို့ပြပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရန် ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး ဘေးဒဏ်ခံနိုင်ရည်ရှိသော မြို့များဖြစ်ထွန်းပေါ်ပေါက်စေရန် ရည်မှန်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အိမ်ရာကဏ္ဍမှာလည်း နိုင်ငံသားများအားလုံး လူနေမှုဘဝမြင့်မားစေမည့် သင့်လျော်သော အိမ်ရာများရရှိစေရန်နှင့် နိုင်ငံသားများ အိမ်ရာပိုင်ဆိုင်နိုင်ရန် ဦးတည်ပြီး ဆောင်ရွက်လျက် ရှိပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် Alliance Star Group of Companies တို့ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Eco Green City စီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် ၃ မိုင် ၂ ဖာလုံနှင့် ၅ မိုင်ကြား လမ်းဘေးဝဲယာရှိ သာယာကုန်း၊ စခန်းကြီးကျေးရွာအုပ်စုမှ ဧရိယာ ၁၄၅၃ ဧကခန့်မှာ တည်ရှိပြီး စီမံကိန်းကို ဝင်ငွေနည်း ပြည်သူများအတွက် လိုအပ်သည့် အငှားအိမ်ရာများ၊ တန်ဖိုးနည်း အိမ်ရာများ ဖြည့်ဆည်းပေးနိုင်ရန်၊ ဒေသနေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း ရရှိစေနိုင်သည့် စီးပွားရေးနှင့်ကုန်သွယ်မှုဇုန်အပြင် အသေးစားနှင့် အလတ်စား စက်မှုဇုန်ဖော်ထုတ်နိုင်ရန်၊ သတင်းအချက်အလက်ဆိုင်ရာ ဗဟိုဌာန တစ်ခု တည်ဆောက်နိုင်ရန်နှင့် အများပြည်သူ အပန်းဖြေအနားယူနိုင်မည့် Recreation Area တစ်ခု ဖန်တီးပေးရန်နှင့် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ တည်ဆောက်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

**အလုပ်အကိုင် ပေါ်ထွန်း**

Eco Green City စီမံကိန်းသည် နိုင်ငံတကာအဆင့်မီ Smart City Development အဆင့် ရရှိစေဖို့ စံပြအိမ်ရာစီမံကိန်းတစ်ခုအဖြစ် ဦးတည်ဆောင်ရွက်မှာဖြစ်ပြီး ၎င်း Eco Green City စီမံကိန်းအနီးရှိ ညောင်နှစ်ပင် သင်တန်းကျောင်းနေရာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံ Land & Housing Corportation (LH) နှင့် ပူးပေါင်းဆောင်ရွက်သည့် အလုပ်အကိုင် တစ်သိန်းခန့် ဝန်ဆောင်မှုပေးနိုင်သည့် Korea Myanmar Industrial Complex (KMIC) စီမံကိန်းကို ထူထောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ Eco Green City စီမံကိန်းနှင့် KMIC စီမံကိန်းတို့ တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေပြီး အလုပ်အကိုင် အခွင့်အလမ်းများလည်း ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း။

Eco Green City စီမံကိန်းသည် ရန်ကုန် -မန္တလေး အမြန်လမ်းမကြီး ဘေးမှာတည်ရှိပြီး Yangon Outer Ring လမ်းမကြီးနှင့် ပဲခူး - ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် ဆက်သွယ်ဖောက်လုပ်သည့် လမ်းကွန်ရက် ဆုံချက်နေရာ Strategic အချက်အချာကျသည့် နေရာမှာတည်ရှိနေပါကြောင်း၊ ၎င်းစီမံကိန်းသည် ရန်ကုန်မြို့အဝင် ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီးများနှင့် မြန်မာပြည် အလယ်ပိုင်းဒေသတို့ကို ဆက်သွယ်ပေါင်းဆုံပေးရာ အချက်အချာနေရာမှာ တည်ရှိသောကြောင့် Logistic Center တစ်ခုအဖြစ် ပြည့်စုံသော Infrastructure များနှင့် တစ်စုတစ်စည်းတည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် မျှော်မှန်းတည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

Eco Green City စီမံကိန်းသည် အနာဂတ်တွင် Mega City အဆင့် ရောက်ရှိလာမည့် ရန်ကုန်မြို့ကြီး၏ အနီးဆုံးပတ်ဝန်းကျင်မှာ Location အရ Advantage ရှိသည့် Strategic Area တစ်ခုဖြစ်သည့်အတွက် ရန်ကုန်မြို့နှင့် ပတ်ဝန်းကျင် လူမှုစီးပွားဖွံ့ဖြိုးရေးအတွက်သာမက မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အထောက်အကူပြုစေမည့် မြို့ပြစီမံကိန်းကြီးတစ်ခုဖြစ်ပါကြောင်း။

မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးအတွက် ဦးတည်၍ နိုင်ငံတော်တစ်ဝန်းလုံးတွင် အိမ်ရာစီမံကိန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့သည် အလားအလာကောင်းသော မြို့တစ်မြို့ဖြစ်ပြီး ကြီးမားသည့် မြို့သစ်စီမံကိန်းကြီးတစ်ခု ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့ကို ဝင်လျှင် လှည်းကူးမြို့ကို ဖြတ်သန်းရမည်ဖြစ်ပြီး အပြင်ပတ်လမ်းကြီး တည်ဆောက်မည့် ဧရိယာနှင့်လည်း ဆက်စပ်လျက်ရှိပါကြောင်း။

ရန်ကုန်မြို့ကြီးကို ရှေးဟောင်းအမွေအနှစ်များနှင့် စိမ်းလန်းစိုပြည်ပြီး နေချင်စဖွယ်ကောင်းသော စီးပွားရေးမြို့တော်ကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် ရန်ကုန်မြို့၏ အနာဂတ် အလားအလာကို ကြိုတင်ပြင်ဆင်ထားပါကြောင်း၊ ပြည်သူလူထုအတွက် ချက်ချင်းအကျိုးဖြစ်ထွန်းနိုင်မည့် ယခုစီမံကိန်းကြီး အောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် ပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် Alliance Star Group of Companies မှ တာဝန်ရှိသူက Eco Green City အိမ်ရာ စီမံကိန်း ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**အဆင့်နှစ်ဆင့် ဆောင်ရွက်သွားမည်**

Eco Green City အိမ်ရာ စီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၃ မိုင် ၂ ဖာလုံနှင့် ၅ မိုင်ကြား လမ်းဘေးဝဲ၊ ယာရှိ သာယာကုန်း၊ စခန်းကြီးကျေးရွာအုပ်စု၏ ဧရိယာ ၁၄၅၃ ဧကခန့် ကျယ်ဝန်းသော မြေနေရာတွင် အဆင့်နှစ်ဆင့် ပိုင်းခြား၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမအဆင့်တွင် တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများ၊ အဆင့်မြင့်အိမ်ရာများ၊ Media & IT Village နှင့် Small and Medium Enterprise လုပ်ငန်းများ ဈေးနှင့်စားသောက်ဆိုင်များ၊ အမြန်လမ်းမကြီးဘေး နားနေစခန်းများ၊ ယာဉ်ရပ်နားစခန်းများပါဝင်သည့် အသုံးပြုသူများအတွက် Public Area နှင့် Outlet Mall နှင့် Shopping Mall များ အပါအဝင် နေထိုင်သည့် ပြည်သူလူထုအတွက် နေချင်စဖွယ် ပန်းခြံ ၊ ကစားကွင်းများ ထည့်သွင်းဆောင်ရွက်မည့် အစီအမံများ ပါဝင်မည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် သီးသန့်လုံးချင်း အိမ်ရာများ၊ အဆင့်မြင့်အိမ်ရာစီမံကိန်းများ၊ နိုင်ငံတကာအဆင့်မီ ဆေးရုံ၊ ကျောင်းများ အပါအဝင် ဟိုတယ်ဇုန်နှင့် အများပြည်သူ အနားယူ အပန်းဖြေရန် Amusement Park နေရာများ ထည့်သွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# မီးဘေးအန္တရာယ် အပါအဝင် ပရဟိတနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သွားမည့် အရန်မီးသတ်စခန်း ပုလဲမြို့သစ်၌ ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ပြည်သူများ၏ မီးဘေးအန္တရာယ် အပါအဝင် ပရဟိတလုပ်ငန်းများကို ပြည်သူ့အကျိုးပြု ၂၄ နာရီ ကူညီဆောင်ရွက်ပေးသွားမည့် ပုလဲမြို့သစ် အရန်မီးသတ်စခန်းကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် အမှတ်-၃ လမ်းမကြီးဘေး၌ ဖွင့်လှစ်သည်။

ယနေ့ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်အရန်မီးသတ်စခန်း ဖွင့်ပွဲ အခမ်းအနားတွင် ထောက်ကြန့်မီးသတ်စခန်း မီးသတ်ဦးစီးမှူး ဦးမြင့်ခိုင်၊ ရပ်မိရပ်ဖများဖြစ်သော ဦးစိုးမြင့်နှင့် ဦးခင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

“ပြည်သူတွေရဲ့ သဘာဝဘေးအန္တရာယ်ကူညီမှုတွေ၊ အရေးပေါ်လူနာကူညီမှုတွေနဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးဘေးအန္တရာယ် ကူညီမှုတွေအတွက် ပုလဲမြို့သစ် အရန်မီးသတ်ကို ရည်ရွယ်ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်၊ ပုလဲမြို့သစ် အရန်မီးသတ်အဖွဲ့ရယ်လို့ အခုလိုဖြစ်တည်လာတာကလည်း အရင်ဆုံး လမ်းပေါ်မှာ ရုတ်တရက်ဖြစ်ပေါ်လာတဲ့ ပြည်သူတွေရဲ့ အခက်အခဲကို ကူညီပေးရင်းစတင်ခဲ့တာပါ၊ ပြည်သူတွေအနေနဲ့ မီးဘေးအန္တရာယ်သာမက ဘာပဲကူညီတောင်းတောင်း ကျွန်တော်တို့ဘက်ကနေ စေတနာ့ဝန်ထမ်းအဖြစ် အတတ်နိုင်ဆုံး ကူညီပေးနေပါတယ်၊ အကူအညီတောင်းတဲ့ မိဘပြည်သူတွေ အဆင်ပြေအောင်လည်း ကျွန်တော်တို့ဘက်က ပြင်ဆင်ထားပါတယ်၊ ဆက်ပြီးတော့လည်း ကြိုးစားသွားမှာပါ၊ ကျွန်တော်တို့အဖွဲ့ စတင်ဖွဲ့စည်းစဉ်က ရန်ကုန်မြို့မှာ လူနာတင်ယာဉ်ဆိုတာ တော်တော်လေး နည်းပါးနေပါသေးတယ်၊ အဲဒီလိုအခက်အခဲကြားက အခုလို အရန်မီးသတ်တပ်ဖွဲ့ထိဖြစ်အောင် ၁၄ နှစ်ကြာ ကြိုးစားရန်းကန်ခဲ့ရတာပါ”ဟု ပုလဲမြို့သစ် အရန်မီးသတ်စခန်းတာဝန်ခံ ဦးထင်လင်းအောင်(ဒုတပ်ခွဲမှူး)က ပြောသည်။




**ပုလဲမြို့သစ်အရန်မီးသတ်စခန်းရှိ မီးသတ်ရေယာဉ်များနှင့် အရေးပေါ်လူနာတင်ယာဉ်များကို တွေ့ရစဉ်။**

ပုလဲမြို့သစ် အရန်မီးသတ်တပ်ဖွဲ့ကို ၂၀၀၃-၂၀၀၄ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး ယခုဆိုလျှင် ၁၄ နှစ်ကျော် ကြာခဲ့ပြီဖြစ်သည်။ ယင်းကာလအတွင်း ပြည်သူများ၏ အခက်အခဲမှန်သမျှကို တတ်နိုင်သောစွမ်းအားဖြင့် ကူညီမှုပြုခဲ့သည်မှာ ၁၇၀၀ ကျော်ရှိခဲ့ပြီဖြစ်ပြီး ယင်းထဲတွင် မီးဘေးအန္တရာယ်သာမကဘဲ ကိုယ်ဝန်ဆောင်မိခင်၊ လမ်းဘေးသေဆုံးမှုနှင့် ပရဟိတလုပ်ငန်းမှန်သမျှကို တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ စတင်ဖွဲ့စည်းစဉ်က မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ပူးပေါင်းပြီး အခြေခံမီးသတ်ပညာများသင်ယူကာ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှလည်း အရေးပေါ်လူနာကယ်ဆယ်ရေးပညာရပ်များကို သင်ယူခဲ့ကြောင်း သိရသည်။

ယနေ့ ဖွင့်လှစ်လိုက်သော ပုလဲမြို့သစ် အရန်မီးသတ်စခန်းအနေဖြင့် လတ်တလော မီးသတ်ယာဉ် သုံးစီး၊ အရေးပေါ်လူနာတင်ယာဉ်လေး၊ ငါးစီးနှင့် အုပ်ချုပ်မှုယာဉ်တစ်စီးရှိပြီး အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀ ဖြင့် ပြည်သူလူထုကို ၂၄ နာရီ အခမဲ့ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူများအနေဖြင့် အရေးပေါ်အခြေအနေ တစ်စုံတစ်ခု ကြုံတွေ့ပါက ပုလဲမြို့သစ် အရန်မီးသတ်တပ်ဖွဲ့ ဖုန်း-၀၉- ၉၆၂၂၃၇၇၂ နှင့် ၀၉-၄၃၁၈၀၂၀၀ တို့ကို နေ့ညမရွေး ဆက်သွယ်ပြီး အကူညီတောင်းခံနိုင်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# ထူးခြားသည့် ညအပူချိန်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့ ၊ ဟဲဟိုးမြို့နှင့်ဟားခါးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီနှင့် သီပေါမြို့နှင့် လွိုင်လင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# စစ်တွေတွင် တန်ဖိုးနည်း တိုက်ခန်းများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးသွားမည်



**စစ်တွေ ဒီဇင်ဘာ ၂၃**

ရခိုင်ပြည်နယ် စစ်တွေမြို့ ရွှေပြည်သာရပ်ကွက်တွင် ဆောက်လုပ်ထားသော တန်ဖိုးနည်း တိုက်ခန်း ၇၂ ခန်းကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ သိရသည်။

"ကျွန်တော်တို့က ပြည်နယ်အစိုးရအဖွဲ့ ကြီးကြပ်မှုနဲ့ ဆောက်ခဲ့တာပါ၊ အဓိက ရောင်းချသွားမှာက လုပ်သက် ၁၀ နှစ် အထက်ရှိ နိုင်ငံ့ဝန်ထမ်းတွေ၊ အငြိမ်းစား ဝန်ထမ်းတွေ၊ ပုဂ္ဂလိက ဝန်ထမ်းတွေနဲ့ ဝင်ငွေအသင့်အတင့်ရှိ ပြည်သူတွေကို ရောင်းချပေးသွားမှာပါ၊ တိုက်ခန်းကတော့ RC အမျိုးအစား ခြောက်ခန်းတွဲ သုံးထပ်ဆောင် လေးလုံး၊ တိုက်ခန်း ၇၂ ခန်း ဖြစ်ပါတယ်၊ အကျယ်အဝန်းကတော့ စတုရန်း ပေ ၆၅၀ ကျယ်ဝန်းပါတယ်၊ အခန်းတိုင်းမှာ ဧည့်ခန်းတစ်ခန်း၊ အိပ်ခန်း နှစ်ခန်း၊ စားဖိုဆောင်၊ ရေချိုးခန်းနဲ့ အိမ်သာတွေ ပါဝင်ပါတယ်၊ တိုက်ခန်းတန်ဖိုးတွေကိုတော့ ငွေကျပ် သိန်း ၁၅၀ ကနေ ငွေကျပ် သိန်း ၂၂၀ အတွင်း သတ်မှတ်ထားပါတယ်"ဟု ပြည်နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးရွှေဝင်းက ပြောသည်။

**၃၀ ရာခိုင်နှုန်း လက်ငင်းပေးသွင်း**

တိုက်ခန်းဝယ်ယူလိုသူများအနေဖြင့် မိသားစုဝင်ငွေ တစ်လလျှင် ငွေကျပ် ငါးသိန်းမှ ခုနစ်သိန်းခွဲကြား ရှိရမည်ဖြစ်ကြောင်း သိရသည်။ တိုက်ခန်းဝယ်ယူရာတွင် တိုက်ခန်းကျသင့်ငွေ ၃၀ ရာခိုင်နှုန်းအား လက်ငင်းပေးသွင်းရမည်ဖြစ်ပြီး ကျန်ရှိသည့် ငွေများကို ၁၀ နှစ်အတွင်း ဘဏ်မှတစ်ဆင့် ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။ တိုက်ခန်းဝယ်ယူရန် လျှောက်လွှာများကို ပြည်နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ယခုလ ၁၄ ရက်မှ ၂၀၁၈ ဇန်နဝါရီ ၁၀ ရက်ထိ တစ်စောင်လျှင် ငွေကျပ် တစ်ရာဖြင့် ရောင်းချ ပေးသွားမည်ဖြစ်ပြီး လျှောက်လွှာအမျိုးအစား လေးမျိုး ခွဲကာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ဝယ်ယူလိုသူများအနေဖြင့် အမှန်တကယ် အိမ်ရာပိုင်ဆိုင်မှု မရှိသူ ဖြစ်ရမည်ဖြစ်၍ တိုက်ခန်းဝယ်ယူပြီး ကိုယ်ပိုင်အိမ်ရာ ပိုင်ဆိုင်ကြောင်း သိရပါက တိုက်ခန်းအား ပြန်လည်သိမ်းဆည်းသွားမည့်အပြင် တိုက်ခန်းခ ပေးသွင်းထားသော ၃၀ ရာခိုင်နှုန်းငွေထဲမှ ၅ ရာခိုင်နှုန်းအား ဒဏ်ငွေဆောင်ခိုင်းမည်ဖြစ်ကြောင်း သိရသည်။

**မဲနှိုက်ရွေးချယ်**

"ကျွန်တော်တို့က အစိုးရဝန်ထမ်းတွေအတွက် ၂၈ ခန်း၊ အငြိမ်းစားဝန်ထမ်းတွေအတွက် ၂၂ ခန်း၊ ပုဂ္ဂလိကဝန်ထမ်းနဲ့ ဝင်ငွေအသင့်အတင့်ရှိ ပြည်သူတွေအတွက် ၂၂ ခန်းစီ ရောင်းချပေးသွားမှာပါ၊ လျှောက်လွှာတွေကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၂ ရက်ကနေ ၂၆ ရက်အတွင်း ပြန်လက်ခံသွားမယ်၊ လျှောက်လွှာတွေကိုလည်း သေချာစိစစ်ပြီးတော့မှ ခန်းမတစ်ခုမှာ လျှောက်လွှာဝယ်ယူထားတဲ့သူတွေ ရှေ့မှာပဲ ပွင့်လင်းမြင်သာစွာ မဲနှိုက်ရွေးချယ်သွားမှာပါ၊ အခန်းရပြီဆိုရင်လည်း ဘယ်အခန်းမှာ နေရမလဲဆိုတာက အစ မဲနှိုက်ရွေးချယ်သွားပါမယ်" ဟု ညွှန်ကြားရေးမှူး ဦးရွှေဝင်းက ပြောသည်။

**ဆောက်လုပ်ပေးမည်**

အဆိုပါ တန်ဖိုးနည်း တိုက်ခန်းများကို ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ ခရိုင်အဆင့်ရှိ မြို့များတွင် ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ပြည်နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**ဟန်လင်းနိုင်(စစ်တွေ-ကိုယ်ပွား)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး

**စစ်တွေ ဒီဇင်ဘာ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရခိုင်ပြည်နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)** ရခိုင်ပြည်နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်က အမှာစကား ပြောကြားသည်။



**စီမံကိန်း အကောင်အထည်ဖော်**

ရခိုင်ပြည်နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး ကော်မတီ ဥက္ကဋ္ဌ ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေခြင်းဖြင့် ကျေးလက်ဒေသ ဆင်းရဲမွဲတေမှုကို လျော့ကျလာစေရန်၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်နှင့် အာဟာရ ပြည့်ဝစေရေး၊ ကျေးလက်ကုန်ထုတ် လုပ်ငန်းများနှင့် ကျေးလက်လူထု၏ စွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရန် ရည်ရွယ်ချက်ဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ တချို့ ကျေးရွာများတွင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေများဖြင့် လုပ်ကိုင် ဆောင်ရွက်နေကြပြီ ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ရေးကော်မတီ အတွင်းရေးမှူး ရခိုင် ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသော လုပ်ငန်းကော်မတီဝင်များက လုပ်ငန်းစီမံကိန်းနှင့် ပတ်သက်ပြီး အားနည်းချက်၊ အားသာချက်များ၊ အခက်အခဲ စိန်ခေါ်မှုများနှင့်စပ်လျဉ်းပြီး ဆွေးနွေးတင်ပြကြသည်။ ထို့နောက် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**အကျိုးပြုရွာ ၅၅၉ ရွာ**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရခိုင်ပြည်နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ကျေးရွာပေါင်း ၄၉၄ ယူနစ်၊ အကျိုးပြုရွာ ၅၅၉ ရွာတွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ကျေးလက်နေ ပြည်သူများ၏ အသက်မွေးလုပ်ငန်းများ ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများကို စီမံကိန်း ရန်ပုံငွေမှ အတိုးနှုန်း သက်သာစွာဖြင့် ချေးငွေရယူပြီး ကျေးရွာကော်မတီများ ဦးဆောင်မှုဖြင့် စီမံကိန်းရန်ပုံငွေလည်ပတ်လျက်ရှိကြောင်း သိရသည်။

**ဟန်လင်းနိုင်(စစ်တွေ-ကိုယ်ပွား)**

# မောင်တောခရိုင်အတွင်းရှိ ဆရာ ဆရာမ ၅၀၀ ကျော်အား KG နှင့် Grade 1 သင်တန်းပေး

**မောင်တော ဒီဇင်ဘာ ၂၃**

မောင်တောခရိုင်အတွင်း မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့မှ ဆရာ ဆရာမ ၅၀၀ ကျော်အတွက် ၂၀၁၇ -၂၀၁၈ ပညာသင်နှစ် KG နှင့် Grade 1 ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက မောင်တောမြို့အထက-၂ ကျောင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

"တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်နဲ့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွေမှာ မူလတန်းဆရာ ဆရာမတွေကို KG သင်တန်းနဲ့ Grade 1သင်တန်းတွေ ပို့ချပေးပါတယ်၊ ကျွန်တော်တို့ မောင်တောခရိုင်အတွင်းမှာ မူလတန်းဆရာတွေ နေရာကို တချို့နေ့စားလပေးဆရာတွေကို အတည်ပြုခန့်ထားလိုက်တော့ အဲဒီဆရာတွေထဲမှာ ဒီသင်တန်းတွေ မတက်လိုက်ရတဲ့ ဆရာ ဆရာမတွေရှိပါတယ်၊ ဒီသင်တန်းကို မတက်လိုက်ရတော့ ပညာရေးစနစ်ကို အကောင်အထည်ဖော်တဲ့ နေရာမှာ အားနည်းမှုတွေ၊ လွဲချော်မှုတွေဖြစ်လာနိုင်ပါတယ်၊ ဒီအတွက် သင်တန်းကို ဖွင့်လှစ်ရတာဖြစ်ပါတယ်"ဟု မောင်တောမြို့နယ် ပညာရေးမှူး ဦးခင်အောင်က ပြောသည်။

အဆိုပါသင်တန်းတွင် KG သင်တန်းတက်ရောက်သူ ၂၈၀၊ Grade 1သင်တန်း တက်ရောက်သူ ၂၇၃ ဦး စုစုပေါင်း ၅၅၃ ဦး ရှိပြီး သင်တန်းကို ယနေ့မှစ၍ ၁၀ ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလ အကြမ်းဖက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် ဆရာမများကို မြို့ပေါ်နေရာများတွင် ပြောင်းပေးခဲ့ပြီး ၎င်းတို့နေရာတွင် နေ့စားလပေး ကျောင်းဆရာများနှင့် အစားထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။





ဦးခင်အောင်
မောင်တောမြို့နယ်ပညာရေးမှူး



ဆရာ ဦးအောင်ကိုလင်း



ဆရာမ ဒေါ်မြသဲဖြူ

" KG သင်တန်းက ကလေးတွေကို သူတို့ပတ်ဝန်းကျင်နဲ့ ထိတွေ့တဲ့ အကြောင်းအရာတွေကို သင်ပေးပါတယ်၊ ကစားစရာ အရုပ်တွေနဲ့ ဆော့ကစားတာတွေ၊ ကဗျာရွတ်တာလေးတွေ သင်ကြားပေးပါတယ်၊ ကလေးတွေကို စာတော့ မသင်သေးပါဘူး"ဟု ဘူးသီးတောင်မြို့နယ်မှ ဆရာမ ဒေါ်မြသဲဖြူက ပြောသည်။

"ကျွန်တော်က မောင်တောမြောက်ပိုင်း ဝက်ကျိန်းမှာ တာဝန်ကျနေပါတယ်၊ ကျွန်တော်သင်ပေးရတဲ့ ကလေးတွေက မြိုတိုင်းရင်းသားတွေဖြစ်ပါတယ်၊ တိုင်းရင်းသားတွေဆိုတော့ သူတို့ရဲ့ရိုးရာယဉ်ကျေးမှုတွေကို နားလည်အောင် ကြိုးစားရပါတယ်၊ အခက်အခဲတွေတော့ ရှိပါတယ်၊ ဒီသင်တန်းက အခက်အခဲတွေကို ပြေလည်အောင် ဖြေရှင်းတဲ့နည်းလမ်းတွေ ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ဆရာ ဦးအောင်ကိုလင်းက ပြောသည်။

မောင်တောခရိုင်တွင် အခြေခံပညာကျောင်းပေါင်း ၄၀၀ ကျော်ရှိပြီး မောင်တောမြို့နယ်တွင် ၁၈၃ ကျောင်းရှိသည့်အနက် ၁၀၅ ကျောင်းဖွင့်လှစ်ထားပြီ ဖြစ်သည်။ မောင်တောမြို့နယ်တွင် ကျောင်းသား ကျောင်းသူ ဦးရေ ၈၀၀၀၀ ကျော်ရှိပြီး ဘူးသီးတောင်မြို့နယ်၌ ၇၀၀၀၀ ကျော်ရှိကြောင်း၊ ဩဂုတ်လ အကြမ်းဖက်မှု ဖြစ်စဉ် ဖြစ်ပွားပြီးနောက် ကျောင်းပြောင်းသွားသော ကလေးများလည်းရှိကြောင်း သိရသည်။

ပညာရေးသည် ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ပင်အရေးကြီးကြောင်း၊ ပညာတတ်လူငယ်များ များပြားလာပါက ဒေသတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသော ပညာရေးစနစ် ရည်မှန်းချက်များကို မောင်တောခရိုင်အနေဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းဖော်ဆောင်သွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဦးခင်အောင်က ဆက်လက်ပြောကြားသည်။

**မြင့်မောင်၊ ဇေယျ**
**ဓာတ်ပုံ-နေဝင်းထွန်း**

# ပထမဆုံးအကြိမ်ကျင်းပသော ရန်ကုန်မြို့ခရစ္စမတ်ပွဲတော် ယနေ့ စတင်ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ပထမဆုံးအကြိမ် ကျင်းပသော ရန်ကုန်မြို့ခရစ္စမတ်ပွဲတော်ကြီး စတင်ဖွင့်လှစ်သည့် အခမ်းအနားကို ရန်ကုန်မြို့ ကသီဒြယ် ဘုရားရှိခိုးကျောင်းအနီး ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်၌ ယနေ့ ညနေ ၆ နာရီတွင် ကျင်းပသည်။ **(ယာပုံ)**

ဖွင့်ပွဲတွင် ရန်ကုန် ကက်သလစ်ဂိုဏ်းချုပ်သာသနာ ကာဒီနယ်လ် ချားစ်မောင်ဘိုက မုခ်ဦးအား ကောင်းချီးပေးသည်။ ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရန်ကုန် ကက်သလစ်ဂိုဏ်းချုပ် သာသနာ ကာဒီနယ်လ် ချားစ်မောင်ဘိုနှင့် ခရစ်ယာန်ဘာသာဝင် အကြီးအကဲများက ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယနေ့စတင်ကျင်းပသည့် ပထမဆုံးသော ခရစ္စမတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် Rev ဦးတိုးတိုးက အဖွင့်ဆုတောင်းပေးခြင်း၊ ဦးနော‌အသင်းတော်အဖွဲ့သားများက ခရစ္စမတ်တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေပေးခြင်း၊ လက်ထောက်ဂိုဏ်းချုပ် ဆရာတော် ဂျွန်စောယောဟန်က ကြိုဆိုနှုတ်ခွန်းဆက်စကား



ပြောကြားခြင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားခြင်း၊ ဂိုဏ်းချုပ်ဆရာတော် စတီဗင်သန်းမြင့်ဦး (မြန်မာနိုင်ငံ ခရစ်ယာန်များအသင်းတော်)က ကောင်းချီးပေးခြင်းနှင့် အဆိုတော် ဇမ်နူးက တေးသီချင်းများဖြင့် ဂုဏ်တော်ချီးမွမ်းဖျော်ဖြေပေးခဲ့သည်။

ပထမဆုံးအကြိမ် ရန်ကုန်မြို့၌ ကျင်းပသည့် ခရစ္စမတ်ပွဲတော်ကို ဒီဇင်ဘာ ၂၃ ရက် **(ယနေ့)** မှ ၂၅ ရက်အထိ နေ့စဉ် ညနေ ၆ နာရီခွဲမှ ည ၁၀ နာရီအတွင်း ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မြို့တွင် ပထမဆုံးကျင်းပသည့် ခရစ္စမတ်ပွဲတော်ကို ဗိုလ်ချုပ်ဈေးရှေ့မှ သိမ်ဖြူလမ်းထောင့်အထိ၊ မောန္ဒေလ ဘုရားကျောင်းရှေ့ (မဟာဗန္ဓုလပန်းခြံ)နှင့် သခင်မြပန်းခြံ (အလုံမြို့နယ်)တို့၌ သုံးနေရာခွဲ ကျင်းပပြီး ပွဲတော်ရက်ကာလအတွင်း ကျင်းပရာ နေရာများ၌ ငြိမ်းချမ်းရေးအတွက် ဆုတောင်းပေးခြင်း၊ ခရစ္စမတ်ဓမ္မတေးသီချင်းများ သီဆိုချီးမွမ်းခြင်း၊ ခရစ္စမတ် Cantata သီဆိုခြင်း၊ တေးသရုပ်ဖော်တင်ဆက်ခြင်း၊ ခရစ္စမတ် နိပါတ်စဉ် ပြသခြင်း၊ ခရစ္စမတ်အကြောင်း သိကောင်းစရာများ ဝေမျှခြင်းနှင့် အမှတ်တရ Photo Booth နေရာများ ထားရှိသွားမည် ဖြစ်သည်။ ထို့အပြင် လာရောက်အားပေးသော ပြည်သူများအား အကျွေးအမွေး(စတုဒိသာ)များဖြင့် ဧည့်ခံခြင်း၊ ခရစ္စမတ်လက်ဆောင်ပစ္စည်းများ ပေးဝေခြင်းနှင့် ကျွမ်းကျင်သော အတတ်ပညာများဖြင့် ပူးပေါင်းပါဝင်ခြင်းတို့လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခရစ္စမတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ကသီဒြယ် ဘုရားရှိခိုးကျောင်းအတွင်း၌ လာရောက်ကြည့်ရှုအားပေးသော ပြည်သူများကို ကြာဆံချက်၊ မုန့်ဟင်းခါး၊ ကြက်သားခေါက်ဆွဲနှင့် လက်ဖက်ရည်၊ အအေးအပါအဝင် မုန့်မျိုးစုံဖြင့် ဧည့်ခံကျွေးမွေးခဲ့ပြီး ခရစ္စမတ်လက်ဆောင်ပစ္စည်းများကိုလည်း အမှတ်တရ ပေးဝေခဲ့ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မင်းထက်**

# ကျောင်းမြေနေရာနှင့် အသစ်ဆောက်လုပ်ပြီးစီးသော ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်း

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်ရှိ အမှတ်-၆၄ အမက ကျောင်းဆောင်သစ် ဆောက်လုပ်ရန် မြေနေရာနှင့် RC နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းနှင့် ဒေါက်တာ ဝင်းထွန်း၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်နိုင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ကျောင်းမြေနေရာနှင့် ကျောင်းဆောင်သစ် အလှူရှင် ရန်ကုန်မြို့နေ Global Grand Group of Companies ဥက္ကဋ္ဌ ဦးသိန်းထွေးက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်နိုင်စိုးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ပျဉ်းမနားမြို့နယ် ပညာရေးမှူး ဦးဝင်းကြိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ယနေ့လှူဒါန်းသည့် အမှတ်(၆၄) အခြေခံပညာမူလတန်းကျောင်းသည် မြေအကျယ်ဧရိယာ ၀ ဒသမ ၁၇၄ ဧကနှင့် ကျောင်းသုံးစာသင်ခုံ၊ ပရိဘောဂများ အပါအဝင် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော(၁၂၀× ၃၀× ၂၅)ပေ ကျယ်ဝန်းသည့် RC နှစ်ထပ်ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**






ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု အမ်းမြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ ဆွေးနွေးစဉ်။

❑ *ကျောဖုံးမှ*

ဆက်လက်၍ အမ်းမြို့နယ်၌ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် အထက-၁၊ အထက-၂၊ အထက-၃ ကျောင်းများ၌ ပညာရေးဆိုင်ရာ ကိစ္စရပ်များကို ပညာရေးမှ တာဝန်ရှိသူများနှင့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် အမ်းမြို့နယ်၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှေ့ လမ်းဆုံ ကတ္တရာခင်းခြင်းလုပ်ငန်း၊ ပဒဲကြောလျှပ်စစ်ဓာတ်အားပေး စီမံကိန်း ဆောင်ရွက်နေမှု၊ ဒိုင်ကြီး-ရပ်သာ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း၊ ရခိုင်ပြည်နယ်၊ အမ်း-ပဒဲကြော-မအီလမ်းသို့ ဆက်သွယ် ဆောင်ရွက်လျက်ရှိသော စံတွေးတံတား ၁/၇ တည်ဆောက်ရေး စီမံကိန်းဆောက်လုပ်နေမှု အခြေအနေများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြစိမ်းရောင်ရန်ပုံငွေဖြင့် ဆောင်ရွက်သော စိုက်ပျိုး၊ မွေးမြူလုပ်ငန်းများစစ်ဆေး

**ပေါက်တော ဒီဇင်ဘာ ၂၃**

စစ်တွေမြို့နယ် ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးနေထက်ရှိန်၊ ခရိုင် ကျေးလက်ဦးစီးမှူး ဦးစောဝေနှင့် အဖွဲ့သည် ဒီဇင်ဘာလ တတိယပတ်က ပေါက်တောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ လုပ်ငန်းများစစ်ဆေးရာတွင် ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြတ်ဦးက အသေးစိတ် လိုက်လံရှင်းပြခဲ့ကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာနမှ သိရှိရသည်။ ဆက်လက်၍ ပြည်နယ်ဦးစီးမှူးနှင့် အဖွဲ့ဝင်များသည် ပေါက်တောမြို့နယ်ရှိ ကျောက်ဆိပ်ကျေးရွာ၊ နတ်တောင်ပြင်ကျေးရွာတို့၌ မြစိမ်းရောင် ကော်မတီဝင်များ၊ ပြည်သူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်လုပ်ငန်းများနှင့်ဆက်စပ်၍ လိုအပ်သော လုပ်ငန်းကိစ္စများကို ရှင်းလင်းမှာကြားရာ ကျေးရွာ နှစ်ရွာမှ ပြည်သူများကလည်း လုပ်ငန်းများ ဆောင်ရွက်ထားရှိချက်များအပေါ် အားနည်းချက်၊ အားသာချက်များနှင့် ဆက်စပ်၍ ရှင်းလင်းဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူတို့က ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

## တိရစ္ဆာန်စာရင်းအမှန် ရရှိရေး ပြည်သူအားလုံး ပါဝင်ပေး

# မန္တလေးတိုင်းဒေသကြီး ဒီဇင်ဘာလူထု အားကစားလှုပ်ရှားမှု စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲ ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ

**မန္တလေး ဒီဇင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီခွဲက မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းနှင့် ၇၃ လမ်းဆုံ မင်္ဂလာတံတားထိပ် စုရပ်နေရာတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် တိုင်းဒေသကြီး အဆင့်အဖွဲ့အစည်းဝင်များ ဦးဆောင်၍ ပြည်သူများနှင့်အတူ စုပေါင်းလမ်းလျှောက်ပွဲကို ပါဝင်ဆင်နွှဲခဲ့ကြသည်။

စုပေါင်းလမ်းလျှောက်ပွဲသို့ တိုင်းဒေသကြီး ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တက္ကသိုလ် ဒီဂရီကောလိပ်၊ ပညာရေးကောလိပ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အား/က(သိပ္ပံ) မြန်မာဘောလုံးအကယ်ဒမီကျောင်း၊ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသား သင်တန်းသူများ၊ မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ စက်ရုံ၊ အလုပ်ရုံတို့မှ အလုပ်သမားများ၊ အားကစားဆပ်ကော်မတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိဘပြည်သူများ စုစုပေါင်း အင်အား ၁၀၀၀၀ ခန့်သည် သတ်မှတ်စုရပ်နေရာတွင် ရောက်ရှိနေရာယူကြသည်။

ထို့နောက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်က စုပေါင်းလမ်းလျှောက်ပွဲ စတင်ရန် အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်လိုက်သည်နှင့်တစ်ပြိုင်နက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ မိဘပြည်သူများ၊ ကျောင်းသား ကျောင်းသူများသည် တာလွှတ်စုရပ်မှ ၂၆ လမ်း၊ ၆၆ လမ်းမှ လမ်း ၃၀ သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်း ဗထူးအားကစားခန်းမဝင်ပေါက်မှတစ်ဆင့် ကွင်းအတွင်းထိ စုပေါင်းလမ်းလျှောက်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြပြီး ဗထူးကွင်းတွင် ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ လမ်းလျှောက်ပွဲတွင် ပါဝင်ကြသူများကို တိုင်းဒေသကြီး အား/ကာမှ နံနက်စာ ကောက်ညှင်းပေါင်းနှင့် အကြော်တို့ဖြင့် ဧည့်ခံခဲ့သည်။ ထို့အပြင် မြို့နယ် ရပ်ကွက်အသီးသီး၌လည်း ဒီဇင်ဘာ လူထုအားကစား လှုပ်ရှားမှုတစ်ရပ်အနေဖြင့် မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် မြို့နယ် အားကစားမှူးများနှင့် ပူးပေါင်း၍ အားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## (၁၀၅)မိုင်၌ အမည်မသိလက်နက်ကိုင်အဖွဲ့က လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**မူဆယ် ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်၌ ဒီဇင်ဘာ ၂၃ ရက် ညနေ ၄ နာရီခန့်၌ အမည်မသိ လက်နက်ကိုင်အဖွဲ့မှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သောကြောင့် အသက်(၁၂နှစ်)ခန့် ကလေးငယ်တစ်ဦး သေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၃ ရက် ညနေ ၄ နာရီခန့်၌ အမည်မသိ လက်နက်ကိုင်အဖွဲ့က အဝေးမှလက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပစ်ခတ်မှုကြောင့် အသက်(၁၂နှစ်)ခန့်အရွယ်ရှိ မောင်စိုင်းရင်းဆန်းမှာ ပစ်ခတ်သည့် လက်နက်ကြီးကြောင့် ခါးအောက်ပိုင်းပြတ်၍ အခင်းဖြစ်ပွားရာနေရာ၌ ပွဲချင်းပြီး သေဆုံးသွားကာ ရန်ရုန်းတိ(၃နှစ်)မှာ ယာပေါင်ပြတ်ရှဒဏ်ရာ၊ ရန်တိမ်ယူ အသက်(၅၈နှစ်) ၁၀၅ မိုင်နေထိုင်သူတို့မှာ ဒဏ်ရာများရရှိခဲ့သည်။

နမ္မတူ နွားခြံမှ နွား ၁၇ကောင်ထိခိုက်ခဲ့ရာ တစ်ကောင်သေဆုံးပြီး ၁၆ ကောင်ဒဏ်ရာရရှိခဲ့သည်။

ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသူ ရန်ရုန်းတိနှင့် ရန်တိန်ယူတို့ နှစ်ဦးကို မူဆယ်မြို့နယ်မှ ပါရမီလူမှု ကူညီရေးအသင်းယာဉ်များဖြင့် အချိန်မီဆေးကုသမှုခံယူရန်အတွက် မူဆယ်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ပစ်ခတ်မှုနှင့်စပ်လျဉ်း၍ တပ်မတော်က နယ်မြေရှင်းလင်းရေး ဆောင်ရွက်နေပြီး ပစ်ခတ်မှုမှာ မည်သည့်အဖွဲ့က ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းလျက်ရှိသည်ဟု သိရသည်။

အဆိုပါ ပစ်ခတ်မှုများကြောင့် ဈေးဆိုင်ခန်းများရှိ လူများလည်း ဆိုင်ခန်းများပိတ်၍ ထွက်ပြေးတိမ်းရှောင်နေကြပြီး အနီးဝန်းကျင်ရှိ အိမ်များမှ ဒေသခံများလည်း ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**

## အမြန်လမ်း၌ တစ်ရက်တည်း ယာဉ်မတော်တဆမှု သုံးကြိမ်ဖြစ်ပွားရာ ရှစ်ဦးဒဏ်ရာရ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယနေ့နံနက်ပိုင်းအတွင်း ယာဉ်မတော်တဆမှု သုံးကြိမ်ဖြစ်ပွားခဲ့ပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အမြန်လမ်းမကြီး၏ ပန်းတင်အမြန်လမ်းအပိုင်း မိုင်တိုင် (၂၁၅/၀ နှင့် ၂၁၆/၁) အကြား နေပြည်တော်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း တင်ထွဋ်ဝင်း မောင်းနှင်လာသော Mark-II ယာဉ်မှာ ယနေ့နံနက် ၅ နာရီ မိနစ် ၅၀ က အရှိန်မထိန်းနိုင်ပဲ လမ်းလယ်ကျွန်း ကျော်တက်ကာ တစ်ဖက်ယာဉ်ကြောလမ်းဘေး အလူမီနီယံတန်းအား ဝင်တိုက်မိသည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ ငါးဦးစလုံး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။ ထို့အတူ နံနက် ၇ နာရီ မိနစ် ၂၀ တွင် မြို့ချောင်း အမြန်လမ်းပိုင်း မိုင်တိုင်အမှတ် (၇၆/၂နှင့် ၇၆ /၃ ) အကြား ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း ဝေဖြိုးကျော် မောင်းနှင်လာသော light truck ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ ရှေ့မှ ဦးဝင်းမြင့် မောင်းနှင်နေသော ယာဉ်၏နောက်ပိုင်းအား ဝင်တိုက်မိသည်။

ဖြစ်စဉ်ကြောင့် light truck ယာဉ်မောင်းမှာ ဒဏ်ရာရရှိခဲ့၍ တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် မြို့ချောင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။ အလားတူ နံနက် ၈ နာရီခွဲတွင် သာဂရအမြန်လမ်းအပိုင်း မိုင်တိုင် (၁၇၀/၀ နှင့် ၁၇၀/၁) အကြား နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်းကျော်ထွန်းဦး မောင်းနှင်လာသော ယာဉ်မှာ ယာရှေ့ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ တိမ်းမှောက်ခဲ့ သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ ငါးဦးအနက်အမျိုးသား နှစ်ဦး ဒဏ်ရာရခဲ့ရာ ဒဏ်ရာရရှိသူများအား တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် ဆွာတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။

သို့ပါ၍ ယာဉ်အား မဆင်မခြင်ပေါ့ဆစွာ မောင်းနှင်သူ ယာဉ်မောင်းများအား သက်ဆိုင်ရာ အပိုင်ရဲစခန်းများက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **သန်းဦး (လေးမျက်နှာ)**

## မသင်္ကာသူ အမျိုးသားတစ်ဦးကို စစ်ဆေးရာ ခိုးထားသော ဆိုင်ကယ် ၂၄ စီး သိမ်းဆည်းရမိ

**မန္တလေး ဒီဇင်ဘာ ၂၃**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၌ ဒီဇင်ဘာ ၂၀ ရက် ညနေ ၃ နာရီတွင် ချမ်းအေးသာစံမြို့နယ် အမှတ်(၈) မြို့မရဲစခန်းမှ ခေတ္တနယ်ထိန်းခေါင်းဆောင် ရဲအုပ် ကျော်သူရထွန်းနှင့် အဖွဲ့တို့သည် ခိုးမှုများမကြာခဏ ဖြစ်ပွားလေ့ရှိသည့် မန္တလေး ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း မသင်္ကာဖွယ် တွေ့ရှိသူ အမျိုးသားတစ်ဦးအား စစ်ဆေးခဲ့သည်။



ထိုသို့ စစ်ဆေးစဉ် နေသူရိန်(ခ) သူရိန်(ခ)သူရဝင်း အသက်(၁၉နှစ်) ရေတံခွန်တောင် ပုသိမ်ကြီးမြို့နယ် နေသူဖြစ်ကြောင်း သိရပြီး ၎င်းလွယ်အိတ်အတွင်းမှ T ပုံသဏ္ဌာန်ခွတစ်ချောင်း၊ ဆိုင်ကယ်သော့ မျိုးစုံ၊ T ပုံသဏ္ဌာန်ခွတွင် တပ်ဆင်အသုံးပြုရသည့် ဆိုင်ကယ်သော့ပုံစံ သွေးထားသော သော့ချွန်နှစ်ချောင်းတို့အား တွေ့ရှိရသဖြင့် ပူးပေါင်းအဖွဲ့က စစ်ဆေးခဲ့ရာ ဟွန်ဒါစကိုဖီး(ထိုင်းဘီး) ၁၄ စီး၊ ဟွန်ဒါကလစ် (ထိုင်းဘီး) ငါးစီး၊ ကေတီအန်နှစ်စီး (ထိုင်းဘီး)၊ စီဘီအာ တစ်စီး၊ ဒီတီနှစ်စီး၊ စုစုပေါင်း ၂၄ စီး သိမ်းဆည်းရမိသဖြင့် အမှတ်(၈) မြို့မ ရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပြီး ခိုးယူလာသည့် နေရာများအား စုံစမ်းဖော်ထုတ်ကာ အမှုများထပ်မံရေးဖွင့်စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## တရားဝင် စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းမျိုးစုံ ဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က




**စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းများအား တွေ့ရစဉ်။**

စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၅၅ စီး၊ သွင်းကုန် ၁၁၂၆ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၆ စီး၊ သွင်းကုန် ၁၉၈ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၂ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၀၈၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၉၇ သန်းခန့် စုစုပေါင်းတာဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၂၈၂ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၂၂ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေး ရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မန္တလေးသို့သွားရောက်မည့် Nissan ၁၂ ဘီးယာဉ် တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း ကိုးမျိုး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၀၈၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မကွေး၌ နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံး

**မကွေး ဒီဇင်ဘာ ၂၃**

မကွေးမြို့ ကန်သာရပ် ဗန္ဓုလပင်လမ်း ၈ လမ်းနှင့် ၉ လမ်းကြားရှိ ဦးမောင်မောင်၏ (၁၈×၂၇)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊အုတ်ခင်း တစ်ထပ်နေအိမ်တွင် ဒီဇင်ဘာ ၂၂ ရက် ညနေ ၆ နာရီကျော်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဦးမောင်မောင် ၏ (၁၈×၂၇)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ အုတ်ခင်း တစ်ထပ်နေအိမ်တစ်လုံး၊ မြောက်ဘက်မှ အိမ်ရှင် ဦးညွန့်လှိုင်၏ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်းနှစ်ထပ် နေအိမ်၏(၈×၂၀)ပေခန့်နှင့် တောင်ဘက် မှ အိမ်ရှင် ဦးအေးထွန်း၏ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း နှစ်ထပ်နေအိမ်၏ (၁၈ × ၄၀)ပေခန့် မီးလောင်ဆုံးရှုံးခဲ့ရပြီး လူ၊ တိရစ္ဆာန်ဒဏ်ရာရ သေဆုံးခြင်း မရှိကြောင်းနှင့် မီးလောင်မှုအကြောင်းအရင်းအား စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း ကနဦးသတင်းအရ သိရသည်။

အဆိုပါ မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့မှ ၅၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးနှင့်အတူ မီးငြိမ်းသတ်ယာဉ် ငါးစီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီး၊ မီးသတ်စက်ယာဉ် တစ်စီး၊ အထောက်အကူပြုယာဉ် နှစ်စီး၊ အုပ်ချုပ်မှုယာဉ် တစ်စီး၊ ကမ္ဘောဇဖောင်ဒေးရှင်းမှ ရေသယ်ယာဉ် နှစ်စီး၊ ကရုဏာရှင် လူမှုကူညီရေးအသင်းမှ ရေသယ်ယာဉ်တစ်စီး စုစုပေါင်း ၁၄ စီး၊ ရဲတပ်ဖွဲ့မှ အင်အား ၇၀ နှင့် ပတ်ဝန်းကျင်ပြည်သူများ ပူးပေါင်းငြိမ်းသတ်သဖြင့် ည ၇ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## မူဆယ်မြို့အမှတ်(၂) မြို့မဈေးကြီး မီးလောင်မှုဖြစ်ပွား

**မူဆယ် ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့၌ ဒီဇင်ဘာ ၂၂ ရက် ည ၇နာရီခန့်က မူဆယ်မြို့ ဈေးရပ်ကွက်အမှတ်(၂)ဈေးတွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရ သည်။

### မီးငြိမ်းသတ်နိုင်ခဲ့

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၂ ရက် ည ၇ နာရီခန့်တွင် မူဆယ်ခရိုင် မူဆယ်မြို့အမှတ်(၂)ဈေး ရဲစခန်း အနောက်မြောက်ဘက် ငါးဖာလုံခန့်တွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိ၍ အမှတ်(၂) ဈေးအတွင်း တိုက်ခန်းအမှတ် (A-135)ပိုင်ရှင် ဖိန့်စီရန် (တရုတ်နိုင်ငံသား) (၃၂နှစ်)၏ အလျား ၁၀ ပေ × အနံ ၁၅ ပေရှိ ဈေးဆိုင်ခန်းအား မီးလောင်မှုဖြစ်ပွားကြောင်း သိရှိရပြီး ခေတ္တမြို့နယ်ရဲမှူး ဒုရဲမှူး ဦးထွန်းထွန်းစိုးပါ ၂၀၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ ဦးဉာဏ်ဝင်းပါ ၅၁ ၊စည်ပင်ဒုဦးစီး ဦးကျော်ကိုကိုပါ ရှစ်ဦး လျှပ်စစ်ဌာနမှ ကိုပိုင်စိုးပါ နှစ်ဦးတို့ မီးသတ်ယာဉ် သုံးစီး၊ အုပ်ချုပ်မှုယာဉ် တစ်စီးဖြင့် သွားရောက်ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ ၁၇ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုမှာ ပင်လယ်စာများ ထည့်သွင်းထားသောရေခဲသေတ္တာသုံးလုံးအား လျှပ်စစ်ဓာတ်အားပေးရာမှ အပူလွန်ကဲပြီး ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်ခဲ့ရကြောင်း သိရသည်။

### အရေးယူသွားမည်

မီးလောင်မှုကြောင့် ရေခဲသေတ္တာတစ်လုံးနှင့် ပင်လယ်စာများ မီးလောင်သွားကြောင်း လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း၊ လျှပ်စစ်မီးကို ပေါ့ဆစွာ အသုံးပြုသူအား ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

## ကျောက်တံခါးမြို့နယ်၌ တရားမဝင် ခိုးဝင်လာသူ ရှစ်ဦးနှင့် ပို့ဆောင်ပေးသူနှစ်ဦး ဖမ်းဆီးရမိ

**ကျောက်တံခါး ဒီဇင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းအပိုင် မြို့ချောင်းကျေးရွာအတွင်း ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲက တရားမဝင် ခိုးဝင်လာသူ ရှစ်ဦး ဖမ်းဆီးရမိခဲ့သည်။

ကျောက်တံခါးမြို့နယ် ခေတ္တရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်ကျော်ကျော် ဦးစီးရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်လဝကဦးစီးမှူး ဦးထွန်းထွန်းအောင်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရခိုင်ပြည်နယ်မှ တရားမဝင် ခိုးဝင်လာသူများ ရောက်ရှိနေကြောင်း သတင်းအရ ရန်ကုန်-နေပြည်တော် အမြန်လမ်း မိုင်တိုင်အမှတ် (၈၃/၆)အနီး ဦးစံသိန်း(၆၂နှစ်) မြို့ချောင်း ကျေးရွာနေသူ၏ နေအိမ်ခြံဝင်းအတွင်းရှိ တဲထဲ၌ ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲက ဝင်ရောက်ရှာဖွေရာ တရားမဝင် ခိုးဝင်လာသူ အမျိုးသား ငါးဦး၊ အမျိုးသမီးတစ်ဦးနှင့် ဦးခင်ရွှေ (၆၁နှစ်) မြို့ချောင်းကျေးရွာနေသူ၏ နေအိမ်၌ တရားမဝင် ခိုးဝင်လာသူ အမျိုးသမီးနှစ်ဦး စုစုပေါင်း ခိုးဝင်လာသူရှစ်ဦး ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ တရားမဝင် ခိုးဝင်လာသူ ရှစ်ဦးနှင့်အတူ လိုက်ပါပို့ဆောင်ပေးသူ ဒေါ်ကြူကြူ (၅၈နှစ်) ညောင်ဦးဖီးလမ်း အမှုထမ်းရပ်ကွက် သန်လျင်မြို့နယ်နေသူနှင့် ဦးမျိုးမင်းထွန်း (၃၃နှစ်)ကျိုးစုအရှေ့ရွာ ဒဂုံဆိပ်ကမ်းမြို့နယ်နေသူတို့နှစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းတွင် တရားမဝင် ခိုးဝင်လာသူရှစ်ဦး၊ လိုက်ပါပို့ဆောင်ပေးသူဒေါ်ကြူကြူနှင့် ဦးမျိုးမင်းထွန်း လက်ခံထားရှိသူ ဦးစံသိန်းနှင့် ဦးခင်ရွှေတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**




ဓာတ်မြစ်။ ပညာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ် မှ စုစည်း တင်ပြပါသည်။

# မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများ ရာသီကြိုခြေစမ်းပွဲများ ယှဉ်ပြိုင်ကစား

**ရန်ကုန် ဒီဇင်ဘာ ၂၃**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ယှဉ်ပြိုင်ကစားမည့် မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများသည် ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတွင် ရာသီကြို ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းယူနိုက်တက်၊ ရန်ကုန်နှင့် ဟံသာဝတီအသင်းတို့ နိုင်ပွဲများရခဲ့ပြီး ကျန်ပွဲများမှာ သရေရလဒ်များဖြင့် ပြီးဆုံးခဲ့သည်။

အမှတ်ပေးပြိုင်ပွဲ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ရတနာပုံအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် ပြည်တွင်းအမာခံကစားသမားများဖြင့် ပွဲထွက်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်း၏ ပွဲထွက်လူစာရင်းတွင် နိုင်ငံခြားသား ကစားသမားတစ်ဦးသာပါဝင်ကာ ပြည်တွင်းကစားသမားများဖြင့် အဓိကယှဉ်ပြိုင်ခဲ့သည်။

ရှမ်းယူနိုက်တက် အသင်းသည် ပထမပိုင်းတွင် နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နေပြီး ရတနာပုံအသင်းမှာ သုံးဂိုးပေးလိုက်ရပြီးမှ တစ်ဂိုးပြန်သွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် ဂိုးများကို ဒွေးကိုကိုချစ်၊ အောင်ရှီးသာမောင်နှင့် ဇင်မင်းထွန်းတို့က သွင်းယူခဲ့ပြီး ရတနာပုံအတွက် ချေပဂိုးတစ်ဂိုးကို အောင်နိုင်ဝင်းက သွင်းယူခဲ့သည်။



ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

ရာသီကြိုခြေစမ်းပွဲများ ဆက်တိုက်ကစားနေသည့် ရန်ကုန်အသင်းသည် ဇွဲကပင်အသင်းကို လေးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် ခြေစွမ်းပိုင်း စမ်းသပ်နေသည့် နိုင်ငံခြားသား ကစားသမားများကို အဓိက စမ်းသပ်ခဲ့ပြီး ဂိုးအားလုံးကို ယင်းကစားသမားများကပင် သွင်းယူခဲ့သည်။ ရန်ကုန်အသင်းအတွက် ဂိုးများကို ကာဆီရိုက နှစ်ဂိုး၊ ကာဆာကီနှင့် အီမန်နျူရယ်တို့က တစ်ဂိုးစီသွင်းယူခဲ့ကာ ဇွဲကပင်အသင်းအတွက် ချေပဂိုးများကို ပြုံးချိုနှင့် ပေါ်လိုတို့က သွင်းယူခဲ့သည်။

ဟံသာဝတီအသင်းမှာမူ ဧရာဝတီအသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ အသစ်ခေါ်ထားသည့် ကွင်းလယ်လူ မတ်ခ်က ဟံသာဝတီအတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ကျန်အနိုင်ဂိုးများကို ထက်လင်းလင်း တစ်ဦးတည်းက သွင်းယူခဲ့သည်။

မကွေးအသင်းသည် မြန်မာ ယူ-၁၆ အသင်းနှင့် ခြေစမ်းပွဲကစားခဲ့ပြီး တစ်ဂိုးစီ သရေကျခဲ့သည်။ ချိုထွန်းက မကွေးအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း မြန်မာ ယူ-၁၆ အသင်းအတွက် ချေပဂိုးကို ဇော်ဝင်းသိန်းက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ အခြားပွဲတွင် မြဝတီနှင့် GFA အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ ဒီဇင်ဘာ ၂၂ ရက်က ယှဉ်ပြိုင်ကစားသည့် ခြေစမ်းပွဲတွင် Southern အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။

**သတင်း-ရဲရင့်ရှိုင်း**

*ကျောဖုံးမှ* ✻

ရှမ်းယူနိုက်တက်အသင်းသည် ပြည်တွင်းကစားသမား အပြောင်းအလဲ ကြီးကြီးမားမား မလုပ်ထားသော်လည်း နိုင်ငံခြားသား ကစားသမားသုံးဦးအထိ ပြောင်းလဲမည်ဖြစ်ကာ တိုက်စစ်မှူးဟောင်း ခရစ္စတိုဖာကိုသာ သက်တမ်းတိုးထားသည်။ ရန်ကုန်အသင်းမှာမူ အိုင်ဗရီကို့စ်နောက်ခံလူ မိုကာလူးကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုထားပြီး ကစားသမားသစ်အနေဖြင့် မကွေးတိုက်စစ်မှူးဟောင်း ဆယ်လာကို ခေါ်ယူထားကာ ကစားသမားသစ်နှစ်ဦး ထပ်မံခေါ်ယူမည် ဖြစ်သည်။ အဓိကတိုက်စစ်မှူး ကျော်ကိုကို အား ထိုင်းလိဂ်-၁ ကလပ် ချင်းရိုင်းယူနိုက်တက် အသင်းသို့ အငှားဖြင့် ပြောင်းရွှေ့ခွင့်ပြုထားသော်လည်း လက်ရွေးစင်တောင်ပံကစားသမား မောင်မောင်လွင်နှင့် လက်ရွေးစင်ဟောင်း တောင်ပံကစားသမား ဆောင်လမန်တို့အား ခေါ်ယူထားသည်။ ယင်းနှစ်သင်းစလုံးသည် လာမည့်ရာသီတွင် အာရှအဆင့်ကလပ်အသင်းပြိုင်ပွဲများ ယှဉ်ပြိုင်ခွင့်ရထားပြီး ယခုလအတွင်း ရာသီကြိုခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိသည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ယင်းပြိုင်ပွဲတွင် ရရှိသည့် ကွင်းဝင်ကြေးနှင့် ကလပ်အသင်းများမှ လှူဒါန်းမည့် ငွေကြေးများကို လူမှုရေးအသင်းအဖွဲ့အစည်းများသို့ လှူဒါန်းမည် ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

## အားကစားမြင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး

# ရီးရဲတို့ အိမ်ကွင်း၌ ဘာစီလိုနာကို ဂိုးပြတ်ရှုံး

စပိန်လာလီဂါ ပွဲစဉ် (၁၇) ၏ အကောင်းဆုံးပွဲဟုဆိုရမည့် ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့ ဒီဇင်ဘာ ၂၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားရာ ဘာစီလိုနာတို့ သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

လာလီဂါပြိုင်ပွဲတစ်လျှောက် ပြိုင်ဆိုင်မှုပြင်းထန်သော အသင်းကြီးနှစ်သင်းပီပီ ပွဲမှာ အကြိတ်အနယ်ရှိခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးရရှိရေး ကြိုးစားသော်လည်း ဂိုးမသွင်းနိုင်ခဲ့ပေ။ ဘာစီလိုနာအတွက် အဖွင့်ဂိုးကို ၅၄ မိနစ်တွင် ဆွာရက်ဇ်က သွင်းယူပေးသည်။ ၆၃ မိနစ်တွင် ရီးရဲမှ ကာဗာဂျယ် ကစားပုံကြမ်းမှုကြောင့် အနီကတ်ဖြင့် ထုတ်ပယ်ခံရသည်။ မက်ဆီက ရရှိသော ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် ဘာစီလိုနာအတွက် ဒုတိယဂိုးသွင်းယူပေးသည်။ ရီးရဲတို့ ချေပဂိုးသွင်းနိုင်ရေး ကြိုးစားသော်လည်း ဂိုးမရဘဲ မိနစ် ၉၀ တွင် ဗီဒယ်က ဘာစီလိုနာအတွက် တတိယဂိုးထပ်မံသွင်းယူပေးသည်။

လာလီဂါပွဲစဉ် (၁၇) အပြီးတွင် ဘာစီလိုနာက ၄၅ မှတ်ဖြင့် အဆင့်တစ်၌ ရပ်တည်နေကာ ရီးရဲမက်ဒရစ်က ၁၆ ပွဲကစား ၃၁ မှတ်ဖြင့် အဆင့်လေး၌ ရပ်တည်နေသည်။

**သီဟ**

## ပရီမီယာလိဂ် ပွဲစဉ် (၁၉) အနိုင်အရှုံး

| | | |
|---|---|---|
| အဲဗာတန် | ၀-၀ | ချယ်လ်ဆီး |
| ဘရိုက်တန် | ၁-၀ | ဝက်ဖို့ဒ် |
| မန်စီးတီး | ၄-၀ | ဘုန်းမောက် |
| ဆောက်သမ်တန် | ၁-၁ | ဟက်ဒါဖီးလ် |
| စတုတ် | ၃-၁ | ဝက်စ်ဘရွန်း |
| ဆွမ်ဆီး | ၁-၁ | ပဲလေ့စ် |
| ဝက်စ်ဟမ်း | ၂-၃ | နယူးကာဆယ် |


### အထက(ဖလုံ)
### ဒသမကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အထက(ဖလုံ)တွင် တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား တပည့်အပေါင်းကျောင်းသား၊ ကျောင်းသူဟောင်းများမှ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ၇-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အထက(ဖလုံ) ပင်းယခန်းမဆောင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(ဆက်သွယ်လှူဒါန်းရန်)

ဦးဆွေလွင် ဖုန်း-၀၉-၇၉၀၁၃၉၇၉၄ ဦးစိန်လှအောင် ဖုန်း-၀၉-၂၅၉၉၁၀၈၈၂၀
ဦးစိန်ဝင်း ဖုန်း-၀၉-၅၀၇၂၆၃၈ ဦးမြင့်ကြိုင် ဖုန်း-၀၉-၄၅၂၃၃၃၅၃၃
ဦးမြင့်အေး ဖုန်း-၀၉-၇၉၉၃၁၅၇၆၈ ကိုအောင်ကို ဖုန်း-၀၉-၇၉၉၃၃၂၀၁၀
ဦးသန်းဝင်း ဖုန်း-၀၉-၇၉၈၂၃၆၄၉၇ ကိုအောင်နိုင်လင်း ဖုန်း-၀၉-၇၉၉၃၃၁၉၂
ဦးသိန်းဆွေ ဖုန်း-၀၉-၇၉၉၃၂၈၉၈၃ ဒေါ်အေးအေးမာ ဖုန်း-၀၉-၄၃၀၃၃၅၉၄

အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ

### Air-Con အဟောင်း၊ အပျက်များ

ဈေးကောင်း ပေးဝယ်သည်။
ကိုမောင်မောင်တင်
ဖုန်း-၀၉-၇၃၀၉၅၉၅၀
၀၉-၇၆၅၀၈၅၈၅၀

### ကောင်းမြတ် ယာဉ်မောင်းသင်တန်း

အချိန်တိုအတွင်းအိမ်အရောက်
အမြန်သင်ပေးသည်။
ဖုန်း-09 973748149

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၃၅၇၆၉ ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်(ခ)တီးတီး ၇/ပခန(နိုင်)၁၇၁၉၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/2188 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/2190 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)



ကင်ဆာရောဂါသည် နေ့စဉ်စားသောက်နေသော အစားအစာများနှင့် တိုက်ရိုက်ပတ်သက်နေသည့်အတွက် ကင်ဆာရောဂါဖြစ်စေသော အစားအသောက်များကို အတတ်နိုင်ဆုံး မစားမိအောင် ရှောင်ကြဉ်နိုင်စေရန်

ဒေါက်တာခင်မောင်လွင် (FAME)

ရေးသားထားသည့်

ကင်ဆာရောဂါဖြစ်စေနိုင်သော အစားအစာများ

(စတုတ္ထအကြိမ်)

Ks 5,000

Ph: 09-965 559 860, 01-368 2199, 368 5083, 368 5609

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ မဟာသိမ်တော်ကြီးလမ်း၊ အကွက်အမှတ်(၃၇)၊ သိမ်ကြီးသင်္ဂြိုင်းအကွက်၊ ဦးပိုင်အမှတ်(၂၅/၁၆)၊ ဧရိယာ(၀ဒသမ၀၂၈)ဧကရှိ မြေအား ဒေါ်ဧကရီမင်းထိုက်က မြေငှားဂရန် (အမည်ပြောင်း သက်တမ်းတိုးဦးပိုင်ခွဲ) ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင် ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပုသိမ်မြို့နယ်

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ မဟာသိမ်တော်ကြီးလမ်း၊ အကွက်အမှတ်(၃၇)၊ သိမ်ကြီးသင်္ဂြိုင်းအကွက်၊ ဦးပိုင်အမှတ်(၂၅/၁၉)၊ ဧရိယာ (၀ဒသမ၀၃၄)ဧကရှိ မြေအား ဒေါ်မင်းမင်းစိုးက မြေငှားဂရန် (အမည်ပြောင်း သက်တမ်းတိုးဦးပိုင်ခွဲ) ချထားပေးပါရန် လျှောက်ထားချက်များ နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင် ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပုသိမ်မြို့နယ်

### ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၁၆၇/က၊ မြေကွက် တည်နေရာ ၁၆၇/က၊ မြတ်လေးပွင့်ပန်းခြံလမ်း၊ (၉)ရပ်ကွက်၊ ရွှေပြည်သာ ဦးတင်ထွဋ် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်ထွဋ်ထံမှ အရပ်ကတိစာချုပ်အဆက်ဖြင့် ဝယ်ယူခဲ့သူ ဦးမျိုးညွန့် ၁၂/လမန(နိုင်)၁၀၈၀၇၂ မှ ပါမစ်မူရင်း ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့်ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# အစ္စရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်း ဆန္ဒပြသူနှစ်ဦး သေဆုံး



**ဂါဇာ ဒီဇင်ဘာ ၂၃**

အမေရိကန်က ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် အသိအမှတ်ပြုမှုအပေါ် ဆန့်ကျင်သည့် ဆန္ဒပြမှုများ ပြင်းထန်လျက်ရှိစဉ် အစ္စရေးတပ်ဖွဲ့များက ယမန်နေ့တွင် အနည်းဆုံး ပါလက်စတိုင်းနှစ်ဦးကို ပစ်သတ်ခဲ့ကြောင်း ဂါဇာကျန်းမာရေး အရာရှိတစ်ဦးက ပြောခဲ့သည်။

ဒီဇင်ဘာ ၂၁ ရက်က အတည်ပြုခဲ့သော ကုလသမဂ္ဂ အထွေထွေညီလာခံဆုံးဖြတ်ချက်အရ ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် သတ်မှတ်ခဲ့သည့် အမေရိကန်နိုင်ငံ၏ ဒီဇင်ဘာ ၆ ရက်ကြေညာချက်ကို ပယ်ချခဲ့ခြင်းသည် ပါလက်စတိုင်းတို့၏ ဒေါသစိတ်ကို အနည်းငယ်ဖြေသိမ့်ရာ ရောက်ခဲ့သည်။

သို့သော်လည်း ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့သူအများစု ပါဝင်သည့် ပါလက်စတိုင်း ဆန္ဒပြသူ ထောင်ပေါင်းများစွာသည် ဂါဇာနယ်စပ်တစ်လျှောက်တွင် အစ္စရေးလုံခြုံရေးတပ်ဖွဲ့များနှင့် ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

တောင်ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးလုံခြုံရေး တပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းနှစ်ဦး သေဆုံးခဲ့ပြီး ၄၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။ ဒဏ်ရာရရှိသူအများစုမှာ ကျည်ဆန်အစစ်များကြောင့်ဖြစ်ပြီး အချို့မှာလည်း ရော်ဘာကျည်ဆန်များကြောင့် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ တချို့မှာလည်း မျက်ရည်ယိုဗုံးများ၏ ဒဏ်ကို ခံစားခဲ့ရကြောင်း သိရသည်။

ပါလက်စတိုင်း ၂၀၀၀ ခန့်သည် လုံခြုံရေးတပ်ဖွဲ့များကို ဆန့်ကျင်ဆန္ဒပြမှုများပြုလုပ်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က သတင်းထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။ ထို့အပြင် ဆန့်ကျင်ဆန္ဒပြသူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ကျောက်တုံးများဖြင့် ပစ်ပေါက်ခြင်း၊ မီးစွဲလောင်နေသည့် တာယာများဖြင့် ပစ်ပေါက်ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း လုံခြုံရေးတပ်ဖွဲ့များကလည်း တကယ့်ကျည်ဆန်များကို အဓိကဆန့်ကျင်ဆန္ဒပြသူများသို့ ပစ်ခတ်ခြင်းအပါအဝင် အဓိကရုဏ်းနှိမ်နင်းရေး နည်းလမ်းများကို အသုံးပြုခဲ့ရကြောင်း ဖော်ပြခဲ့သည်။

ဆန့်ကျင်ဆန္ဒပြသူများသည် "သူရဲဘောကြောင်တဲ့ ထရန့်၊ အရှုံးထရန့်" ဆိုသည့် ကြွေးကြော်သံများကို ဟစ်ကြွေးခဲ့ကြောင်း သိရသည်။ ဒဏ်ရာရရှိသူအများစုမှာ ဆန်တာကလော့ အင်္ကျီဝတ်ဆင်ထားသည့် လူများဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတထရန့်က ဂျေရုဆလင်ကို အစ္စရေး မြို့တော်အဖြစ် အသိအမှတ်ပြုကြောင်း ကြေညာချက် ထွက်ပေါ်လာသည့် အချိန်ကတည်းက ထိုသို့ ဆန္ဒပြမှုများ နေ့စဉ်လိုလို ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ **ရိုက်တာ**



# ကမ္ဘာ့မြေ စူးစမ်းရှာဖွေရေးဂြိုဟ်တုကို တရုတ် အောင်မြင်စွာ လွှတ်တင်

**ကျုံချွမ် ဒီဇင်ဘာ ၂၃**

တရုတ်နိုင်ငံသည် မြေယာရှာဖွေရေး ဂြိုဟ်တုတစ်စင်းအား သတ်မှတ်ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းသို့ ဒီဇင်ဘာ ၂၃ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၄မိနစ်တွင် လွှတ်တင်နိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အဆိုပါဂြိုဟ်တုကို တရုတ်နိုင်ငံ ဂိုဘီသဲကန္တာရရှိ ကျုံချွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။ ယင်းဂြိုဟ်တုကို လောင်းမတ်ချ်-၂ဒီ ဂြိုဟ်တုသယ်ဆောင်ရေး ဒုံးပျံဖြင့် အာကာသအတွင်းသို့ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဂြိုဟ်တုကို အဝေးမှထိန်းချုပ်ကာ ကမ္ဘာ့မြေအရင်းအမြစ်များ ရှာဖွေဖော်ထုတ်ရေးအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုလွှတ်တင်မှုသည် လောင်းမတ်ချ် ဂြိုဟ်တုသယ်ဆောင်ရေးဒုံးပျံ၏ ၂၅၉ ကြိမ်မြောက် အောင်မြင်စွာ လွှတ်တင်နိုင်မှု ဖြစ်သည်။ **ဆင်ဟွာ**

# တောင်ဆူဒန်သူပုန်အဖွဲ့၏ စခန်းများတိုက်ခိုက်ခံရခြင်းနှင့် ပတ်သက်ပြီး အစိုးရတပ်ဖွဲ့များကို စွပ်စွဲပြောကြား

**ဂျူဘာ ဒီဇင်ဘာ ၂၃**

သက်ဆိုင်ရာ ပါတီအဖွဲ့များက လူထောင်ပေါင်းများစွာ သေဆုံးခဲ့သည့် လေးနှစ်ကြာစစ်ပွဲ အပစ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပြီး နောက်တစ်နေ့တွင် တောင်ဆူဒန်သူပုန်အဖွဲ့က ၎င်းတို့၏ စခန်းများ တိုက်ခိုက်ခံရခြင်းနှင့် ပတ်သက်ပြီး အစိုးရတပ်ဖွဲ့များကို မကြာသေးမီက စွပ်စွဲပြောကြားလိုက်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အပစ်ရပ်စဲရေး သဘောတူညီချက်သည် တိုက်ပွဲအတွင်း ပိတ်မိနေသည့် အရပ်သားများကို လူသားချင်းစာနာထောက်ထားမှုအဖွဲ့များက သွားရောက်ကူညီနိုင်ရေး ခွင့်ပြုပေးမည်ဖြစ်သည်။

နိုင်ငံအနောက်ပိုင်းရှိ ဒီယန်ဂျလက်ရှိ သူပုန်အခြေစိုက်စခန်းများကို အစိုးရတပ်ဖွဲ့များက ယမန်နေ့တွင် တိုက်ခိုက်ခဲ့ကြောင်း တောင်ဆူဒန်သူပုန်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။ တောင်ဆူဒန်သူပုန်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ လမ်ပေါဂေဘရီယယ်က တိုက်ခိုက်မှုတွင် သူပုန်နှစ်ဦးနှင့် အစိုးရတပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

မြို့တော်ဂျူဘာရှိ အစိုးရတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက အဆိုပါဖြစ်ရပ်အပေါ် မည်သည့် မှတ်ချက်ပြုပြောဆိုမှုမှ မပြုလုပ်သေးကြောင်း သိရသည်။

သဘောတူညီချက်သည် တောင်ဆူဒန်ငြိမ်းချမ်းရေးအတွက် အရေးကြီးသည့် ခြေလှမ်းတစ်လှမ်းဖြစ်ကြောင်း၊ တောင်ဆူဒန်လက်မှတ်ရေးထိုးမှုတွင် ပါဝင်သည့် ပါတီများအနေဖြင့် အရေးကြီးပြီး သင့်တော်သည့် အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သင့်ကြောင်း၊ ထို့အတူ လူသားချင်းစာနာနားလည်မှုဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များအပေါ် ဟန့်တားနှောင့်ယှက်ခြင်း မရှိစေသင့်ကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

**ရိုက်တာ**





# ဖိလစ်ပိုင်နိုင်ငံ၌ အပူပိုင်းမုန်တိုင်း တမ်ဘင် တိုက်ခတ် လူ ၁၃၀ ထက်မနည်း သေဆုံး

**မနီလာ ဒီဇင်ဘာ ၂၃**

ဖိလစ်ပိုင်တောင်ပိုင်း၌ ယမန်နေ့က အပူပိုင်းမုန်တိုင်းတစ်ခု တိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် လူ ၁၃၀ ထက်မနည်း သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၂၃ ရက်တွင် ပြောခဲ့သည်။

အပူပိုင်းမုန်တိုင်းတမ်ဘင်ကြောင့် သေဆုံးခဲ့သူများအနက် ၁၉ ဦးမှာ မုန်တိုင်းဒဏ် ပြင်းထန်စွာ ခံစားခဲ့ရသည့် လာနာအို ဒယ်နော်တီ ပြည်နယ်မှ ဖြစ်ကြောင်း၊ အခြားသုံးဦးမှာ ဘူကစ်နွန်ပြည်နယ်မှ ဖြစ်ကြောင်း၊ နောက်တစ်ဦးမှာ အီလီဂန်ပြည်နယ်မှ ဖြစ်ကြောင်း မင်ဒါနာအိုပြည်နယ်မြောက်ပိုင်း ဒေသ ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရဲမှူး လီမြူရယ်ဂွန်ဒါက ပြောခဲ့သည်။

မုန်တိုင်း၏ ဒဏ်ကြောင့် လာနာအိုဒယ်ဆာပြည်နယ်တွင်လည်း ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ ယင်းကြောင့် လူ ခုနစ်ဦးခန့် သေဆုံးခဲ့ပြီး အခြားလူလေးဦးလည်း ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ယင်းအပူပိုင်းမုန်တိုင်း တမ်ဘင်သည် ယမန်နေ့က ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့သောကြောင့် အရေးပေါ်ကယ်ဆယ်ရေးများကို ဆောင်ရွက်ခဲ့ပြီး ဆက်သွယ်ရေးလမ်းကြောင်းများနှင့် သင်္ဘောဆိပ်များကိုလည်း ပိတ်ထားခဲ့ရကြောင်း သိရသည် ။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဘင်္ဂလားဒေ့ရှ်၌ မိုဘိုင်းအသုံးပြုသူများပြားလာ

**ဒါကာ ဒီဇင်ဘာ ၂၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မိုဘိုင်းအသုံးပြုသူအရေအတွက် ၁၄၃ သန်းအထိ ရောက်ရှိလာခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် မကြာသေးမီက ဖော်ပြခဲ့သည်။

၂၀၁၇ခုနှစ်အတွင်း ဖုန်းအသုံးပြုသူဦးရေသည် ၁၆ သန်းကျော် တိုးတက်လာခဲ့ကြောင်း နိုင်ငံတယ်လီကွန်းစည်းကမ်းထိန်းသိမ်းရေးက မကြာသေးမီတွင် ပြောခဲ့သည်။ နိုင်ငံတစ်ဝန်းမိုဘိုင်းအသုံးပြုသူဦးရေသည် နိုဝင်ဘာလတွင် ၁၄၃ ဒသမ ၁၀၆ သန်းကျော်အထိ ရောက်ရှိလာခဲ့ကြောင်း တယ်လီကွန်းစည်းကမ်းထိန်းသိမ်းရေးကော်မရှင်က ပြောခဲ့သည်။

လတ်တလောတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မိုဘိုင်းအော်ပရေတာ ကုမ္ပဏီလေးခုရှိကြောင်းသိရပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်အထိ မိုဘိုင်းအသုံးပြုသူအရေအတွက်သည် ၁၂၆ ဒသမ ၃၉၁ သန်းရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

### အိုင်အက်စ်ဆက်စပ် အကြမ်းဖက်သမား ၅၅ဦးကို ဖမ်းဆီးခဲ့

**အစ္စတန်ဘူလ် ဒီဇင်ဘာ ၂၃**

တူရကီရဲတပ်ဖွဲ့သည် အစ္စတန်ဘူလ်မြို့နှင့် အနောက်ပိုင်း အစမားလ်မြို့၌ ပြုလုပ်ခဲ့သော အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ဆင်ရေးများတွင် အိုင်အက်စ်စစ်သွေးကြွများနှင့် ဆက်စပ်နေသည်ဟု သံသယရှိသူအနည်းဆုံး ၅၅ ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အိုင်အက်စ်အကြမ်းဖက်နှိမ်နင်းရေး စစ်ဆင်ရေးများကို အစ္စတန်ဘူလ်ရှိ နေရာ ၁၂ခုတို့တွင် တစ်ပြိုင်နက်တည်းပြုလုပ်ခဲ့ရာ အဆိုပါစစ်ဆင်ရေးများတွင် အကြမ်းဖက်တိုက်ခိုက်မှုများလုပ်ဆောင်ရန်စီစဉ်နေသော နိုင်ငံခြားသား ၄၅ ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း အနာဒိုလူ သတင်းဌာနတွင် ဖော်ပြခဲ့သည်။

စစ်ဆင်ရေးများအတွင်းအကြမ်းဖက်အုပ်စုနှင့်ဆက်စပ်နေသော ဒစ်ဂျစ်တယ်ပစ္စည်းများနှင့် စာရွက်စာတမ်းများကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။ ထို့အတူ နှစ်သစ်ကူးနေ့နီးလာပြီဖြစ်သောကြောင့် အစ္စတန်ဘူလ်မြို့ရှိ ဘီရိုဂလူခရိုင်တွင် လုံခြုံရေးဆောင်ရွက်ချက်များ တိုးမြှင့်ချထားကြောင်း သိရသည်။ **ဆင်ဟွာ**

### ဖိလစ်ပိုင်၌ လူရာကျော်လိုက်ပါလာသော သင်္ဘောတစ်စင်းနစ်မြုပ်

**မနီလာ ဒီဇင်ဘာ ၂၃**

လူ ၂၅၀ လိုက်ပါလာသော သင်္ဘောတစ်စင်း ဖိလစ်ပိုင်နိုင်ငံ ကွီဇွန်ပြည်နယ်ပြင်ပတွင် ဒီဇင်ဘာ ၂၁ ရက်က နစ်မြုပ်သွားခဲ့ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောခဲ့သည်။

ကယ်ဆယ်ရေးလှေ သုံးစင်းက သင်္ဘောနစ်မြုပ်သည့်နေရာတွင် ကယ်ဆယ်ရေးများဆောင်ရွက်နေကြောင်း၊ နစ်မြုပ်မှုဖြစ်ပွားခဲ့သည့် သင်္ဘောသည် ကမ်းခြေမှ ၈ မိုင် ၉ မိုင်ခန့် အကွာခန့်တွင် နစ်မြုပ်သွားခဲ့ကြောင်း သိရသည်။

အဆိုပါသင်္ဘောသည် ကွီဇွန်ပြည်နယ် ရီးယဲယ်မြို့ ဆိပ်ကမ်းမှ ဖိလစ်ပိုင်ကျွန်းစုအရှေ့မြောက်ဘက်ရှိ ပိုလီလီယိုကျွန်းသို့ သွားရောက်စဉ် ထိုသို့နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

# ကမ္ဘာလုံးဆိုင်ရာ ဆိုက်ဘာကျူးပေါက်မှုတွေအပေါ် အပြစ်တင်မှုတွေ ရပ်လိုက်ပါတော့

**တင်လင်းအောင်**



ဆိုက်ဘာကျူးပေါက်မှုတွေဖြစ်ပွားတာကြောင့် ကုမ္ပဏီတွေက ဆိုးရွားစွာတုံ့ပြန်မှုတွေပြုနေစဉ်မှာ အဖွဲ့အစည်းအတွင်း စီးပွားရေးထိပ်တန်းပုဂ္ဂိုလ်တွေနဲ့ အိုင်တီပညာရှင်တွေကြား ရှေ့လုပ်ငန်းအစီအစဉ်တွေကလည်း ခြိမ်းခြောက်မှုတွေကို ပြတ်ပြတ်သားသား ကူညီဖော်ထုတ်နိုင်ဖို့ လုပ်ဆောင်လျက်ရှိတယ်လို့ အာရ်အက်စ်အေ၏ အကြီးတန်းနည်းပညာ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောခဲ့ပါတယ်။

အပတ်စဉ်အပတ်တိုင်း ဘဏ်တွေ၊ ကျန်းမာရေးအဖွဲ့အစည်းတွေ၊ ယုတ်စွအဆုံး ကျောင်းတွေအပါအဝင် ပုံသဏ္ဍာန်အရွယ်အစား အမျိုးမျိုးရှိ အဖွဲ့အစည်းတွေကို အဓိကဆိုက်ဘာတိုက်ခိုက်မှုတွေ ပြုလုပ်လျက်ရှိတာကို လေ့လာတွေ့ရှိခဲ့တယ်လို့ ၎င်းက ဆိုပါတယ်။

ထိတ်လန့်စရာ အကောင်းဆုံး လျှို့ဝှက်ချက်ဖော်ထုတ်နိုင်မှုကတော့ ၂၀၁၃ ခုနှစ် ဩဂုတ်လမှာဖြစ်ပွားခဲ့တဲ့ ဆိုက်ဘာ ကျူးလွန်မှုပင်ဖြစ်ပြီး အဆိုပါကိစ္စတွင် ရာဟူးအသုံးပြုသူ သုံးဘီလီယံခန့်ရှိ အကောင့်တွေ မလုံမခြုံဖြစ်ခဲ့ရပါတယ်လို့ လွန်ခဲ့တဲ့ အောက်တိုဘာလကတည်းက ရာဟူးက ကြေညာခဲ့ပါတယ်။

ထိုကဲ့သို့ ကိစ္စတွေဖြစ်ပွားလာခဲ့ပါက ဘယ်သူ့ကို အပြစ်တင်ရမလဲ။ ငြင်းလို့မရတဲ့အချက်ကတွေ ဆိုက်ဘာတိုက်ခိုက်သူတွေဟာ အခုလို ဖြစ်ပွားလာတဲ့ ကိစ္စတွေနဲ့ မကင်းဘူးဆိုတာပဲ ဖြစ်ပါတယ်။

သို့သော်လည်း အဖွဲ့အစည်းတစ်ခုရဲ့ c-suite အတွင်း လက်ဗွေအချက်ပြစနစ်တွေ ပြည့်စုံစွာ ရှိခဲ့ပါလျက် ထိုကဲ့သို့ ဆိုက်ဘာကျူးပေါက်မှုတွေဖြစ်လာရခြင်းကြောင့် ၅၀ ရာခိုင်နှုန်းသော အိုင်တီကျွမ်းကျင်သူတွေက c-suite ကို ချုပ်ကိုင်ထားတဲ့ ဘော့စ်တွေကိုလည်း အပြစ်တင်လျက်ရှိပါတယ်။ စီးပွားရေးခေါင်းဆောင်တွေက သူတို့ရဲ့ အိုင်တီဌာနတွေအနေနဲ့ အဆိုပါ ကိစ္စရပ်တွေအတွက် အပြည့်အဝတာဝန်ယူရမှာ ဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

ဆိုက်ဘာ ကျူးလွန်မှုတွေအပေါ် ပြစ်တင်မှုတွေကတော့ ဆက်လက်ပြီး အားကောင်းစွာ ဖြစ်ပေါ်လျက်ရှိဆဲပါ။ ထိုသို့ ဖြစ်ပွားလာခဲ့တဲ့ တကယ့်ရင်းမြစ်တွေကတော့ စီးပွားရေးလုပ်ငန်းရှင်တွေ သို့မဟုတ် စီးပွားရေးလုပ်ငန်းတွေနဲ့ လုံခြုံရေးအဖွဲ့တွေကြား ပေါင်းစည်းညှိနှိုင်းမှုတွေ အားနည်းတာကြောင့် ဖြစ်ပါတယ်။

ဒီလိုအခြေအနေကို ဝမ်းနည်းစွာ နားလည်မှုလွဲခြင်းလို့ ခေါ်ရမှာဖြစ်ပါတယ်။ အိုင်တီ ကျွမ်းကျင်ပညာရှင်တွေက ဆိုက်ဘာကျူးပေါက်မှုတွေ ဘာကြောင့်ဖြစ်လာသလဲဆိုတဲ့အပေါ် နားလည်သဘောပေါက်ဖို့သာမက အနာဂတ်မှာ ဘယ်လိုကာကွယ်မှုတွေ လုပ်မလဲဆိုတာနဲ့ပတ်သက်ပြီး စိတ်အားထက်သန်နေချိန်မှာ စီးပွားရေးထိပ်တန်းပုဂ္ဂိုလ်တွေကတော့ ဆိုက်ဘာကျူးပေါက်မှုကြောင့် အဖွဲ့အစည်းအတွင်းဖြစ်ပေါ်လာတဲ့ ရလဒ်ကိုပဲသုံးသပ်ပါတယ်။ အခုလိုပေါင်းစပ်ညှိနှိုင်းမှုမရှိတဲ့အတွက် အဖွဲ့အစည်းတွေအနေနဲ့ အမြင့်မားဆုံးသော ခြိမ်းခြောက်မှုတွေကို တုံ့ပြန်မှုနဲ့ ကာကွယ်မှုတွေ လုပ်နိုင်မှာမဟုတ်ပါဘူး။

ပြောင်းလဲဖြစ်ပေါ်လာတဲ့ ဆိုက်ဘာခြိမ်းခြောက်မှု သို့မဟုတ် ဆိုက်ဘာကျူးပေါက်မှုရဲ့ အခင်းအကျင်းကို သုံးသပ်ရမယ်ဆိုရင် အဖွဲ့အစည်းတွေအနေနဲ့ ဝမ်းနည်းစွာ နားလည်မှုလွဲခြင်းမရှိအောင် ဘယ်လိုညှိနှိုင်းဆောင်ရွက်မလဲဆိုတာနဲ့ ဆိုက်ဘာခြိမ်းခြောက်မှုအန္တရာယ်ကို စီမံခန့်ခွဲနိုင်ဖို့ လိုအပ်ပါတယ်။

ဝမ်းနည်းစွာ နားလည်မှုလွဲခြင်းကွာဟချက်ကို ကျဉ်းမြောင်းစေမယ့် အချက်တွေရှိပါတယ်။ အဲဒါတွေကတော့ နံပါတ်တစ်အနေနဲ့ စီးပွားရေးနဲ့ လုံခြုံရေးဆိုင်ရာအသင်းအဖွဲ့တွေ အနေနဲ့ စီးပွားရေးဦးဆောင်တဲ့ လုံခြုံရေးဆိုင်ရာ ချဉ်းကပ်မှုတွေကို အတူတကွလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်တွေဟာ အိုင်တီနယ်ပယ်နဲ့ စီးပွားရေးကဏ္ဍတွေမှာပါ ပြဿနာဖြစ်စေပါတယ်။

စီးပွားရေးဦးဆောင်တဲ့ လုံခြုံရေးဆိုင်ရာ ချဉ်းကပ်မှုတွေကို ဖန်တီးဖို့ဆိုရင် စီးပွားရေးနဲ့ လုံခြုံရေးဆိုင်ရာ အသင်းအဖွဲ့တွေဟာ သူတို့ရဲ့ နည်းဗျူဟာတွေ၊ ဦးစားပေးလုပ်ဆောင်ရမယ့် ကိစ္စတွေကို ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။

လုံခြုံရေးအပိုင်းမှာ စွန့်စားမှုနဲ့ အောင်မြင်မှုတန်ဖိုးကြားမှာ ခြားနားမှုတွေ ရှိပါတယ်။ အိုင်တီကျွမ်းကျင်သူတွေဟာ စီးပွားရေးခေါင်းဆောင်တွေနဲ့ ဆက်သွယ်ဆောင်ရွက်မှုတွေ မရှိသလောက် ရှားပါတယ်။ အမှုဆောင်အရာရှိတွေကလည်း ဖြစ်ကာမှဖြစ်ရော မဖြစ်သေးတဲ့ ဆိုက်ဘာတိုက်ခိုက်မှုတွေမှာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အလားအလာတွေနဲ့ ခေါင်းခြောက်လျက်ရှိပါတယ်။

စီးပွားရေးခေါင်းဆောင်တွေဟာလည်းလုံခြုံရေးဆိုင်ရာ ကျူးပေါက်မှုတွေမှာ ဖြစ်တတ်တဲ့ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှု၊ အသိဉာဏ်ဆိုင်ရာ မူပိုင်ခွင့်တွေ၊ ဂုဏ်သိက္ခာဆိုင်ရာတွေနဲ့ ပတ်သက်ပြီးတော့ သက်ရောက်မှုအနည်းအများကို နားလည်ထားသင့်ပါတယ်။

အိုင်တီ ပညာရှင်တွေကလည်း ညှိနှိုင်းဆွေးနွေးပွဲတွေမှာ သက်ဆိုင်ရာ အိုင်တီအကြောင်းအရာတွေကို စီးပွားရေးခေါင်းဆောင်တွေ နားလည်အောင် ကြိုးစားလုပ်ဆောင်သင့်ပါတယ်။ ထို့အတူ ဆိုက်ဘာလုံခြုံရေးရင်းနှီးမြှုပ်နှံမှုရဲ့တန်ဖိုးကိုလည်း နားလည်သဘောပေါက်အောင် လုပ်ဆောင်ပေးရပါမယ်။ စီးပွားရေးခေါင်းဆောင်တွေအနေနဲ့လည်း သူတို့ရဲ့ အိုင်တီဌာနတွေအနေနဲ့ လုံခြုံရေးဆိုင်ရာ ရည်မှန်းချက်တွေကို အပြည့်အဝ နားလည်အောင်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ လုံခြုံရေးအဖွဲ့ဟာ အင်တာပရိုက်တစ်ခုလုံးကို အချိန်တိုင်းကြည့်နေဖို့ လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လက်ရှိကမ္ဘာကြီးမှာ မိုဘိုင်းနည်းပညာ၊ ကလောက်နည်းပညာနဲ့ အင်တာနက်နည်းပညာတွေဟာ ဆိုက်ဘာခြိမ်းခြောက်တိုက်ခိုက်မှုကို အချိန်တိုင်းလမ်းဖွင့်ပေးနေသလို ဖြစ်နေပါတယ်။

ဒါကြောင့် အဖွဲ့အစည်းတွေဟာ ယခင်ကထက်ကိုပဲ ဘေးအန္တရာယ် ပိုများလာခဲ့ပါပြီ။ ယနေ့ ခေတ်အဖွဲ့အစည်းတွေဟာ ဆိုက်ဘာတိုက်ခိုက်မှုတွေ ဘယ်အချိန် ဖြစ်လာမလဲ ဆိုတာကို ကြိုမမြင်နိုင်ပါဘူး။ ဆိုက်ဘာခြိမ်းခြောက်မှုတွေဟာ ၃၉ စက္ကန့်တိုင်းမှာ တစ်ကြိမ်ဖြစ်ပေါ်လျက်ရှိပါတယ်။

အိုင်တီ ကျွမ်းကျင်သူထက်ဝက်လောက်ရဲ့ လက်တွေ့လေ့လာမှုတွေက ဘာကိုပြောသလဲဆိုရင် ယနေ့ခေတ်ဟာ ခြိမ်းခြောက်မှုအသစ်တွေနဲ့ ဆိုက်ဘာတိုက်ခိုက်လာမှုတွေအပေါ် အပြည့်အဝ နားလည်ဖို့အတွက် အဓိကစိန်ခေါ်မှုတွေ ဖြစ်လို့လာခဲ့ပါပြီလို့ ပြောခဲ့ပါတယ်။ ဆိုလိုတာကတော့ ဆိုက်ဘာတိုက်ခိုက်မှုတွေကို ကာကွယ်ဖို့ဆိုရင် အဲဒီအပေါ် အပြည့်အဝနားလည်ဖို့ လိုအပ်ပါတယ်။

အင်တာပရိုက်တစ်ခုလုံးကို အပြည့်အဝ မြင်တွေ့နိုင်မှုဟာ အလုပ်အတွက် ခြိမ်းခြောက်မှုအန္တရာယ်ကို ကာကွယ်နိုင်မှာဖြစ်သလို သင့်တော်တဲ့ လုပ်ဆောင်ချက်တွေကိုလည်း အချိန်နဲ့တစ်ပြေးညီ လုပ်ဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။ အင်တာပရိုက်တစ်ခုလုံးကို တွေ့မြင်မှုနဲ့ နောက်ထပ်ထပ်မံရရှိမယ့် အကျိုးကတော့ ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ပျက်စီးမှုလျော့နည်းအောင် လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

တတိယအချက်အနေနဲ့ အဖွဲ့အစည်းတွေအနေနဲ့ လုံခြုံရေးအဖွဲ့ကို ဆိုက်ဘာတိုက်ခိုက်လာမှုမှ ကာကွယ်ရန်နဲ့ ခြိမ်းခြောက်မှုမှ တန်ပြန်လုပ်ဆောင်နိုင်ရန်အတွက် လုပ်ပိုင်ခွင့်တွေ ခွင့်ပြုပေးရမှာ ဖြစ်ပါတယ်။ အကယ်၍ တိုက်ခိုက်မှုတွေကို မခုခံ မကာကွယ်ဘူးဆိုရင်တော့ပိုဆိုးတဲ့အခြေအနေတွေ ရောက်လာမှာ ဖြစ်ပါတယ်။

၉၀ ရာခိုင်နှုန်းလောက်ရှိတဲ့အဖွဲ့အစည်းတွေအနေနဲ့ ဆိုက်ဘာတိုက်ခိုက်မှုဖြစ်လာတဲ့ အခါမှာ သူတို့ရဲ့ ပြန်လည်တုံ့ပြန်မှုတွေကို မကျေနပ်ကြပါဘူး။ ၇၄ ရာခိုင်နှုန်းလောက်က ဆိုက်ဘာတိုက်ခိုက်လာတဲ့အခါမှာ ပြန်လည်တုံ့ပြန်ဖို့ လုံလောက်တဲ့ နည်းပညာတွေ မရှိပါဘူး။ ၁၁ ရာခိုင်နှုန်းလောက် အဖွဲ့အစည်းတွေကသာ သူတို့အနေနဲ့ ခြိမ်းခြောက်မှုကို အလျင်အမြန်စုံစမ်းနိုင်တယ်လို့ ဆိုပါတယ်။

အဖွဲ့အစည်းတွေ အနေနဲ့ ကြိုတင်ပြီး အစီအစဉ်တွေချမှတ်ထားဖို့လိုအပ်ပါတယ်။ ဆိုက်ဘာတိုက်ခိုက်မှုနဲ့ စီးပွားရေးအန္တရာယ်ကြား ကွာဟချက်တွေကို နားလည်ထားဖို့ လိုအပ်ပါတယ်။ ထို့အတူ အဖွဲ့အစည်းအတွင်းပိုင်း ဆက်သွယ်မှုအားလုံးကို မြင်တွေ့ပြီးအချိန်မီ စီမံခန့်ခွဲနိုင်ဖို့ လိုပါတယ်။

ဖော်ပြပါအချက်တွေကို လုပ်ဆောင်မယ်ဆိုရင် ယနေ့ဆိုက်ဘာတိုက်ခိုက်မှုနဲ့ ကြုံတွေ့နေတဲ့ အဖွဲ့အစည်းတွေဟာ အနည်းနဲ့အများ ဆိုသလို သက်သာမှာဖြစ်ပါတယ်။ အိုင်တီပညာရှင်တွေနဲ့ စီးပွားရေးဦးဆောင်သူတွေကြား နားလည်မှုတွေလည်း အပြန်အလှန်ရှိရမှာ ဖြစ်ပါတယ်။ သို့မှသာ ဆိုက်ဘာတိုက်ခိုက်မှုမှ အချိန်မီကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

အချုပ်အားဖြင့် ဆိုရမယ်ဆိုရင် အိုင်တီပညာရှင်တွေနဲ့ စီးပွားရေးခေါင်းဆောင်တွေအနေနဲ့ ပူးပေါင်းလုပ်ဆောင်မှသာလျှင် တစ်နေ့တခြားလုံခြုံမှုနည်းနည်းလာတဲ့ ကမ္ဘာကြီးမှာ ဆိုက်ဘာတိုက်ခိုက်မှုတွေကို ခုခံကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ။

Ref: Channel News Asia

> “၇၄ ရာခိုင်နှုန်းလောက်က ဆိုက်ဘာတိုက်ခိုက်လာတဲ့အခါမှာ ပြန်လည်တုံ့ပြန်ဖို့ လုံလောက်တဲ့ နည်းပညာတွေ မရှိပါဘူး၊ ၁၁ ရာခိုင်နှုန်းလောက် အဖွဲ့အစည်းတွေကသာ သူတို့အနေနဲ့ ခြိမ်းခြောက်မှုကို အလျင်အမြန်စုံစမ်းနိုင်တယ်လို့ ဆိုပါတယ်”


HTOO








CARTOONS



# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များ**

၁၆၂။ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခု သို့မဟုတ် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ၏လက်အောက်ခံ ကုမ္ပဏီတစ်ခု သို့မဟုတ် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခု၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကန့်သတ်ထားလျှင် အဆိုပါကုမ္ပဏီ၏ ဒါရိုက်တာများသည် အထွေထွေအစည်းအဝေးတွင် သဘောတူညီချက်ဖြင့် ဆောင်ရွက်သည့်ကိစ္စရပ်မှအပ အောက်ပါတို့ကို ဆောင်ရွက်ခြင်း မပြုရ -

(က) ကုမ္ပဏီ၏ အဓိကလုပ်ငန်းဆောင်ရွက်မှုများကို ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖယ်ရှားခြင်း၊ သို့မဟုတ်

(ခ) ဒါရိုက်တာတစ်ဦးက ပေးချေရမည့် ကြွေးမြီတစ်ရပ်ရပ်ကို ပေးချေခြင်း။

**မဲပေးခြင်းနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များ**

၁၆၃။ (က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးသည် ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် ဆုံးဖြတ်မည့် ကုမ္ပဏီ၏လုပ်ငန်းကိစ္စများတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့် တစ်ရပ်ရပ်ရှိခဲ့လျှင် ယင်းဒါရိုက်တာသည် အစည်းအဝေးတွင် အဆိုပါကိစ္စရပ်အား ဆုံးဖြတ်ဆောင်ရွက်နေချိန်၌ တက်ရောက်ခြင်း မပြုရသည့်အပြင် ယင်းကိစ္စရပ်အတွက် မဲပေးခြင်း မပြုရ။

(ခ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အစည်းအဝေးတွင် ဆုံးဖြတ်မည့်ကိစ္စ တစ်ရပ်ရပ်၌ ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့်တစ်ရပ်ရပ် ပါရှိသော ဒါရိုက်တာတစ်ဦးသည် အောက်ပါအချက်များရှိခဲ့လျှင် ဒါရိုက်တာ အစည်းအဝေးသို့ တက်ရောက်နိုင်ပြီး ထိုကိစ္စရပ်နှင့်စပ်လျဉ်း၍ မဲပေးခွင့်ရှိသည် -

(၁) ပုဒ်မ ၁၇၂ အရ ဒါရိုက်တာသည် ကုမ္ပဏီ၏လုပ်ငန်းများတွင် ၎င်း၏ အကျိုးခံစားခွင့်နှင့်ပါဝင်ပတ်သက်မှုများ၏ အခြေအနေနှင့် အတိုင်းအတာများကို ထုတ်ဖော်ပြောဆိုခြင်း၊ အခြားဒါရိုက်တာများက အဆိုပါဒါရိုက်တာနှင့် အကျိုးခံစားခွင့်၏ အခြေအနေကို ဖော်ပြသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်၍ အဆိုပါအကျိုးခံစားခွင့်သည် ထိုဒါရိုက်တာအား အစည်းအဝေးသို့ တက်ရောက်ခြင်း သို့မဟုတ် မဲပေးခြင်းများအတွက် ထိခိုက်စေခြင်းမရှိဟု တွေ့ရှိရကြောင်း ဖော်ပြခဲ့ခြင်းများရှိခဲ့လျှင် သို့မဟုတ်

(၂) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၁) ၌ ဖော်ပြထားသော ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်ကဲ့သို့ အလားတူအကျိုးသက်ရောက်မှုရှိသော ဆုံးဖြတ်ချက်တစ်ရပ်အား ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး၌ ချမှတ်ခဲ့လျှင် သို့မဟုတ်

(၃) အကျိုးခံစားခွင့်သည် ပုဒ်မ ၁၇၂ အရ ထုတ်ဖော်ပြောဆိုရန် မလိုအပ်သော အကျိုးခံစားခွင့်တစ်ရပ်ဖြစ်ခဲ့လျှင်။

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ပုဒ်မခွဲ (ခ) တွင် ပါရှိသည့် သတ်မှတ်ချက်များနှင့် ညီညွတ်လျှင် -

(၁) အဆိုပါဒါရိုက်တာသည် အကျိုးခံစားခွင့်ပါရှိသော ကိစ္စရပ်နှင့် စပ်လျဉ်း၍ မဲပေးနိုင်သည်။

(၂) အကျိုးခံစားခွင့်ပါရှိသော လုပ်ငန်းဆောင်ရွက်မှုတစ်ရပ်ရပ်ကို ဆက်လက်ပြုလုပ်နိုင်သည်။

(၃) ဒါရိုက်တာတွင် အကျိုးခံစားခွင့်ရှိစေကာမူ အဆိုပါဒါရိုက်တာသည် လုပ်ငန်းဆောင်ရွက်မှုမှ ရရှိသည့် အကျိုးအမြတ်များကို ရယူနိုင်သည်။ ၎င်းအပြင်

(၄) အကျိုးခံစားခွင့်ပါရှိသည်ဆိုကာမျှဖြင့် ကုမ္ပဏီသည် လုပ်ငန်း ဆောင်ရွက်မှုကို ရှောင်ရှားခြင်း မပြုနိုင်။

**ဒါရိုက်တာများနှင့် အရာရှိများ၏ တာဝန်များ**

**တာဝန်များ**

၁၆၄။ ပုဒ်မ ၁၆၅ မှ ပုဒ်မ ၁၇၂ အထိတွင် ဒါရိုက်တာများနှင့် အရာရှိများအား ပေးအပ်ထားသည့်အဓိကတာဝန်များကို ပြဋ္ဌာန်းထားပါသည်။ သို့သော် ဤဥပဒေအရဖြစ်စေ၊ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ပေးအပ်ထားသော တာဝန်များကို ကန့်သတ်ထားခြင်း မရှိစေရ။

**ထိုက်သင့်သောဂရုပြုမှုနှင့် လုံ့လဝီရိယဖြင့် ဆောင်ရွက်ရန်တာဝန်**

၁၆၅။ (က) ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် အောက်ပါအခြေအနေများတွင် သာမန် ပုဂ္ဂိုလ်တစ်ဦးက ထားရှိသော ဂရုပြုမှုနှင့် လုံ့လဝီရိယတို့ဖြင့် ၎င်းတို့၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်းနှင့် တာဝန်များကို ထမ်းဆောင်ခြင်းတို့ကို ပြုလုပ်ရမည် -

(၁) ဖော်ပြပါပုဂ္ဂိုလ်သည် ကုမ္ပဏီ၏အခြေအနေအရပ်ရပ်တို့တွင် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးအဖြစ်ရှိခဲ့ကြလျှင် သို့မဟုတ်

(၂) ဖော်ပြပါ ပုဂ္ဂိုလ်သည် ကုမ္ပဏီတွင် ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးအဖြစ် ရာထူးရယူခဲ့ပြီး ယင်းတို့ကဲ့သို့ အလားတူတာဝန်များရှိခဲ့ကြလျှင်။

(ခ) ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးသည် ယင်းတို့၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်းနှင့် တာဝန်များကို ထမ်းဆောင်သောအခါ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းအားဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသော လုပ်ဆောင်မှုတစ်ရပ်ရပ်ကို ပြုလုပ်မည်၊ မပြုလုပ်မည် ဟူသည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ် ချမှတ်ရာတွင် အောက်ပါကိစ္စရပ်များကို ပြုလုပ်ခဲ့လျှင် ဤပုဒ်မ၏ ပုဒ်မခွဲ (က) အရ သတ်မှတ်ချက်များ၊ အလားတူဥပဒေနှင့်အညီဖြစ်သော တာဝန်များနှင့် ပုဒ်မ ၁၇၀ ပါတာဝန်များကို လိုက်နာဆောင်ရွက်သည်ဟု မှတ်ယူရမည် -

(၁) ဆုံးဖြတ်ချက်အား လျော်ကန်သင့်မြတ်သော ကိစ္စရပ်အတွက် သဘောရိုးဖြင့် ချမှတ်ခဲ့လျှင်၊

(၂) ဆုံးဖြတ်ချက်ချမှတ်သည့်ကိစ္စရပ်တွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့် မပါရှိလျှင်၊

(၃) ဆုံးဖြတ်ချက်ချမှတ်သည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဒါရိုက်တာများကိုယ်တိုင် သင့်လျော်မျှတသည်ဟု ယုံကြည်လျှင်၊ ၎င်းအပြင်

(၄) ဆုံးဖြတ်ချက်သည် ကုမ္ပဏီ၏အကျိုးအတွက် အကောင်းဆုံးဖြစ်သည်ဟု ကျိုးကြောင်းညီညွတ်စွာ ယုံကြည်လျှင်။

**ကုမ္ပဏီ၏အကျိုးအတွက် အကောင်းဆုံးဖြစ်စေရန် သဘောရိုးဖြင့် ဆောင်ရွက်ရမည့်တာဝန်**

၁၆၆။ (က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်များကို အောက်ပါအတိုင်း ကျင့်သုံးဆောင်ရွက်ရမည်-

(၁) ကုမ္ပဏီ၏အကျိုးအတွက် အကောင်းဆုံးဖြစ်စေရန် ဆောင်ရွက်ခြင်းနှင့် သဘောရိုးဖြင့်ဆောင်ရွက်ခြင်း၊ နှင့်

(၂) လျော်ကန်သင့်မြတ်သောကိစ္စရပ်အတွက် ဆောင်ရွက်ခြင်း။

(ခ) ရာနှုန်းပြည့်လက်အောက်ခံကုမ္ပဏီ (wholly-owned subsidiary) ဖြစ်သည့် ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးအဖြစ် လုပ်ပိုင်ခွင့်များကို ကျင့်သုံးသည့်အခါ သို့မဟုတ် တာဝန်များကို ထမ်းဆောင်သည့်အခါတွင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၌ ထိုသို့လိုက်နာဆောင်ရွက်ရန် အတိအလင်းခွင့်ပြုထားလျှင် အဆိုပါ လက်အောက်ခံကုမ္ပဏီအတွက် အကောင်းဆုံး အကျိုးရလဒ် မရှိစေကာမူ ထိုကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ (holding company) အတွက် အကောင်းဆုံး အကျိုးရလဒ်များရှိသည်ဟု ၎င်းတို့ ယုံကြည်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။

(ဂ) ရာနှုန်းပြည့် ပိုင်ဆိုင်ထားသော လက်အောက်ခံ ကုမ္ပဏီတစ်ခု မဟုတ်သည့် လက်အောက်ခံ ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ၎င်း၏လုပ်ပိုင်ခွင့်များကို ကျင့်သုံးသည့်အခါ သို့မဟုတ် တာဝန်များကို ထမ်းဆောင်သည့်အခါတွင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၌ ထိုသို့ လိုက်နာဆောင်ရွက်ရန် အတိအလင်းခွင့်ပြုထားပြီး ယင်း၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီမှအပ ကုမ္ပဏီတွင် အခြားပါဝင်သူများ၏ ကြိုတင်သဘောတူညီမှု ရှိခဲ့လျှင် လက်အောက်ခံကုမ္ပဏီအတွက် အကောင်းဆုံး အကျိုးရလဒ် မရှိစေကာမူ ထိုကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီအတွက် အကောင်းဆုံး အကျိုးရလဒ်များရှိသည်ဟု ၎င်းတို့ ယုံကြည်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။

(ဃ) အစုရှယ်ယာရှင်များအကြား ဖက်စပ်လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဖက်စပ်လုပ်ငန်း ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဒါရိုက်တာတစ်ဦးအဖြစ် လုပ်ပိုင်ခွင့်များကို ကျင့်သုံးသည့်အခါ သို့မဟုတ် တာဝန်များကို ထမ်းဆောင်သည့်အခါတွင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၌ ထိုသို့လိုက်နာဆောင်ရွက်ရန် အတိအလင်းခွင့်ပြုထားလျှင် ကုမ္ပဏီအတွက်အကောင်းဆုံးအကျိုးရလဒ် မရှိစေကာမူ အစုရှယ်ယာရှင်တစ်ဦး သို့မဟုတ် အစုရှယ်ယာရှင်များအတွက် အကောင်းဆုံးအကျိုးရလဒ်များရှိသည်ဟု ၎င်းတို့ယုံကြည်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။

(င) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရတာဝန်များနှင့်စပ်လျဉ်း၍ ၎င်းတို့၏ အခွင့်အာဏာများကို ကျင့်သုံးခြင်းနှင့် ၎င်းတို့၏တာဝန်များကို ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သည့်အခါ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးသည် အောက်ပါကိစ္စရပ်များကို ထည့်သွင်း စဉ်းစားရမည် -

(၁) အောက်ပါတို့အပေါ် အကျိုးသက်ရောက်ခြင်း အပါအဝင် ဆုံးဖြတ်ချက်ကြောင့် ကာလရှည် ဖြစ်ပေါ်မည့် အကျိုးဆက်များ -

(ကက) ကုမ္ပဏီ၏ ဝန်ထမ်းများ၊

(ခခ) ကုမ္ပဏီ၏စီးပွားရေးအရ ဆက်သွယ်ဆောင်ရွက်နေမှုများတွင် ကုမ္ပဏီ၏ဝန်ဆောင်မှုများကို သုံးစွဲနေသူများနှင့် ကုမ္ပဏီသို့ ပစ္စည်းပေးသွင်းနေသူများ၊

(ဂဂ) သဘာဝပတ်ဝန်းကျင်၊

(ဃဃ) ကုမ္ပဏီ၏ ဂုဏ်သိက္ခာ။

(၂) ကုမ္ပဏီတွင်ပါဝင်သူများအကြား တရားမျှတစွာ ဆောင်ရွက်ရန် လိုအပ်သည်များ။

**ရာထူးနေရာကို အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့်တာဝန်**

၁၆၇။ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ၎င်းတို့၏ ရာထူးနေရာအား အောက်ပါ ကိစ္စရပ်များအတွက် မလျော်မကန် အသုံးပြုခြင်း မရှိစေရ -

(က) မိမိကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးအတွက်သော် လည်းကောင်း အကျိုးတစ်စုံတစ်ရာရရှိစေရန် သို့မဟုတ်

(ခ) ကုမ္ပဏီအား အကျိုးထိခိုက်နစ်နာစေရန်။

**သတင်းအချက်အလက်များကို အသုံးပြုခြင်းနှင့်စပ်လျဉ်းသည့်တာဝန်**

၁၆၈။ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးအနေဖြင့် ၎င်းတို့ လက်ခံရရှိထားသော သတင်းအချက်အလက်များကို အောက်ပါကိစ္စရပ်များအတွက် မလျော်မကန် အသုံးပြုခြင်း မရှိစေရ -

(က) မိမိကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးအတွက်သော် လည်းကောင်း အကျိုးတစ်စုံတစ်ရာရရှိစေရန် သို့မဟုတ်

(ခ) ကုမ္ပဏီအား အကျိုးထိခိုက်နစ်နာစေရန်။

**ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတို့အား လိုက်နာရန် တာဝန်**

၁၆၉။ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတို့အား ဆန့်ကျင်သော နည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခြင်းမပြုရ သို့မဟုတ် ကုမ္ပဏီတွင် ထိုသို့ဆန့်ကျင်လျက် ဆောင်ရွက်မည်ဟု သဘောတူလက်ခံခြင်း မပြုရ။

**ကျိုးကြောင်းစဉ်းစားမှု မပြုဘဲ ကုန်သွယ်ခြင်းမှ ရှောင်ကြဉ်ရန် တာဝန်**

၁၇၀။ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းအား ဆောင်ရွက်ရာတွင်ကုမ္ပဏီ၏ မြီရှင်များအတွက် ကြီးမားသည့်ဆုံးရှုံးမှုကို ဖြစ်ပေါ်စေမည့် နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန် သဘောတူခြင်းကို မပြုလုပ်ရ သို့မဟုတ် ထိုသို့ပြုလုပ်ရန် ခွင့်မပြုရ။

**တာဝန်များရယူဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့်တာဝန်**

၁၇၁။ ကုမ္ပဏီသည် တာဝန်တစ်ရပ်ရပ်ကို လိုအပ်ချက်များနှင့်အညီ ကုမ္ပဏီက ဆောင်ရွက်နိုင်သည်ဟု သင့်လျော်သော အကြောင်းများရှိကြောင်း ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးက ယုံကြည်ခြင်း မရှိလျှင် ၎င်းသည် ကုမ္ပဏီမှ ဆောင်ရွက်ပေးရမည့် တာဝန်တစ်ရပ်ရပ်ကို သဘောတူလက်ခံခြင်း မပြုရ။

**အချို့သော အကျိုးခံစားခွင့်များကို ထုတ်ဖော်ပြောဆိုရမည့်တာဝန်**

၁၇၂။ (က) ကုမ္ပဏီ၏လုပ်ငန်းကိစ္စများတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့် တစ်ရပ်ရပ် ပါရှိသောကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးသည် အောက်ပါအကြောင်းအရာ များအပြင် ယင်း၏အကျိုးခံစားခွင့်နှင့် စပ်လျဉ်းသည့်ကိစ္စများအတွက် အကြောင်းကြားစာကို အခြားဒါရိုက်တာများ ထံသို့ ပေးပို့ရမည် -

(၁) အကျိုးခံစားခွင့်သည် -

(ကက) ဒါရိုက်တာမှာ ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဖြစ်ပြီး အခြား ပါဝင်သူများနှင့် အလားတူ ပိုင်ဆိုင်မှုကြောင့် ရရှိခြင်း၊

(ခခ) ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးအဖြစ် ဒါရိုက်တာလုပ်အားခ နှင့်စပ်လျဉ်း၍ ရရှိခြင်း၊

(ဂဂ) ကုမ္ပဏီတွင်ပါဝင်သူများ၏ အတည်ပြုချက်လိုအပ်ပြီး ကုမ္ပဏီ တွင်ပါဝင်သူများက အတည်မပြုခဲ့လျှင် ကုမ္ပဏီအပေါ် တာဝန် တစ်ရပ်ရပ် မဖြစ်ပေါ်စေမည့် ကုမ္ပဏီက ပါဝင်ချုပ်ဆိုရန် အဆိုပြုထားသည့် ပဋိညာဉ်တစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်း၊

(ဃဃ) ဒါရိုက်တာက အာမခံသူဖြစ်ခြင်း သို့မဟုတ် ၎င်းအား ကုမ္ပဏီက ရယူသည့်ချေးငွေ သို့မဟုတ် အဆိုပြုထားသောချေးငွေ အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသအတွက် လျော်ကြေး ငွေတစ်ရပ်ရပ် သို့မဟုတ် အာမခံချက် တစ်ရပ်ရပ်ပေးခြင်း ကြောင့် ဖြစ်ပေါ်လာခြင်း၊

(ငင) ပုဒ်မခွဲငယ်စိတ် (ဃဃ) တွင် ဖော်ပြထားသည့် အာမခံချက် သို့မဟုတ် လျော်ကြေးငွေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဒါရိုက်တာ သည် အစားထိုးဆောင်ရွက်နိုင်ခွင့် (right of subrogation) ရှိခြင်းကြောင့် ဖြစ်ပေါ်လာခြင်း၊

(စစ) ကုမ္ပဏီကိုဖြစ်စေ၊ ဆက်စပ်သည့်အဖွဲ့အစည်းကိုဖြစ်စေ အာမခံချက်ပေးသူအဖြစ် ဆောင်ရွက်စေခြင်းမရှိစေဘဲ ကုမ္ပဏီ၏ အရာရှိတစ်ဦးအဖြစ် ဒါရိုက်တာက ဆောင်ရွက်ပေး ရသော တာဝန်ရှိမှုများအပေါ် အာမခံစေသော သို့မဟုတ် အာမခံစေမည်ဖြစ်သော ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာခြင်း၊

(ဆဆ) ပုဒ်မ ၁၈၁ အရ ခွင့်ပြုထားသောလျော်ကြေးငွေ သို့မဟုတ် အဆိုပါ လျော်ကြေးငွေနှင့် သက်ဆိုင်သည့် ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့် အဖွဲ့အစည်းက ငွေပေးချေမှုတစ်ရပ်ရပ်နှင့် ပတ်သက်၍ ဖြစ်ပေါ်လာခြင်း၊

(ဇဇ) ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခုနှင့်ဖြစ်စေ၊ ထိုအဖွဲ့အစည်း၏ အကျိုးအတွက်ဖြစ်စေ၊ သို့မဟုတ် ထိုအဖွဲ့အစည်း၏ ကိုယ်စား ဖြစ်စေချုပ်ဆိုသော သို့မဟုတ် ချုပ်ဆိုမည့် ပဋိညာဉ်စာချုပ် တွင်ပါရှိပြီး ဒါရိုက်တာသည် ဆက်စပ်သည့်အဖွဲ့အစည်း၏ ဒါရိုက်တာဖြစ်သော အကြောင်းကြောင့် ဖြစ်ပေါ်လာခြင်း။

(၂) ဒါရိုက်တာသည် အကျိုးခံစားခွင့်၏ အခြေအနေ၊ အတိုင်းအတာပမာဏ နှင့်ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများတွင် ယင်း၏ သက်ဆိုင်မှုတို့နှင့်စပ်လျဉ်း သော အကြောင်းကြားစာကို ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်အညီပေးပို့ ဆောင်ရွက်ပြီးဖြစ်သည့်အပြင် ထိုအကြောင်းကြားစာမှာ ဆက်လက် အကျိုးသက်ရောက်နေခြင်း၊ သို့မဟုတ်

(၃) ကုမ္ပဏီတွင် ဒါရိုက်တာတစ်ဦးသာရှိပြီး အဆိုပါဒါရိုက်တာ၊ ၎င်းနှင့် ဆက်နွယ်သည့်ပုဂ္ဂိုလ်များသည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များသာ လျှင်ဖြစ်ခြင်း၊ တစ်ဦးတည်းဒါရိုက်တာရှိသည့် ကုမ္ပဏီတွင် အခြားအစု ရှယ်ယာရှင်ရှိခဲ့လျှင် ပုဒ်မခွဲ (က) အရ ပေးပို့ရန်လိုအပ်သည့် အကြောင်းကြားစာကို ထိုအစုရှယ်ယာရှင်များထံသို့ ပေးပို့ရမည်။

(ခ) အကျိုးခံစားခွင့်နှင့် သက်ဆိုင်သည့် အကြောင်းကြားစာကို လိုအပ်သည့် အချိန်တိုင်းတွင် ပေးပို့နိုင်သည် သို့မဟုတ် ပေါ်ပေါက်လာသည့်ကိစ္စရပ်တွင် အကျိုးခံစားခွင့်ပါရှိသော ကုမ္ပဏီ၏ ဒါရိုက်တာသည် အခြားဒါရိုက်တာ များထံသို့ အကျိုးခံစားခွင့်၏ အခြေအနေနှင့် အတိုင်းအတာပမာဏတို့နှင့် သက်ဆိုင်သော တည်မြဲအကြောင်းကြားစာ (standing notice) ကို ပေးပို့ နိုင်သည်။

(ဂ) အကြောင်းကြားစာ ပေးပို့သည့်အချိန်တွင် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများနှင့် သက်ဆိုင်သောကိစ္စရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တည်မြဲအကြောင်းကြား စာကို မည်သည့်အချိန်တွင်မဆို ပေးပို့နိုင်သည်။ သို့ရာတွင် ဒါရိုက်တာအဖွဲ့တွင် ဒါရိုက်တာအသစ်တစ်ဦးအား ခန့်ထားပါက ယခင်က ပေးပို့ထားသော တည်မြဲအကြောင်းကြားစာများကို အသစ်ဖွဲ့စည်းထားသော ဒါရိုက်တာ အဖွဲ့၏ အစည်းအဝေးတွင် ပြန်လည်တင်ပြရမည်။

(ဃ) အကြောင်းကြားစာတွင် ဖော်ပြထားသော အကျိုးခံစားခွင့်၏ အခြေအနေ သို့မဟုတ် အတိုင်းအတာပမာဏမှာ သိသာစွာ တိုးမြင့်လာလျှင် အဆိုပါ တည်မြဲအကြောင်းကြားစာ၏ အကျိုးသက်ရောက်မှုမှာ ရပ်စဲသည်။

(င) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပေးပို့ထားသော အကြောင်းကြားစာ တစ်ရပ်ရပ်သည် -

(၁) အကျိုးခံစားခွင့်၏ အခြေအနေ၊ အတိုင်းအတာ ပမာဏတို့နှင့် သက်ဆိုင် သော အချက်အလက်အသေးစိတ်ကို ဖော်ပြပါရှိစေရမည်။ ၎င်းအပြင်

(၂) ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် ပေးပို့တင်ပြရမည်ဖြစ်ပြီး မှတ်တမ်း များတွင် စာရင်းရေးသွင်းထားရမည်။

*(ဆက်လက်ဖော်ပြပါမည်)*



# မြန်မာသဒ္ဒါသင်ကြားရေး (၃၃)

**မောင်ခင်မင်(ဓနုဖြူ)**

"ကဲ... မျိုးပြပစ္စည်းတွေအကြောင်း ပြောပြီးပြီ၊ သဒ္ဒါစာအုပ်ထဲမှာ ခွဲထားတဲ့ ပစ္စည်းအမျိုးအစားတွေ အားလုံးအကြောင်း ပြောဖို့တော့ မရည်ရွယ်ပါဘူး၊ ဆရာ ပြောခဲ့သလို သူ့နေရာနဲ့သူ မှန်မှန်ကန်ကန် သုံးတတ်အောင် လေ့ကျင့်ပေးဖို့တော့ လိုတာပေါ့၊ ပစ္စည်းဘယ်နှမျိုးရှိတယ်ဆိုပြီး ကျက်မှတ်ထားရုံနဲ့တော့ စာရေးတဲ့နေရာမှာ အထောက်အကူဖြစ်မှာ မဟုတ်ဘူးလေ"

"ဟုတ်ကဲ့ပါ ဆရာ၊ မှတ်သားထားပါ့မယ်"

"နောက် အသုံးများတဲ့ ပစ္စည်းတစ်ခုက ကြိယာထောက်ပစ္စည်းပဲကွဲ့ ...၊ တို့မြန်မာစကားမှာ ကြိယာသုံးရင် ကြိယာထောက်နဲ့ တွဲတွဲသုံးလေ့ရှိကြတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ကြိယာကို အဓိပ္ပာယ်ပြည့်စုံအောင် ဆိုလိုတဲ့သဘောရောက်အောင် အထောက်အကူပြုလို့ ကြိယာထောက်လို့ ခေါ်တာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒါပေမယ့် ကြိယာထောက်တွေက တစ်ခုနဲ့တစ်ခု အဆင့်အတန်းချင်း မတူဘူးလို့ ဆိုရမယ်"

"ဘာဆိုလိုတာပါလဲ ဆရာ"

"တချို့ကြိယာထောက်တွေက ကြိယာအဖြစ် သုံးနိုင်တဲ့ကြိယာထောက်တွေပေါ့၊ စကားလုံးတစ်လုံးရဲ့ အဆင့်ရှိတယ်၊ အဓိပ္ပာယ်လည်း အပြည့်ရှိတယ်"

"ဘယ်ကြိယာထောက်တွေလဲ ဆရာ"

"ဆိုပါတော့၊ 'နိုင်' တို့၊ 'သင့်' တို့၊ 'ထား' တို့လို ကြိယာထောက်တွေပေါ့"

"ရှင်းပြပါဦးဆရာ"

" 'နိုင်' ဆိုပါတော့၊ သူက ဒီကစားပွဲမှာ နိုင်တယ်၊ သူ့မိန်းမကို သိပ်နိုင်တာပဲ၊ ဆိုတာမျိုးသုံးရင် ကြိယာအပြည့်ပဲလေ၊ လုပ်ဆောင်နိုင်စွမ်းရှိတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့"

"ဟုတ်ကဲ့ပါ"

"အဲ... 'သူက ပြေးနိုင်တယ်၊ စာကောင်းကောင်းဖတ်နိုင်တယ်' ဆိုတာမျိုးကျတော့ ကြိယာပြည့်နဲ့ တွဲသုံးတဲ့ ကြိယာထောက်ဖြစ်သွားရောလေ"

"သြော်၊ ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ 'ဒီဈေးနှုန်းက သင့်ပါတယ်' ဆိုတဲ့အသုံးနဲ့ 'မင်းဒီစာအုပ်ဖတ်သင့်တယ်' ဆိုတဲ့အသုံးကို ယှဉ်ကြည့်ရင် ပထမ 'သင့်' က ကြိယာပြည့်၊ ဒုတိယ 'သင့်' က 'ကြိယာထောက်' ဆိုတာတွေ့မှာပါ"

"ဆရာ၊ ဒီလိုဆိုရင် 'ဘယ်လိုစားပွဲပေါ်မှာထားတယ်' လို့သုံးရင် 'ထား' က ကြိယာပြည့်၊ 'သူဘောင်းဘီဝတ်ထားတယ်' လို့သုံးရင် 'ထား' က ကြိယာထောက်ပေါ့နော်"

"ဟုတ်သပေါ့ကွယ်၊ 'ဆက်လက်ဆောင်ရွက်နေဆဲ၊ ဆက်လက်တည်ရှိနေဆဲ' ဆိုတဲ့အဓိပ္ပာယ်ပေါ့"

"ဟုတ်ကဲ့ပါ"

"တချို့ကြိယာထောက်တွေကျတော့ ကြိယာပြည့်လို သုံးလို့မရဘူး၊ ကြိယာထောက်လိုပဲ သုံးရတယ်၊ 'ရက်' ဆိုတဲ့ ကြိယာထောက်က မငဲ့ကွက်တဲ့အဓိပ္ပာယ်ပဲ၊ 'သတ်ရက်တယ်၊ ပြောရက်တယ်၊ လုပ်ရက်တယ်' ဆိုတာမျိုးသုံးတယ်၊ ဒါပေမယ့် 'သူက ရက်လိုက်တာ' လို့ သုံးရင် ဘာအဓိပ္ပာယ်မှ မပေါ်ဘူးလေ၊ အဲဒီလိုပဲ 'ဖူး' တို့၊ 'မိ' တို့လည်း 'မန္တလေးကို ရောက်ဖူးတယ်၊ မသိလို့လုပ်မိတယ်' ဆိုပြီး ကြိယာနဲ့ တွဲသုံးရတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ဒီနေရာမှာ မူလကကြိယာပြည့်အဖြစ်သုံးခဲ့ပြီး အခု မသုံးနိုင်တော့တဲ့ သာဓကတစ်ခုပြမယ်၊ 'ချင်' ဆိုတဲ့ ကြိယာထောက်ပဲ"

"ဟုတ်ကဲ့ပါ"

"အရင်တုန်းကတော့ 'ချင်' ကို အလိုဆန္ဒရှိတယ်ဆိုတဲ့အဓိပ္ပာယ်နဲ့ သုံးခဲ့တဲ့ သာဓကတွေရှိတယ်၊ ရှေးစာပေတွေထဲမှာ သုံးတယ်၊ အခုတောင် 'ချင်ခြင်းတပ်တယ်'၊ 'ချင်ခြင်းဖြစ်တယ်' ဆိုတာမျိုး သုံးနေသေးတယ်လေ"

"ဟုတ်ကဲ့ပါ"

"အခုတော့ 'သွားချင်တယ်၊ စားချင်တယ်' ဆိုတာမျိုးကြိယာနဲ့ တွဲပြီးသုံးမှရတော့တယ်၊ ကြိယာပြည့်အဖြစ် သုံးလို့ မရတော့ဘူးပေါ့"

"ဟုတ်ကဲ့ပါ"

"တချို့ကြိယာထောက်တွေကျတော့ အဲဒီလိုအဓိပ္ပာယ်ထင်ထင်ရှားရှား မရှိတော့ဘူး၊ ယေဘုယျသဘောဆောင်တဲ့ အဓိပ္ပာယ်နဲ့ပဲ သုံးတော့တယ်လေ၊ 'သွားကြမယ်' ဆိုရင် 'ကြ' ဟာ အများပြတဲ့အနက်နဲ့ သုံးတဲ့ကြိယာထောက်ပစ္စည်းပေါ့၊ အဲဒီလိုပဲ 'ဖြစ်ပါတယ်' ဆိုရင် 'ပါ' ဟာ ယဉ်ကျေးတဲ့ သဘောပြတဲ့ ကြိယာထောက်၊ 'ဟုတ်ပေတယ်' ဆိုရင် 'ပေ' ဟာ လေးနက်တဲ့ သဘောပြတဲ့ ကြိယာထောက်ပေါ့၊ ဒါတွေက သိသာရုံပြောတာပါ၊ ကြိယာထောက်တွေရဲ့သဘောကို နက်နက်ရှိုင်းရှိုင်း ကျယ်ကျယ်ပြန့်ပြန့် လေ့လာစရာတွေ အများကြီးရှိပါတယ်"

"ဟုတ်ကဲ့ပါ"

"သြော်... ဒီနေရာမှာ အင်မတန်အသုံးတွင်တဲ့ ကြိယာထောက်နှစ်ခုအကြောင်း ပြောရဦးမယ်၊ 'သွား' နဲ့ 'လာ' လေ"

"ဟင်... ဆရာ၊ 'သွား' နဲ့ 'လာ' က ကြိယာတွေမဟုတ်လား ဆရာ"

"ဟုတ်ပါတယ်၊ ပဓာနအနေနဲ့ 'သွား' နဲ့ 'လာ' က ကြိယာပြည့်တွေပေါ့၊ ဒါပေမယ့် ကြိယာထောက်အဖြစ် တွင်တွင်ကျယ်ကျယ်သုံးတာ မင်းတို့ သတိမထားမိကြဘူး ထင်တယ်"

"ဟုတ်ပါတယ် ဆရာ"

" 'အဖေ အိပ်ပျော်သွားပြီ၊ သမီးလေးနိုးလာပြီ' ဆိုတဲ့ စကားမျိုးတွေ နေ့တိုင်းသုံးနေတာလေ၊ ယေဘုယျပြောရင်တော့ 'သွား' က ဝေးသွားတဲ့သဘော၊ 'လာ' က နီးလာတဲ့သဘောလို့ ဆိုနိုင်တယ်၊ 'အိပ်ပျော်သွားပြီ' ဆိုရင် လက်ရှိလောကထဲကနေ အဝေးကိုရောက်သွားသလို မခံစားရဘူးလား၊ အိပ်မက်ကမ္ဘာထဲ ရောက်သွားတာပေါ့၊ 'နိုးလာပြီ' ဆိုရင်တော့ အဝေးကနေ အနီးကို ပြန်ရောက်လာတဲ့ သဘောမျိုး ခံစားရသလိုပဲ၊ စဉ်းစားကြည့်ကြလေ"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ 'သေ' ရင် 'သေသွားပြီ' လို့ သုံးတယ်၊ သေမယ်ထင်ပြီး မသေဘဲ ပြန်ကောင်းလာရင် 'ရှင်လာတယ်' လို့ သုံးတယ်လေ၊ ယေဘုယျသဘောပြောတာပါ"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ 'ကုန်ဈေးနှုန်းတွေ တက်သွားပြီ၊ ကုန်ဈေးနှုန်းတွေ ထိုးကျလာတယ်' ဆိုတာမျိုး၊ 'အဘွားက တော်တော်အိုသွားပြီ၊ သမီးလေးက ကြီးလာပြီ' ဆိုတာမျိုးတွေမှာ 'သွား' နဲ့ 'လာ' ရဲ့ ကြိယာထောက်အဓိပ္ပာယ်တွေကို စဉ်းစားကြည့်နိုင်ပါတယ်"

"စိတ်ဝင်စားစရာကောင်းပါတယ် ဆရာ၊ ဆက်လေ့လာပါ့မယ်"

"နောက် 'ဝါကျနောက်လိုက်ပစ္စည်း' အကြောင်းလည်း ပြောဖို့ လိုမယ်ထင်တယ်"

"ပြောပြပါဆရာ"

"ဝါကျအဆုံးမှာ သုံးရတဲ့ပစ္စည်းပေါ့၊ တစ်နည်းပြောရရင် သူ့ဟာသူ ပြီးဆုံးနေတဲ့ ဝါကျရဲ့နောက်က ထပ်ပြီး သုံးတဲ့ပစ္စည်းမျိုးပဲ"

"ဘယ်လိုပါလဲ ဆရာ"

"ကဲ... သာဓကတစ်ခုပေးရအောင်၊ 'မောင်မောင် စာဖတ်နေတယ်' ဆိုတဲ့ ဝါကျဟာ သူ့ဟာသူပြည့်စုံနေတဲ့ဝါကျနော်၊ ဒါက အပြောစကားအဖြစ် သုံးတဲ့ဝါကျပေါ့၊ စာသုံးဟန်နဲ့ ရေးရင် 'မောင်မောင်စာဖတ်နေသည်' ပေါ့၊ အဲဒီဝါကျမှာ 'တယ်' တို့၊ 'သည်' တို့က ကြိယာအဆုံးသတ် ဝိဘတ်တွေ မဟုတ်လား၊ ဒါပေမယ့် 'မောင်မောင် စာဖတ်နေတယ်လေ'၊ 'မောင်မောင်စာဖတ်နေတယ်နော်'၊ 'မောင်မောင်စာဖတ်နေတယ်ပေါ့'၊ 'မောင်မောင် စာဖတ်နေတယ်ဗျာ'၊ 'မောင်မောင်စာဖတ်နေတယ်ကွယ်' ဆိုတာမျိုး ပြောလေ့ရှိကြတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီနောက်က ထပ်သုံးတဲ့နောက်လိုက်ပစ္စည်းတွေကို ကြည့်လေ၊ တစ်ခုက အဲဒီပစ္စည်းတွေမပါရင်လည်း ဝါကျက ပြည့်စုံပြီးသား၊ မပါဘဲ သုံးလို့ရတယ်၊ ဒါပေမယ့် အဲဒီပစ္စည်းတွေထည့်လိုက်ရင် ပြောတဲ့သူရဲ့ ခံစားမှုတို့၊ အလေးအနက်ပြောတဲ့ သဘောတို့ပါလာတယ်၊ 'မောင်မောင်စာဖတ်နေတယ်လေ' လို့ သုံးရင် သေသေချာချာ မသိတဲ့သူကို မောင်မောင်ဘာလုပ်နေတယ်ဆိုတာသိအောင် အခိုင်အမာ ပြောတဲ့သဘော မဟုတ်လား၊ 'မောင်မောင်စာဖတ်နေတယ်နော်' လို့သုံးရင်တော့ သိချင်စိတ်နဲ့ စူးစမ်းတဲ့သဘော၊ သတိပြုမိအောင် ထပ်ပြောတဲ့သဘောတွေပါတယ်၊ 'စာဖတ်နေတယ်ပေါ့' ဆိုရင်တော့ သဘောတူလက်ခံတဲ့ အဓိပ္ပာယ်ပါပဲ၊ နောက်က 'ဗျာ' ကို သုံးတာကတော့ ဝါကျကို အယဉ်အကျေး အဆုံးသတ်တာပဲ"

"သြော်..."

"ကဲ ရှင်းအောင်ကြိယာတစ်လုံးတည်းနဲ့ ပြောတဲ့ဝါကျတစ်ခုပြမယ် 'လာ' လို့သုံးရင် ဝါကျအဖြစ် ဘယ်လိုအဓိပ္ပာယ်ကောက်မလဲ"

"ခိုင်းတဲ့အဓိပ္ပာယ်ပါ ဆရာ၊ 'လာ' လို့ အမိန့်ပေးတာပါ"

"ဟုတ်တယ်၊ လူတစ်ယောက်ကို 'လာ' လို့ပြောရင် လာခိုင်းတာပဲ၊ အဲဒီဝါကျနောက်မှာ နောက်လိုက်ပစ္စည်းတွေ ထည့်သုံးရင် ပြောသူရဲ့ ခံစားမှုတွေ၊ သဘောထားတွေ အမျိုးမျိုးပါလာနိုင်တာပေါ့"

"ဘယ်လို..."

"ကဲ 'လာပါ' လို့ ပြောရင် ဘယ်လိုသဘောလဲ"

"ယဉ်ယဉ်ကျေးကျေးပြောတဲ့ သဘောပါ ဆရာ"

" 'လာလေ' ဆိုရင်ရော"

"လာဖို့ အခိုင်အမာတိုက်တွန်းတဲ့သဘောထင်ပါတယ်"

"ဟုတ်ပါပြီ၊ ကဲ... 'လာနော်'၊ 'လာပေါ့'၊ 'လာစမ်း'၊ 'လာဆို' ဆိုတာတွေလည်း သဘောထားအမျိုးမျိုးသက်ရောက်ပါတယ်၊ အပြောစကားမှာ ပိုအသုံးများတာပေါ့၊ ကဲ... ဆက်ကြသေးတာပေါ့ကွယ်"

**"တချို့ကြိယာထောက်တွေကျတော့ ကြိယာပြည့်လို သုံးလို့မရဘူး၊ ကြိယာထောက်လိုပဲ သုံးရတယ်၊ 'ရက်' ဆိုတဲ့ ကြိယာထောက်က မငဲ့ကွက်တဲ့အဓိပ္ပာယ်ပဲ၊ 'သတ်ရက်တယ်၊ ပြောရက်တယ်၊ လုပ်ရက်တယ်' ဆိုတာမျိုးသုံးတယ်၊ ဒါပေမယ့် 'သူက ရက်လိုက်တာ' လို့ သုံးရင် ဘာအဓိပ္ပာယ်မှ မပေါ်ဘူးလေ၊ အဲဒီလိုပဲ 'ဖူး' တို့၊ 'မိ' တို့လည်း 'မန္တလေးကို ရောက်ဖူးတယ်၊ မသိလို့လုပ်မိတယ်' ဆိုပြီး ကြိယာနဲ့ တွဲသုံးရတယ် မဟုတ်လား"**

## နေ့ပိုင်း ထိခိုက်ဒဏ်ရာရရှိမှုက ညပိုင်း ထိခိုက်ဒဏ်ရာရရှိမှုထက် မြန်ဆန်စွာ ပျောက်ကင်းနိုင်ကြောင်း သုတေသနလေ့လာမှုအရ သိရ

**ကလျာမိုးမြင့်**

နေ့ခင်းအချိန်မှာဖြစ်ပွားတဲ့ ထိခိုက်အနာတရဖြစ်မှုနဲ့ ဒဏ်ရာရရှိမှုတွေဟာ ညမှောင်ချိန်မှာဖြစ်ပွားတဲ့ ထိခိုက်အနာတရဖြစ်မှုတွေနဲ့စာရင် ပိုပြီးမြန်မြန်ဆန်ဆန်ပျောက်ကင်းတယ်လို့ လေ့လာမှုတစ်ခုမှာ ဖော်ပြထားတာကို တွေ့ရပါတယ်။

အကယ်၍ ညအချိန်မှာအပူလောင်ဒဏ်ရာတစ်ခုရရှိခဲ့ရင် ပြန်လည်ပျောက်ကင်းဖို့ ၂၈ ရက်ကြာမြင့်ပြီး နေ့အချိန်မှာ ဒီလိုဖြစ်ရင်တော့ ၁၇ ရက်သာကြာမြင့်တာကိုတွေ့ရတယ်လို့ လေ့လာမှုတွေက ဆိုထားပါတယ်။ ဗြိတိန်က MRC မော်လီကျူးဆိုင်ရာ ဇီဝခေတ်ခွဲခန်းမှာ သုတေသနပြုနေတဲ့ လေ့လာမှုအဖွဲ့က မီးလောင်ဒဏ်ရာရရှိတဲ့ လူနာ ၁၁၈ ဦးကို လေ့လာလိုက်တဲ့အချိန်မှာ တွေ့မြင်လိုက်ရတဲ့ ကွဲပြားခြားနားမှုကြောင့် အလွန်အံ့အားသင့်ခဲ့ရတယ်လို့ ပြောပါတယ်။

အကျိုးသက်ရောက်မှုဟာ ၂၄ နာရီစက်ဝန်းတစ်လျှောက်လုံးမှာ လူသားဆဲလ်အားလုံးနီးပါးတိုင်းရဲ့အတွင်းပိုင်းမှာ ခန္ဓာကိုယ်ယန္တရား လည်ပတ်မှုစနစ်အတိုင်းသက်ရောက်မှုကွဲပြားရခြင်းဖြစ်တယ်လို့ရှင်းပြခဲ့ပါတယ်။ လူနာ ၁၁၈ ဦးရဲ့မီးလောင်ဒဏ်ရာကို လေ့လာခဲ့မှုကို Science Translational Medicine မှာ ပုံနှိပ်ဖော်ပြခဲ့ပါတယ်။ နေ့ခင်းမှာဖြစ်ပွားတဲ့ ထိခိုက်ဒဏ်ရာရရှိမှုနဲ့ ညအချိန်မှာ ဖြစ်ပွားတဲ့ ထိခိုက်ဒဏ်ရာရရှိမှုဟာ ပျောက်ကင်းချိန်ကွာခြားချက် ပျမ်းမျှ ၁၁ ရက်လောက် ရှိနေတယ်ဆိုတာကို လေ့လာမှုတွေက ဖော်ပြခဲ့ပါတယ်။

Fibroblasts လို့ခေါ်တဲ့ အရေပြားဆဲလ်တွေဟာ ၂၄ နာရီစနစ်အတွင်းမှာ သူတို့ရဲ့အလုပ်လုပ်ဆောင်နိုင်စွမ်းတွေ ပြောင်းလဲနေတဲ့အတွက်ကြောင့် အခုလိုဖြစ်ရတာဖြစ်တယ်လို့ ခေတ်ခွဲခန်းမှာ အသေးစိတ်လေ့လာခဲ့မှုတွေက ပြသနေပါတယ်။ Fibroblasts တွေဟာ ခန္ဓာကိုယ်ရဲ့ ပထမဆုံးသော တုံ့ပြန်သူတွေဖြစ်ကြပြီး ဒဏ်ရာကို ပိတ်ဖို့အတွက် ထိခိုက်ဒဏ်ရာရရှိထားတဲ့ နေရာဆီကို အမြန်ဆုံးရောက်ရှိလာပါတယ်။




ဒီဆဲလ်တွေဟာ နေ့ခင်းအချိန်မှာ တည်ငြိမ်စွာ တုံ့ပြန်ဆောင်ရွက်ပြီး ညအချိန်မှာ ဒဏ်ရာကိုကုသဆောင်ရွက်နိုင်တဲ့စွမ်းရည်တွေ မရှိတော့ပါဘူး။ သုတေသီတွေအနေနဲ့ ဒီလိုသိရှိရတဲ့အချက်ဟာ ခွဲစိတ်ကုသမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအပိုင်းမှာ အထောက်အကူပြုနိုင်လိမ့်မယ်လို့ ထင်မြင်ယူဆခဲ့ကြပါတယ်။ ။

**ဘီဘီစီ**

မြန်မာ့ရိုးရာအားကစားကဏ္ဍ

# သံမဏိလူသားစိုးလင်းဦးနှင့် တစ်ကျော့ပြန် စိန်ခေါ်ထိုးသတ်မည့် မွေထိုင်းလက်ဝှေ့ကျော် ဝီဂျစ်တို့ ရာမညမြေမှ ဘယ်သူအပြန်လမ်းလှမည်လဲ

သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်

**နှစ်သစ်ကူးနေ့ရက်များနှင့်အတူ နိုင်ငံတစ်ဝန်း ရိုးရာလက်ဝှေ့ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပလျက်ရှိသည်။ ကရင်နှစ်သစ်ကူးပွဲတော်ရက်များမှ ၂၀၁၈ နှစ်သစ် ကာလတစ်ခုသို့ ကူးပြောင်းလာသည်အထိပင်။ နိုင်ငံတစ်ဝန်း ကရင်နှစ်သစ်ကူးပွဲတော်များ၊ ဘုရားပွဲတော်များနှင့် တိုင်းရင်းသားနှစ်သစ်ကူးပွဲတော်များတွင် ပြည်တွင်း၊ ပြည်ပ ရိုးရာလက်ဝှေ့ပြိုင်ပွဲများ စဉ်ဆက်မပြတ်ထည့်သွင်းကျင်းပသကဲ့သို့ နှစ်စဉ်ကျင်းပလျက်ရှိသော မွန်ပြည်နယ် မုဒုံမြို့နယ် ဝင်းစိန်တောရကျောင်းတွင်လည်း လာမည့်နှစ်ဆန်း ဇန်နဝါရီ ၁၀ ရက်မှစတင်ကာ ဇန်နဝါရီ ၁၂ ရက်အထိ သုံးရက်တိုင်တိုင် သုံးနိုင်ငံပါဝင်ယှဉ်ပြိုင်ထိုးသတ်မည့် နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး ကျင်းပမည်ဖြစ်သည်။ ယင်းနိုင်ငံတကာရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲတွင် ထိုင်း၊ ဥဇဘက်ကစ္စတန်နှင့် အိမ်ရှင် မြန်မာနိုင်ငံတို့မှ ပထမတန်း လက်ဝှေ့ကျော်များ ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။ နှစ်စဉ် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သော ဝင်းစိန်တောရပွဲ၌ ယခုနှစ်တွင်လည်း မြန်မာ့ရိုးရာ လက်ဝှေ့လောကမှ သံမဏိလူသား မာဂုဏ်မြင့် ပထမတန်း လက်ဝှေ့ကျော် စိုးလင်းဦးကို တစ်ကျော့ပြန်စိန်ခေါ်လိုက်သည့် မွေထိုင်းလက်ဝှေ့ကျော် ဝီဂျစ်(ခ) ပါရော့စမွေ တို့ပွဲသည် ရိုးရာလက်ဝှေ့ဝါသနာရှင် ပြည်သူများကြား စိတ်ဝင်စားမှု အမြင့်မားဆုံးဖြစ်နေသည်။**

မြန်မာ့ရိုးရာလက်ဝှေ့လောက ပထမတန်းလက်ဝှေ့ကျော် စိုးလင်းဦးနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် မွေထိုင်း လက်ဝှေ့ကျော် ဝီဂျစ်သည် ရိုးရာလက်ဝှေ့နှင့် မစိမ်းသော မွေထိုင်းလက်ဝှေ့ကျော်တစ်ဦးဖြစ်ပြီး ပြီးခဲ့သော ၂၀၁၅ ခုနှစ်တွင် စိုးလင်းဦးနှင့် ရေးမြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ဖူးသည်။ အမြင့်ခြေကန်ချက်များ ကောင်းမွန်သလို တံတောင်ရိုက်ချက်များတွင်လည်း သူမတူသော လက်ဝှေ့ကျော်တစ်ဦးအဖြစ် မွေထိုင်းလက်ဝှေ့လောကတွင် နာမည်ကြီးသူဖြစ်သည်။ ယင်းပွဲတွင် ဝီဂျစ်အမြင့်ခြေကန်ချက်ကြောင့် စိုးလင်းဦး ပထမအချီတွင် အနားတောင်းခဲ့ရပြီး သရေဖြစ်ခဲ့သဖြင့် ဝီဂျစ်အခဲမကျေဖြစ်ခဲ့မှုမှာ နှစ်နှစ်ကျော်ကာလတစ်ခုသို့တိုင်ခဲ့ပြီဖြစ်သည်။ ကြားကာလတွင် စိုးလင်းဦးနှင့်ပြန်လည်ယှဉ်ပြိုင်ထိုးသတ်ရန် ဆန္ဒပြု တောင်းဆို ခဲ့သော်လည်း တစ်ဖက်ကစားသမားစိုးလင်းဦးမှာ စာချုပ်မိခဲ့သဖြင့် ယခု ၂၀၁၈ ခုနှစ်မှ ပြန်လည်တည်ပေးခွင့်ရခဲ့ခြင်းဖြစ်သည်။

စိုးလင်းဦးသည် မာဂုဏ်မြင့်ကစားသမားတစ်ဦးဖြစ်ပြီး လက်သီးပါဝါကို အဓိကအားထားအသုံးပြုသော ဖိုက်တာလက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ ကောင်တာထက် ဖိုက်တာအသွင်ကစားမှုကို ပိုမိုအားသန်ပြီး လက်ဝှေ့ သမားဘဝဖြတ်သန်းလာမှုကိုကြည့်လျှင် အရှုံးနည်းပြီး နိုင်ပွဲဆက်များသော လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ စိုးလင်းဦးသည် အသက် ၂၆ နှစ် အရပ် ၅ ပေ ၈ လက်မရှိပြီး လတ်တလော ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲပေါင်း ၈၅ ပွဲတွင် နိုင်ပွဲ ၅၁ ပွဲ၊ သရေ ၃၂ ပွဲနှင့် ရှုံးပွဲနှစ်ပွဲ ရလဒ်ပိုင်ဆိုင်ထားသော မြန်မာနိုင်ငံ ပထမတန်း လက်ဝှေ့ကျော်တစ်ဦး ဖြစ်သည်။ ပြီးခဲ့သော နိုဝင်ဘာ ၄ ရက်တွင် ကျင်းပခဲ့သော WLC-3 ပြိုင်ပွဲတွင်လည်း ယူဂန်ဒါနိုင်ငံသား အူမာဆီမာတာကို အလဲထိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာ့ရိုးရာလက်ဝှေ့လောက၌ ၂၀၁၀၊ ၂၀၁၁ ခုနှစ်တို့တွင် ဒင်္ဂုံရွှေအောင်လံကို နှစ်နှစ်ဆက်ပိုင်ဆိုင်ခဲ့သောကြောင့် ယခုဒုတိယအကြိမ် ပြန်လည်စိန်ခေါ်သော ဝီဂျစ်(ထိုင်း) နှင့် မကျေပွဲတွင် ပွဲကောင်းတစ်ပွဲဖြစ်လာမည်မှာ ယုံမှားစရာပင်မရှိလောက်အောင် ရိုးရာလက်ဝှေ့ချစ်ပြည်သူများက စိတ်ဝင်စားလျက်ရှိ ကြသည်။

မကျေပွဲပြန်နွှဲရန် စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်မည့် မွေထိုင်း လက်ဝှေ့ကျော် ဝီဂျစ်(ထိုင်း)မှာ ပြီးခဲ့သော ရန်ကုန်မြို့ သိမ်ဖြူ ရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပသော Nation Fight တွင် စောဂေါ်မူဒို (မြန်မာ)နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ယင်းပွဲတွင် စောဂေါ်မူဒိုကို အနိမ့်သရေကျခဲ့သော်လည်း စိုးလင်းဦးနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲလောက်ရင်မခုန်ခဲ့ရကြောင်း၊ စိုးလင်းဦးကို သူ့အနေဖြင့် ပြန်လည် စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်ချင်ကြောင်း ပြည်တွင်းမီဒီယာများအား ပြောကြားခဲ့သည်။ ဝီဂျစ် (ထိုင်း)သည် အသက် ၂၄ နှစ်၊ ဝိတ်တန်း ကီလို ၇၀၊ အရပ် ၅ ပေ ၈ လက်မရှိသော မွေထိုင်း လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ အသက်အားဖြင့် ငယ်သော်လည်း ယှဉ်ပြိုင်ထိုးသတ်ခဲ့သော မွေထိုင်းပြိုင်ပွဲ ၈၂ ပွဲတွင် နိုင်ပွဲ ၆၄ ပွဲ၊ ရှုံးပွဲ ၁၆ ပွဲနှင့် သရေနှစ်ပွဲ ရလဒ်ပိုင်ဆိုင်ထားသူဖြစ်သည်။ အထူးသဖြင့် မြန်မာ့ရိုးရာလက်ဝှေ့လောကတွင် မာဂုဏ်မြင့် သံမဏိလူသားဟု နာမည်ကျော်နေသော စိုးလင်းဦးနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် လုံလောက်သော ကာလတစ်ခုအထိ ပြင်ဆင်ထားပြီး အလဲထိုးဖြင့် အိမ်ပြန်လမ်းလှရန် ဒုတိယအကြိမ် စိန်ခေါ်ယှဉ်ပြိုင် ထိုးသတ်ခြင်းဖြစ်ကြောင်း ယခုပွဲနှင့် ပတ်သက်၍ အွန်လိုင်း စာမျက်နှာတွင် ရင်ဖွင့်ထားသည်။


ဝီဂျစ်(ထိုင်း)


စိုးလင်းဦး(မြန်မာ)

ယင်းပွဲနှင့်အပြိုင် ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ စိတ်ဝင်စားမှုမြင့်မားနေသော ပွဲကောင်းတစ်ပွဲမှာ စောဂေါ်မူဒို (မြန်မာ)နှင့် တူဒါပို့ (ဥဇဘက်ကစ္စတန်)တို့ပွဲဖြစ်သည်။ စောဂေါ်မူဒိုသည် မာဂုဏ်ပိုင်းဆိုင်ရာ မြင့်မားမှုရှိသော လက်ဝှေ့သမားတစ်ဦးဖြစ်သကဲ့သို့ လတ်တလော လက်ရည်ပိုင်းဆိုင်ရာ မြင့်မားတိုးတက်မှုမှာ ယခုနှစ်ပိုင်း လက်ဝှေ့ပြိုင်ပွဲများတွင် ပိုမိုသိသာလာသည်။ အသက်အားဖြင့် ၂၃ နှစ် ဝိတ်တန်း ကီလို ၇၀ ရှိပြီး အရပ် ၅ ပေ ၈ လက်မရှိကာ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော လက်ဝှေ့ပွဲပေါင်း ၃၉ ပွဲတွင် နိုင်ပွဲ ၂၀၊ သရေ ၁၄ ပွဲနှင့် ရှုံးပွဲ ငါးပွဲရလဒ်ပိုင်ဆိုင်ထားသော မြန်မာပြည်အလွတ်တန်း ချန်ပီယံဟောင်း လက်ဝှေ့ကျော် လုံးချော၏ တပည့်အရင်းတစ်ဦးဖြစ်သည်။ ၎င်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဥဇဘက်ကစ္စတန်နိုင်ငံသား မွေထိုင်းလက်ဝှေ့ကျော် တူဒါပို့သည် မြန်မာ့ရိုးရာလက်ဝှေ့ ပထမတန်းလက်ဝှေ့ကျော်တူးတူး (နဂါးမာန်)နှင့် ထိုင်းဖိုက်တွင် ယှဉ်ပြိုင်ထိုးသတ်ဖူးသူတစ်ဦးဖြစ်ပြီး ယင်းပွဲတွင် တူးတူးကို အမှတ်ဖြင့်အနိုင်ရထားသော လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ တံတောင်ရိုက်ချက်ကောင်းပြီး ပြိုင်ဘက်တိုင်းကို ပတ်တံတောင် အသုံးပြုကာ ပွဲသိမ်းလေ့ရှိသော မွေထိုင်း လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ အသက်အားဖြင့် ၂၃ နှစ် ဝိတ်တန်း ၆၇ ကီလိုတန်းရှိကာ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော လက်ဝှေ့ပွဲပေါင်း ၈၀ တွင် နိုင်ပွဲ ၆၉ ပွဲ၊ ရှုံးပွဲ ကိုးပွဲနှင့် သရေ နှစ်ပွဲ ရလဒ်ပိုင်ဆိုင်ထားသည့် လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ အောင်မြင်မှုအပိုင်းအနေဖြင့် IFMA A Klass Champion၊ Thai Fight Champion နှင့် Topking Champion ခါးပတ်တို့ကို ရရှိထားသူတစ်ဦးဖြစ်သောကြောင့် ယင်းပွဲသည် လက်ရည်ပိုင်းအရ တစ်ဟုန်ထိုး တိုးတက်မှုရှိလာသော စောဂေါ်မူဒိုနှင့်ပွဲမှာ အမှန်ပင် ကြည့်ကောင်းမည့်ပွဲ တစ်ပွဲပင်ဖြစ်သည်။


စောဂေါ်မူဒို(မြန်မာ)


တူဒါပို့(ဥဇဘက်ကစ္စတန်)

အလားတူ ပွဲကောင်းတစ်ပွဲဖြစ်သော သွေးသစ်အောင် (မြန်မာ)နှင့် ဖွားဆိုလ (ထိုင်း) တို့ပွဲသည်လည်း ရိုးရာလက်ဝှေ့ချစ်ပြည်သူများ အကြိုက်တွေ့စေမည့် ပွဲပင်ဖြစ်သည်။ ကလပ်အပြောင်းအလဲ ကာလတစ်ခုတွင် အနည်းငယ်မှေးမှိန်သွားခဲ့သော သွေးသစ်အောင်သည် ယခုရောက်နေသော သုံးပန်လှကလပ်သစ်တွင် ပွဲဆက်များလာသကဲ့သို့ လက်ရည်ပြန်လည်တက်လာသော လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ ရိုးရာလက်ဝှေ့ ပွဲတိုင်းကို လက်သီးပါဝါသုံးကာ အလဲထိုးဖြင့် နိုင်ပွဲဆက်နေသော ကစားသမားတစ်ဦးဖြစ်သည်။ အသက်အားဖြင့် ၂၄ နှစ် ဝိတ်တန်း ၇၁ ကီလို အရပ် ၅ပေ ၆ လက်မရှိပြီး လတ်တလော သုံးပန်လှ ရိုးရာလက်ဝှေ့ကလပ်တွင် လေ့ကျင့်လျက်ရှိပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲပေါင်း ၅၂ ပွဲတွင် နိုင်ပွဲ ၂၉ ပွဲ၊ သရေပွဲ ၂၀ နှင့် ရှုံးပွဲ သုံးပွဲပိုင်ဆိုင်ထားကာ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် ရွှေခါးပတ်ချန်ပီယံဆုများကို ပိုင်ဆိုင်ဆွတ်ခူးထားသော လက်ဝှေ့ကျော်ဖြစ်သည်။

သွေးသစ်အောင်နှင့်ယှဉ်ပြိုင်ထိုးသတ်မည့်ဖွားဆိုလ (ထိုင်း) သည် မွေထိုင်း ကီလိုတန်း၇၀ တွင် ပြိုင်သူမဲ့ ချန်ပီယံတစ်ဦးဖြစ်ပြီး တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ခါးပတ်များစွာ ပိုင်ဆိုင်ထားသော မွေထိုင်းသမ္ဘာရင့် လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ ယှဉ်ပြိုင်ထိုးသတ်ထားသော ပွဲပေါင်း ၁၁၂ ပွဲတွင် နိုင်ပွဲ ၇၀ သရေ ၁၁ ပွဲနှင့် ရှုံးပွဲ ၃၁ ပွဲ ပိုင်ဆိုင်ထားသည်ကို ကြည့်ခြင်းဖြင့် ဖွားဆိုလနှင့် သွေးသစ်အောင်တို့ တွေ့ဆုံမှုမှာ ပြင်းထန်သော ပြိုင်ပွဲကောင်းတစ်ပွဲဖြစ်မည်ကို ယုံမှား စရာပင် မရှိလောက်ပေ။

နောက်ဆုံးမျိုးဆက်သစ် ပြိုင်ပွဲကောင်းတစ်ပွဲဖြစ်သော ရဲသွေးနီ(မြန်မာ)နှင့် တိုလာဘေး (ဥဇဘက်ကစ္စတန်) တို့ပွဲသည်လည်း ပရိသတ်အကြိုက်တွေ့မည့် ပွဲကောင်းတစ်ပွဲဖြစ်သည်။ ရဲသွေးနီနှင့် ယှဉ်ပြိုင် ထိုးသတ်မည့် တိုလာဘေး(ထိုင်း) သည် ပြီးခဲ့သော Lethwei Nation Fight ပြိုင်ပွဲတွင် မိုက်ရိုင်း (မြန်မာ)နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ သုံးချီပြည့်သည်အထိ သူတစ်ပြန်ကိုယ်တစ်ပြန် ရေကုန်ရေခန်းယှဉ်ပြိုင်ခဲ့သော်လည်း လေးချီမြောက်တွင် မိုက်ရိုင်းအောက်ခြေရိုက်ချက်များကြောင့် အလဲထိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ သမ္ဘာရင့် မွေထိုင်း လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်နှင့်အညီ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲပေါင်း ၁၀၄ ပွဲတွင် နိုင်ပွဲ ၉၁ ပွဲ သရေ လေးပွဲနှင့် ရှုံးပွဲ ကိုးပွဲ ရလဒ်ပိုင်ဆိုင်ထားကာ ၂၀၁၅၊ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တို့တွင် မက်မွေထိုင်း ချန်ပီယံရထားသည့် လက်ဝှေ့ကျော်တစ်ဦးဖြစ်ပြီး တခြားချန်ပီယံရွှေခါးပတ်များစွာကိုလည်း ပိုင်ဆိုင်ထားသည်။ တိုလာဘေးနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ရဲသွေးနီ(မြန်မာ)ကလည်း မြန်မာ့ရိုးရာလက်ဝှေ့လောကတွင် ရှုံးပွဲ အနည်းဆုံး ပိုင်ဆိုင်ထားသော လက်ဝှေ့ကျော်များထဲတွင် ပါဝင်နေသော မာဂုဏ်မြင့်လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ အရပ်အားဖြင့် နိမ့်သော်လည်း ယှဉ်ပြိုင်ထိုးသတ်ထားသော လက်ဝှေ့ပွဲပေါင်း ၇၁ ပွဲတွင် နိုင်ပွဲ ၄၁ပွဲ သရေ ၂၉ ပွဲနှင့် ရှုံးပွဲတစ်ပွဲသာ ရလဒ် ပိုင်ဆိုင်ထားပြီး ၂၀၁၅နှင့် ၂၀၁၆ တွင် ရွှေခါးပတ်ချန်ပီယံဆု များကို လွယ်လင့်တကူဆွတ်ခူးခဲ့သော လက်ဝှေ့ကျော်တစ်ဦး ဖြစ်ခြင်းကြောင့် သူတို့နှစ်ဦးတွေ့ဆုံမှုသည် ရိုးရာလက်ဝှေ့ချစ် ပရိသတ်များ စိတ်ကြိုက်တွေ့စေမည့် ပွဲကောင်းတစ်ပွဲဖြစ်လာ မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် လက်မှတ်များကို ငွေကျပ် ၁၀၀၀၀ နှင့် ၈၀၀၀ သတ်မှတ်ထားပြီး ၀၉-၂၅၄၂၁၄၁၆၀ ဇော်ပစ်တိုင်းထောင်ဗီဒီယိုမှ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မြန်မာ-ထိုင်း-ဥဇဘက်ကစ္စတန် သုံးနိုင်ငံမှ လက်ဝှေ့ကျော်များ ဝင်ရောက်ယှဉ်ပြိုင်ထိုးမည့် လက်ဝှေ့ပြိုင်ပွဲကြီးကို မွန်ပြည်နယ် မုဒုံမြို့နယ် ဝင်းစိန်တောရကျောင်း၌ လာမည့် ဇန်နဝါရီ ၁၀ ရက် မွန်းတည့် ၁၂ နာရီတွင် စတင်ကျင်းပမည်ဖြစ်ပြီး အဆိုပါပြည်ပ ငါးချီ တွဲဆိုင်းများ အပြင် မိုက်ရိုင်းလေး (ရွှေဖူး)နှင့် ရန်နိုင်ထွန်း(သုံးပန်လှ)၊ ဒေါင်းဖြူလေး (Adventure)နှင့် ထူးနေသူ(တောင်ကလေး)၊ သပြေအောင်(သုံးပန်လှ)နှင့် သက်ပိုင်အောင်(တောင်ကလေး)၊ စောလွမ်းချိုင်း (Adventure) နှင့် ရဲဝင်း(တောင်ကလေး)တွဲဆိုင်းများ အပြင် မျိုးဆက်သစ်တွဲဆိုင်းများလည်း ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်၍ ရိုးရာလက်ဝှေ့ဝါသနာရှင်များ စိန်ခေါ်သူမွေထိုင်း လက်ဝှေ့ကျော် ဝီဂျစ်နှင့် သံမဏိလူသား စိုးလင်းဦးတို့ ရာမညမြေမှ ဘယ်သူ ပြန်လမ်းလှမည်ကို စောင့်ကြည့်ရတော့မည်ဖြစ်ပါကြောင်း။


ဖွားဆိုလ(ထိုင်း)


သွေးသစ်အောင်(မြန်မာ)

**အ ခွင့် အ လမ်း ဖွေ ရှာ ဘ ၀ အ တွက် တာ**

**မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အ၀န်းသို့ ၀င်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာ၀န်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအား အရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့်ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။**

# အခက်အခဲများစွာနှင့် ဒီဇင်ဘာကို ဖြတ်သန်းနေကြသူများ

**ခင်ရတနာ**



"ဒီဇင်ဘာလနဲ့ ဇန်နဝါရီလက ကျွန်တော်တို့လို တရားမဝင်(အထောက်အထားမဲ့)နေသူတွေအတွက် အခက်ခဲဆုံးလပါပဲ၊ ကျွန်တော်မလေးရှားရောက်တာ ငါးနှစ်ရှိပြီ၊ အိုဗာစတေးဖြစ်တာ နှစ်နှစ်ရှိသွားပြီ၊ ဒီဇင်ဘာဆိုရင် ဘယ်ကိုမှမထွက်တော့ဘူး၊ စက်ရုံထဲမှာပဲနေဖြစ်တယ်၊ အပျော်အပါးရာသီဆိုပေမယ့် ကျွန်တော်နဲ့က ဘာမှမသက်ဆိုင်ဘူးလို့ သဘောထားတယ်"ဟု မလေးရှားရောက် မြန်မာတစ်ဦးက သူ့အခက်အခဲကို ပြောသည်။

မလေးရှားအစိုးရသည် မြန်မာအပါအဝင် အထောက်အထားမရှိဘဲ နေထိုင်ကြသည့် နိုင်ငံခြားသားများကို ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထားကာ ထွက်ခွာကြရန် ကြေညာထားပြီးဖြစ်သည်။ သို့သော် မလေးရှားနိုင်ငံမှ ရဲတပ်ဖွဲ့များနှင့် လဝကတာဝန်ရှိသူများက အထောက်အထားမခိုင်လုံသည့် နိုင်ငံခြားသားများကို စစ်ဆေးဖမ်းဆီးမှုများ နိုဝင်ဘာလကုန်ပိုင်းကတည်းက နေရာအချို့တွင် စတင်လုပ်ဆောင်နေပြီဖြစ်သည်။

"အပြင်မထွက်တာ ဆယ်ရက်ရှိပြီ၊ သက်တမ်းလည်းကုန်တော့မယ်၊ အိုဗာစတေးဖြစ်ရင် အခုလို အလုပ်သွား၊ အလုပ်ပြန်တောင် လုပ်ဖို့မလွယ်ဘူး၊ လစာကတော့ မြန်မာငွေနဲ့တွက်ရင် စားစရိတ်ငြိမ်း လေးသိန်းကျော်လောက်ရနေတော့ ပြန်လည်း မပြန်ချင်သေးဘူး၊ အိုဗာစတေးဖြစ်သွားသူတွေက အလုပ်တွေသိပ်ရှုပ်တယ်၊ အောက်လည်းကျတယ်၊ သွားရလာရတာလည်း အဆင်မပြေဘူး၊ နောက်ဆုံး လစာလွှဲဖို့တောင် အခက်အခဲတွေအများကြီးရှိတယ်"ဟု မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ပြင်ရှိ မော်တော်ကားပြုပြင်ရေးလုပ်ငန်းတွင် လုပ်ကိုင်နေသူ ကိုကျော်မိုးက ပြောကြားသည်။

လက်ရှိတွင် မြန်မာအစိုးရက မလေးရှားနိုင်ငံတွင် ဖမ်းဆီးခြင်းခံနေရသည့် မြန်မာနိုင်ငံသားများကို အကာအကွယ်ပေးရန်၊ လိုအပ်သည့်အကူအညီများ ပေးအပ်ရန်အတွက် မလေးရှားအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်းသိရသည်။ မလေးရှားရောက် မြန်မာနိုင်ငံသားများ အထောက်အထားမဲ့နေထိုင်ခြင်းများအတွက် ကြုံတွေ့ရနိုင်သည့် အခက်အခဲများကိုလည်း မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် မလေးရှားနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာအလုပ်သမား သံအရာရှိများက လိုက်လံပညာပေးလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

နှစ်စဉ်နှစ်တိုင်း ယခုကာလအတွင်း မလေးရှားအစိုးရသည် ၎င်းတို့နိုင်ငံအတွင်း ရောက်ရှိအလုပ်လုပ်ကိုင်နေကြသည့် နိုင်ငံခြားသားများအား စိစစ်ဖော်ထုတ်ဖမ်းဆီးကာ အပြစ်ဒဏ်ပေးခြင်းနှင့် ထိန်းသိမ်းရေးစခန်းများသို့ ပို့ဆောင်ခြင်းတို့ကို ပိုမိုအကွက်စိပ်စွာ ပြုလုပ်လေ့ရှိသည်။ ယခုနှစ်တွင်လည်း ကြေညာချက် မတိုင်မီကတည်းကပင် ဖမ်းဆီးစစ်ဆေးမှုများကို မြို့ကြီးများတွင် စတင်လုပ်ဆောင်နေသည်ဟု မလေးရှားရောက် မြန်မာများထံမှ သိရသည်။

**အလုပ်သမားတွေကြောက်တဲ့ အော်ပရာစီ**

"မလေးရှားအစိုးရက မူဝါဒအမျိုးမျိုးနဲ့ နေရာစုံမှာ အော်ပရာစီဝင်တယ်၊ အထောက်အထားမရှိတဲ့သူတွေ၊ အလုပ်နဲ့ ပါမစ်မတူတဲ့သူတွေ အားလုံးအန္တရာယ်ရှိပါတယ်၊ အထောက်အထား ဘာမှမရှိတဲ့သူတွေ ဖမ်းခံရရင် ရောက်တဲ့နေရာ ကိုယ့်ရဲ့အသိမိတ်ဆွေတွေကိုပြောနိုင်အောင် ဖုန်းနံပါတ်တစ်ခုခုကို အလွတ်ကျက်ထားဖို့ လိုပါတယ်၊ အချို့က ပါမစ်ကတ်နဲ့ ယူအန်ကတ် နှစ်ခုကိုင်တာတွေရှိတယ်၊ နှစ်ခုမကိုင်ထားပါနဲ့၊ အော်ပရာစီဝင်တဲ့အခါ ရဲသီးသန့်ဆိုရင် ဖြေရှင်းလို့ရနိုင်ပါတယ်၊ Immigration လဝကပါ ပါမယ်ဆိုရင်တော့ ရှင်းလို့မရနိုင်ပါဘူး၊ ဖြေရှင်းမရရင် အနည်းဆုံး ထောင်သုံးလကျခံရပါလိမ့်မယ်၊ ထောင်ကျခံပြီးရင် Camp ကိုရောက်မယ်၊ Camp ရောက်တဲ့အချိန် မြန်မာသံရုံးက တာဝန်ရှိသူတွေက လာတွေ့ဆုံပါလိမ့်မယ်၊ တွေ့ဆုံတဲ့အခါ ကိုယ့်မိသားစု၊ မိတ်ဆွေအပေါင်းအသင်းတွေကို ဆက်သွယ်အကြောင်းကြားပြီး မှတ်ပုံတင်၊ အိမ်ထောင်စုဇယား၊ ရင်းဂစ်ငွေ ၆၅၀ နဲ့အတူ သံရုံးက တာဝန်ပေးထားသူ၊ ထောင်အလိုက်တာဝန်ရှိသူထံကို ပေးရမှာဖြစ်ပါတယ်၊ တာဝန်ရှိသူတွေထံကို မြန်မြန်ပေးနိုင်မှ မြန်မြန်ပြန်ရမှာပါ၊ ဖုန်းနံပါတ်မရှိ၊ စာရွက်စာတမ်းမရှိ၊ ပိုက်ဆံမရှိရင်တော့ Camp မှာ အချိန်အကန့်အသတ်မရှိ ကြာတတ်ပါတယ်၊ Camp ထဲမှာပဲ အဆင်မပြေလို့ သေဆုံးသွားသူတွေလည်း ရှိပါတယ်၊ ပါမစ် အမှန်ရှိသူတွေ အဖမ်းခံရရင် ၂၄ နာရီအတွင်း သူဌေး ဒါမှမဟုတ် အေဂျင်စီကို အမြန်ရွေးပေးဖို့ ပြောပါ၊ စာအုပ်ရှိတဲ့ သူတွေကတော့ လက်ထဲမှာ ပါမစ်မရှိဘဲ ဖမ်းမိတယ်ဆိုရင် ကျန်တဲ့သူက စာအုပ်ယူပြီး ချက်ချင်းလိုက်သွားပါ၊ မကြောက် ပါနဲ့၊ အခြားသူရဲ့ကတ်တွေ ဓာတ်ပုံပြောင်းကပ်ပြီး ကိုင်ထားသူတွေ ရဲလောက်ပဲပြပါ၊ အော်ပရာစီဆိုရင်တော့ လွှင့်သာပစ်လိုက်ပါ၊ မလေးရှားဘယ်နေရာမှာမဆို အခုအချိန်က အဖမ်းအဆီးရှိတတ်တာမို့ သတိထားဖို့ လိုပါတယ်၊ ဖမ်းခံရတာမျိုးဖြစ်လာရင် ကျွန်တော့်ဖုန်းက ၀၁၁၁၁၄၃၃၈၆၈ပါ၊ အတတ်နိုင်ဆုံးကူညီပေးမယ်"ဟု မလေးရှားရောက် မြန်မာအလုပ်သမား ကိုသက်ခိုင်စိုးက ပြောသည်။

**အထောက်အထားအတွက်ငွေကြေးမတတ်နိုင်**

လက်ရှိ စာရင်းဇယားများအရ မလေးရှားနိုင်ငံတွင် အထောက်အထားမဲ့ အလုပ်သမား သုံးသိန်းဝန်းကျင်ရှိနေကြောင်း သိရှိရပြီး ယင်းတို့အနက် အများစုမှာ အဖမ်းအဆီးများကြောင့် အပြင်သို့ ထွက်လည်ခြင်းမပြုလုပ်ရဲကြဘဲ မိသားစုထံ ငွေလွှဲပို့ရန်ပင် မိတ်ဆွေရှားပါးပါက ပွဲစားများမှတစ်ဆင့် ငွေအပိုပေးကာ လုပ်ဆောင်နေကြရသည်ဟု သိရသည်။ ထို့ပြင် အထောက်အထားပြုလုပ်ရာတွင်လည်း မြန်မာနိုင်ငံသားပွဲစားများနှင့် အကျိုးဆောင်များထံ ဆက်သွယ်ကာ လုပ်ဆောင်နေကြရပြီး ကိုယ်တိုင်လုပ်ဆောင်ရန် အခက်အခဲများစွာရှိနေကြောင်း သိရသည်။

"ဘယ်သူကမှ တရားမဝင်မနေချင်ပါဘူး၊ ဒါပေမယ့် တရားဝင်ဖြစ်ဖို့ လိုအပ်ချက်တွေအများကြီးရှိတယ်၊ စာအုပ်လုပ်ဖို့အတွက် အီးကတ်ရှိရမယ်၊ ပွဲစားခဆိုရင် ရင်းဂစ် ၁၅၀၀ ပေးရတယ်၊ အရင်ဆုံးပါမစ်ကပ်ရသေးတယ်၊ ပါမစ်ကပ်ဖို့က ပွဲစားခ စရန် ရင်းဂစ် ၄၀၀၀ ပေးရတယ်၊ အဲဒီ ရင်းဂစ် ၄၀၀၀ ရဖို့ လေးလစာ လုပ်ခလောက်ရှိတယ်၊ ပါမစ်သီးသန့်က လမ်းစရိတ်မပါဘူး၊ အပြီးအစီးလမ်းစရိတ်ကိုထည့်တွက်ရင် ရင်းဂစ် ၆၅၀၀ အထက်ကုန်ကျတယ်၊ စာအုပ်(Passport) နဲ့ ပါမစ်ပေါင်းရင် ရင်းဂစ် ၈၀၀၀ လောက်ကုန်တယ်၊ ဒါတောင် သံရုံးသွားလာတာ၊ ပါမစ်ကိစ္စလုပ်တဲ့ ခရီးစရိတ်တွေနဲ့ အဲဒီလိုနေ့တွေ လုပ်အားခဆုံးရှုံးရတာတွေ မပါသေးပါဘူး၊ ဒါက တစ်နှစ်လည်း မပြီးဘူး၊ မလေးရှားနေထိုင်ခွင့်ပါမစ်ရဖို့ နှစ်တိုင်း အနည်းဆုံးရင်းဂစ် ၄၅၀၀ လောက် နေသမျှ ပေးရဦးမှာ၊ တစ်နှစ်ကို ၄၅၀၀ ရင်းဂစ်ဆိုရင် တစ်လကို ၃၇၅ရင်းဂစ်က တရားဝင်နေထိုင်ရဖို့ ပေးရတယ်၊ လစာက ၁၇၀၀ ရင်းဂစ်ရတယ်၊ စားစရိတ်က ရင်းဂစ် ၅၀၀ လောက်နုတ်ရင် တစ်လကို ရင်းဂစ် ၈၀၀ ပဲ အိမ်ကိုပို့ဖို့ စုနိုင်မယ်၊ ဒီကြားထဲ ကျန်းမာရေးတို့၊ လူမှုရေးတို့ ကိစ္စတွေလည်း ရှိတယ်၊ အများဆုံးအိမ်ကိုပို့နိုင်ရင် ရင်းဂစ် ၆၀၀ပေါ့၊ ဒါပုံမှန် နေထိုင်တဲ့သူတွေအတွက် တွက်ချက်ပြတာပါ၊ ရသလောက် အိမ်ပို့နေပြီး ဖမ်းခံရခါနီးမှ စုကုန်မယ့်သူတွေ အကြွေးတင်လည်း တစ်လကို ရင်းဂစ် ၈၀၀ ပြန်ဆပ်ရင်တောင် ၁၀လလောက်ပြန်ဆပ်ကြရတယ်၊ တစ်ခါတလေ ပွဲစားက လိမ်သွားတာမျိုး အကြာကြီးနေမှ မရဘူးဆိုပြီး ငွေတစ်ဝက်ပြန်ပေးတာမျိုးလည်း ကြုံရသေးတယ်၊ အဲဒီလိုကြုံနေကြသူတွေ မလေးရှားမှာ အများကြီးပဲ"ဟု အထောက်အထားမရှိ နေထိုင်သူတစ်ဦးက သူကြုံတွေ့နေသည့် အခြေအနေအား ပြန်လည်ရှင်းပြသည်။

လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်နိုင်ရန်အတွက် တရားဝင်ဖြစ်သောနည်းလမ်းများဖြင့် သွားလာရန်လိုအပ်ပါသည်။ သို့မှသာ အလုပ်သမားများအတွက် ရပိုင်ခွင့်အခွင့်အရေးများရရှိနိုင်ပြီး ဆိုးကျိုးခံစားရမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း အိုင်အိုအမ်တို့က ပြောကြားထားသည်။

**တရားမဝင်ရွှေ့ပြောင်းခြင်းဖြင့်**

တရားမဝင်အထောက်အထားမရှိ ရွှေ့ပြောင်းသွားလာခြင်းဖြင့် သူတစ်ပါးထက် နိမ့်ကျသည့် လုပ်အားခကိုသာရရှိခြင်း၊ ပြည်ပနိုင်ငံအတွင်း လွတ်လပ်စွာ သွားလာခွင့်မရရှိခြင်း၊ ပြည်ပနိုင်ငံအတွင်း ကျန်းမာရေးစောင့်ရှောက်မှု ခံစားပိုင်ခွင့်မရှိခြင်း၊ ဖမ်းဆီးခံရမှု၊ ပြည်နှင်ဒဏ်ခံရမှုများ ဖြစ်ပေါ်နိုင်ခြင်း၊ လူကုန်ကူးခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများ ကြုံတွေ့နိုင်သည်ကို မြင်တွေ့ရသည်။

**တရားဝင်နေထိုင်၍ အလုပ်လုပ်ကိုင်ပါ**

တရားဝင်နည်းလမ်းများဖြင့် အလုပ်လုပ်ကိုင်ခြင်းဖြင့် နိုင်ငံအတွင်းလုံခြုံစိတ်ချစွာ သွားလာနိုင်မည်ဖြစ်သည်။ ထို့ပြင် ရောက်ရှိနိုင်ငံ၏ အလုပ်သမားဥပဒေပါ ခံစားခွင့် များကို ရရှိခံစားနိုင်ပြီး လူကုန်ကူးခံရမှု၊ အလုပ်ခေါင်းပုံဖြတ်ခံရမှုတို့ ကင်းဝေးပြီး လုပ်ခလစာနှင့် အလုပ်သမားအခွင့်အရေး ခေါင်းပုံဖြတ်ခံရမှုတို့မှလည်း ကင်းဝေးနိုင်မည်ဖြစ်သည်။ အလုပ်လုပ်ကိုင်ခွင့်သက်တမ်းကုန်သည့်အခါ မိမိနိုင်ငံသို့ လုံခြုံစိတ်ချစွာ ပြန်လာနိုင်မည်ဖြစ်သည်။

**တရားဝင်သွားရောက်ခြင်းလုပ်ငန်းစဉ်**

ပြည်ပနိုင်ငံတွင် အလုပ်လုပ်ကိုင်မည်ဟု ဆုံးဖြတ်ပြီးပါက တရားဝင်လမ်းကြောင်းမှ ရွှေ့ပြောင်းသွားလာနိုင်ရန်အတွက် နီးစပ်ရာပြည်တွင်းရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများသို့ ဆက်သွယ်ကာ စုံစမ်းခြင်း၊ သတင်းအချက်အလက်များရယူခြင်းတို့ပြုလုပ်နိုင်ပြီဖြစ်သည်။ သို့သော် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအလိုက် အစိုးရများသည် မိမိတို့နိုင်ငံရှိ ပြည်ပသွားရောက်မည့်အလုပ်သမားများ အခက်အခဲများ၊ ဘေးအန္တရာယ်များနှင့် စိန်ခေါ်မှုများ ကြုံတွေ့နိုင်သည့် နိုင်ငံများသို့ အလုပ်လုပ်ကိုင်နိုင်ရန်အတွက် စေလွှတ်ရာတွင် တားမြစ်ထားခြင်းများရှိသည်ကို တွေ့ရသည်။ ယင်းတို့ကို လိုက်နာသင့်ပြီး တရားမဝင်နည်းလမ်းများဖြင့် ဝင်ရောက်ခြင်းမပြုရန် အထူးအရေးကြီးသည်။ တရားဝင်သွားရောက်ရန် ခွင့်ပြုထားသည့် နိုင်ငံများရှိပြီး ယင်းတို့အတွက် နိုင်ငံကူးလက်မှတ်လျှောက်ထားခြင်း၊ အလုပ်လျှောက်ထားခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်း၊ အလုပ်သမားမှတ်ပုံတင်ကတ် လျှောက်ထားခြင်း၊ သက်ဆိုင်သည့် ဌာနဆိုင်ရာများရှေ့မှောက်တွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်များကို တရားဝင်ချုပ်ဆိုခြင်း၊ အလုပ်လုပ်ကိုင်မည့်နိုင်ငံသို့ စနစ်တကျထွက်ခွာခြင်း၊ အလုပ်လုပ်ကိုင်မည့် နိုင်ငံသို့ရောက်ရှိသည်နှင့်တစ်ပြိုင်နက် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ပါမစ်လျှောက်ထားခြင်းစသည့် လုပ်ငန်းစဉ်များကို လုပ်ကိုင်ပြီးမှသာ ပြည်ပနိုင်ငံများတွင် လုံခြုံဘေးကင်းစွာ အလုပ်စတင်လုပ်ကိုင်သင့်ပါသည်။

**ပြည်ပရောက်မြန်မာများ သတိပြုစရာ**

ပြည်ပနိုင်ငံများတွင် ရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်စဉ် မိမိတို့ လုံခြုံမှုအတွက် အရေးကြီးစာရွက်စာတမ်းများဖြစ်သည့် နိုင်ငံကူးလက်မှတ်၊ ဗီဇာ၊ အလုပ်လုပ်ကိုင် ခွင့်လက်မှတ်တို့ကို ကိုယ်နှင့်မကွာ ကိုင်ဆောင်ထားရန်လိုအပ်ပါသည်။ အရေးကြီးသည့် စာရွက်စာတမ်းများကို အခြားသူများ၊ အလုပ်ရှင်များထံ ပေးအပ်ခြင်းမပြုရန် လိုအပ်ပြီး လိုအပ်ချက်အရ မိတ္တူများကို အပိုသုံးစုံမှ ငါးစုံအထိ ထားရှိရန် လိုအပ်ပါသည်။ မိမိနှင့် မသိကျွမ်းဖူးသေးသည့်သူမှ အလုပ်အကိုင်ကမ်းလှမ်းလာပါက အထူးသတိပြုရမည်ဖြစ်ပြီး မိမိနှင့် ရင်းနှီးသူများသည်လည်း လုပ်အားခေါင်းပုံဖြတ်ရန်၊ မိမိအား လူကုန်ကူးရန် ကြံစည်သူဖြစ်နိုင်သဖြင့် မည်သူကိုမျှ လွယ်လွယ်ကူကူဖြင့် ယုံကြည်စိတ်ချခြင်းမပြုရန်လည်း လိုအပ်ပါသည်။ ပြည်ပနိုင်ငံတွင်းနေထိုင်အလုပ်လုပ်ကိုင်စဉ်အတွင်း မူးယစ်ဆေးဝါး၊ လောင်းကစား၊ လူကုန်ကူးခြင်း၊ ခိုးယူခြင်း၊ ခိုက်ရန်ဖြစ်ခြင်းတို့တွင် လုံးဝပါဝင်ပတ်သက်ခြင်းမပြုမိရန်မှာလည်း အလွန်အရေးကြီးသည်။ သက်ဆိုင်ရာနိုင်ငံ ဥပဒေအလိုက် နှစ်ကြာရှည်စွာ အကျဉ်းချခြင်းများ ကြုံတွေ့နိုင်ပါသည်။ ထို့ပြင် မိမိရောက်ရှိရာ နိုင်ငံများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို လေးစားလိုက်နာရန်လိုအပ်ပြီး အရေးတစ်စုံတစ်ရာရှိပါက ဆက်သွယ်နိုင်ရန်အတွက်လည်း သက်ဆိုင်ရာနိုင်ငံ၏ မြန်မာသံရုံး၊ အလုပ်သမားသံအရာရှိများ၊ နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်းများ၊ နီးစပ်ရာကူညီသူအသင်းအဖွဲ့များနှင့် ကြိုတင် ချိတ်ဆက်ထားရန် လိုအပ်ပါကြောင်း ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းမှ ထုတ်ပြန်ထားသည်။

**မလေးရှားနိုင်ငံရဲ့ဥပဒေတွေကိုသိပါသလား**

မလေးရှားနိုင်ငံသို့လာရောက်အလုပ်အကိုင်သည့် နိုင်ငံခြားသားများသည် မိမိအားခေါ်ယူသည့် Calling Visa ပါသည့် မြို့နယ်နှင့် စာချုပ်ပါ လုပ်ငန်းအမျိုးအစား၊ စက်ရုံများတွင်သာ လုပ်ကိုင်ကြရမည်ဖြစ်ပြီး အလုပ်အကိုင်လွဲမှားခြင်း၊ အလုပ်နေရာလွဲမှားခြင်းဖြစ်ပွားပါက အလုပ်သမားများဖမ်းဆီးထိန်းသိမ်းခြင်းခံရမည်ဖြစ်သည်။ "အခက်အခဲတွေကြုံလာရင် ကိုယ်လွှတ်လိုက်တဲ့ အေဂျင်စီ ဒါမှမဟုတ် သံအရာရှိဆီကို ဆက်သွယ်တိုင်ကြားဖို့လိုအပ်ပါတယ်၊ မလေးရှားကိုရောက်နေရင် အားလပ်ရက်မှာ မြို့ထဲသွားမယ်ဆိုရင် အထောက်အထားပြည့်ပြည့်စုံစုံယူသွားဖို့လည်း လိုပါတယ်၊ မလေးရှားကနေ မြန်မာနိုင်ငံကို C of I နဲ့ ပြန်သွားသူတွေက မလေးရှားကို ခြောက်နှစ်အတွင်း ပြန်လာလို့မရပါဘူး၊ အမည်၊ နေရပ်လိပ်စာနဲ့ အိမ်ထောင်စုဇယား၊ မှတ်ပုံတင်တွေလိမ်ပြီး နိုင်ငံကူးလက်မှတ်လျှောက်လို့ မလေးရှားကို ပြန်လာရင်လည်း လေဆိပ်မှာ လက်ဗွေနှိပ်ရင် ပြန်ပေါ်ပြီး အမည်မည်းစာရင်းသွင်းခံရနိုင်ပါတယ်"ဟု မလေးရှားနိုင်ငံ အလုပ်သမားသံအရာရှိက ဖြေကြားသည်။

မလေးရှားနိုင်ငံသို့ ရောက်ရှိပြီး မိတ်ဆွေများမှတစ်ဆင့် သို့မဟုတ် ပွဲစားဖြင့် လက်ရှိရရှိသည့်အလုပ်အကိုင်ထက် ပိုမိုဝင်ငွေရသည့် လုပ်ငန်းခွင်များသို့ ကူးပြောင်းထား ကြသူများပြားသဖြင့် အထောက်အထားမဲ့ဘဝသို့ ရောက်ရှိကြသည်ကိုလည်း တွေ့ရှိရသည်။ "အလုပ်ကနေ ထွက်ကြပြီး အခြားအလုပ်ကိုပြောင်းတဲ့အခါ ပြောင်းခါစမှာသာ အဆင်ပြေသလိုရှိတာပါ၊ နောက်ပိုင်းခေါင်းပုံဖြတ်ခံရတာတွေရှိတယ်၊ မတော်တဆ ထိခိုက်လာရင် ကူညီမယ့်သူမရှိနိုင်ဘူး၊ သွားလာရာမှာလည်း အဖမ်းအဆီးတွေရှိလို့ အန္တရာယ်များတယ်"ဟု အလုပ်သမားသံအရာရှိထံမှ သိရှိရသည်။အလုပ်သမားများ တစ်စုံတစ်ခုပြဿနာများဖြစ်ပွားပါက မြန်မာသံရုံးအပြင် မလေးရှားအလုပ်သမားသံအရာရှိများထံ ဆက်သွယ်အကူအညီတောင်းခံနိုင်ပြီး ဖုန်းနံပါတ်မှာ ၀၀၆၀၁၄၂၅၁၅၅၉၅ ဖြစ်ကြောင်းသိရသည်။

**မလေးရှားရောက်ဒီဇင်ဘာညများ**

"ဒီဇင်ဘာဆိုတော့ နှစ်ကုန်လဖြစ်ပြီး အားလုံး မီးတွေထွန်းညှိ ပျော်ရွှင်နေကြတယ်၊ ကျွန်တော်တို့ကတော့ အပြင်တောင်သိပ်မသွားဖြစ်ဘူး၊ အဖမ်းလည်း မခံနိုင်ဘူး၊ ဆက်လည်း နေချင်သေးတယ်၊ ဆုံးရှုံးရတာတွေ၊ ပေးဆပ်ရတာတွေ အများကြီးပဲ၊ အော်ပရာစီနဲ့လွတ်အောင် ညဘက်ထွက်ရင်လည်း လူမိုက်တွေက အိုဗာစတေးတွေမှန်းသိရင် အနိုင်ကျင့်ကြတာရှိသေးတယ်၊ ကျွန်တော့်သဘောကတော့ အစိုးရက တရားဝင်စေလွှတ်ပေးတာမဟုတ်ရင် မလာသင့်ဘူး၊ ရောက်နေတဲ့ သူတွေလည်း ရတာနဲ့ကျေနပ်ပြီး စုဆောင်းပြီး တရားဝင် ဖြစ်အောင်လုပ်ကြဖို့လိုတယ်၊ ပြောသာပြောရတာ ကျွန်တော်ကိုယ်တိုင်လည်း ရှောင်တိမ်းနေရသူပါပဲ၊ နောင်နှစ်တော့ စုဆောင်းပြီးရင် တရားဝင်(အထောက်အထားပြည့်ပြည့်စုံစုံ နဲ့) နေလို့ရအောင်ကြိုးစားမယ်"ဟု ကိုကျော်မိုးက ပြောဆိုသည်။ ။

ရန်ကုန်းပြည့် တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ



ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး

တစ်ပေပတ်လည်လျှင်
၉၀၀၀၀ိ /- နှုန်း
မှ စတင်၍ . .
ရောင်းချပေးနေပါပြီ

# စွယ်တော်စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်



■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊သီရိရတနာ လက်လီ လက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေဧက (၃၀ )ပေါ်တွင် တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့်အချိုးကျ မြေပိုင်ဆိုင်မှု ရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။

■ Thai နိုင်ငံ G4 Architects မှ ရေးဆွဲသောဗိသုကာဒီဇိုင်း ၊Pile-Foundation ၊ခေတ်မီ Post-Tensioned စံနစ်ဖြင့် 10" Concrete Slab၊ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်ထားသည့် (၈)ထပ် အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့်အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး ၊Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များ ကိုသာ အသုံးပြုထားပါသည်။





■ ရေကူးကန်၊ စားသောက်ဆိုင်၊ Fitness Center,SPA , Convenience Store , လူဦးရေ(၃၀၀)ခန့် စုဝေးနိုင်သည့် မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော Clubhouse တစ်ခု ထည့်သွင်း တည်ဆောက် ထားပါသည်။



■ (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင်သာယာလှပသောပန်းခြံ ဥယျာဉ်၊ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။

အထူးအစီအစဉ်အနေဖြင့် AYA BANK, MOB BANK နှင့် ချိတ်ဆက်၍ ( ၅ ) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။

DEVELOPER-

GRAND STYLE CO.,LTD.
အမှတ်(၂၄၅)၊ ဗားကရာလမ်း(ဂမုန်းပွင့် မြေနီကုန်း) ၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 09 799-332211, 09 797-221133
09 799-221133

# UPG PREMIER

- အရောင်ထောင်ပေါင်းများစွာကို အချိန်တိုအတွင်း Computerized Tinting System ဖြင့် အရောင်စုံထုတ်လုပ်ပေးနေပါပြီ။
- နမူနာအရောင်များကို Computer Color Planner Software တွင်ထည့်သွင်း ကြည့်ရှုနိုင်ပါပြီ။
- ၁လီတာတိုင်းအတွက် လူမှုရေးရံပုံငွေ (CSR) တွင် ၁၀၀ကျပ် ထည့်ဝင်လှူဒါန်းပါမည်။

THOUSANDS
of designing colors
Through Tinting System

COMPUTERIZED TINTING SYSTEM MAKES IT POSSIBLE!

## Odourless

Legendary Performance All in One
Near Zero-VOC, Non-Toxic Paint

အဆိပ်အတောက်မရှိအတွင်းနံရံသုံးအနံ့မဲ့
ပြိုင်စံရှားရေဆေး

VERY LOW ODOUR near ZERO VOC

ECO FRIENDLY

### ဂုဏ်သတ္တိထူးများ

- ✓ အနံ့မရှိခြင်း
- ✓ အဆိပ်အတောက်မရှိခြင်း
- ✓ အငွေ့ပျံနိုင်သောဓါတုပစ္စည်းပါဝင်မှုသုညနီးပါးဖြစ်ခြင်း
- ✓ အရောင်စွဲမြဲမှုအားအထူးကောင်းမွန်ခြင်း
- ✓ ဆေးကြောမှုဒဏ်ခံနိုင်ရည်အထူးကောင်းမွန်ခြင်း
- ✓ ဆံခြည်မျှင်အက်ကြောင်းများကိုဖုံးအုပ်နိုင်ခြင်း
- ✓ ဘက်တီးရီးယားပိုးများကိုကာကွယ်နိုင်ပြီး၊ ကျန်းမာရေးနှင့် ညီညွတ်ခြင်း
- ✓ ရေညှိ၊ မှိုနှင့် အယ်ကာလီဒဏ်တို့ကိုခံနိုင်ခြင်း
- ✓ ဂန္ထဝင်ဆန်ဆန်လှပစေခြင်း
- ✓ အသုံးပြုရလွယ်ကူခြင်း
- ✓ လိုအပ်သည့်နေရာကိုကွက်၍ အလွယ်တကူဖြည့်စွက်သုတ်နိုင်ခြင်း
- ✓ ဆေးသုတ်ရာတွင် ဆေးစက်များလွင့်စင်မှုမရှိခြင်း
- ✓ ဆေးသားဖုံးအုပ်မှုအထူးကောင်းမွန်ခြင်းနှင့် အထူးတာရှည်ခံခြင်း
- ✓ ပွတ်တိုက်မှုဒဏ်ကိုကောင်းစွာခံနိုင်ခြင်း
- ✓ ခဲနှင့်ပြဒါးပါဝင်မှုမရှိခြင်း
- ✓ ပတ်ဝန်းကျင်ဂေဟနှင့် သဟဇာတဖြစ်ခြင်း






Go "GREEN" Eco Friendly Paint




SAY Yes UPG TO THE BEST ...



UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007

Responsible Care
THE GLOBAL COMPACT Global Compact Network Myanmar

No. 174/ 188, 2nd Floor, Bo Myat Tun Street, Shwe Gabar Tower (II),
Pazundaung Township, Yangon, Myanmar.
Tel: 95-1-200535, 299432 Fax: 95-1-299605
web site : www.upgpaint.com
email : info@upgpaint.com

facebook.com/upgpaint

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သော (Android Tablet) များ အမြန်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး (ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄) နေပြည်တော်သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၇-၁၂-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၀-၁-၂၀၁၈ ရက် မွန်းလွဲ ၂း၀၀ နာရီ
**ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၁၁၅၁၀၊ ၀၉-၄၄၉၄၀၄၀၈၂

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိ သော လူနာများအား ကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတ်မှန်ခန်းသုံး ပစ္စည်းများနှင့် Consumable များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၁-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၁-၂၀၁၈ရက် (သောကြာနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းစာရင်းများ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီး၊ ရန်ကုန်**

## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အလုံဓာတ်အားပေးစက်ရုံအတွက် အောက်ဖော်ပြပါစက်ပစ္စည်းများဝယ်ယူခြင်းအား (DDP At Site)အရောက် မြန်မာကျပ်ငွေများဖြင့် တင်ဒါခေါ်ယူလိုပါသည်-

**Tender No.29/EPGE/2017-2018**

1. အပူစွမ်းအင်သုံးစက်ရုံများဌာန၊ အလုံဓာတ်အားပေးစက်ရုံ
Submersible Pump & Motor With 2.5mm² Cable 80 meters, 10HP S/D
Control Pannel,3" Clamp & Well Cover-(5)Sets

၂။ တင်ဒါပုံစံအား တစ်စောင်လျှင် ကျပ် (၁၀၀၀၀ိ/-)တိတိဖြင့် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပြီး အသေးစိတ်စာရင်းများအား ဝန်ကြီးဌာန Website www.moee.gov.mm နှင့်ရုံးရှိ ကြော်ငြာသင်ပုန်းတွင် ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၆-၁၂-၂၀၁၇ရက်
**တင်ဒါပိတ်မည့်ရက်** - ၉-၁-၂၀၁၈ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

**တင်ဒါကော်မတီ**
**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ် ၂၇၊ နေပြည်တော်**
**-ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် A.G.T.I ဒီပလိုမာ အောင်လက်မှတ်ပေးအပ်မည့် အခမ်းအနားအတွက်
## ကြေညာချက်

၁။ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ A.G.T.I ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည့်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ ခန်းမများတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**အကြိုလေ့ကျင့်ခြင်း** - ၃-၂-၂၀၁၈ရက်(စနေနေ့) နံနက်၉း၀၀နာရီ
**အခမ်းအနားကျင်းပခြင်း** - ၄-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီ

၂။ A.G.T.I ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည့်အခမ်းအနားသို့အောက်ဖော်ပြပါ စာမေးပွဲအောင်မြင်သူများတက်ရောက်ယူနိုင်သည်-

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာကောလိပ်(မိုးညှင်း၊ မြင်းခြံ၊ ရွှေဘို)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ရေနံချောင်း၊ ချောက်၊ သရက်၊ ဝါးခယ်မ၊ ပူတာအို၊ ခန္တီး၊ ဟားခါး၊ ဂန့်ဂေါ၊ သံတွဲ၊ ကန့်ဘလူ၊မကွေး၊ မော်လမြိုင်၊ လက်ပံတန်း၊ ကျောက်ဖြူ)တို့တွင် ၂၀၁၇ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော A.G.T.I(တတိယနှစ်) စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ အခမ်းအနားကြေးအားအောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-
(က) တက်ရောက် -၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)
(ခ) အဝေးရောက် -၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)

၄။ အခမ်းအနားအတွက် (၆)လအတွင်းရိုက်ကူးထားသော(တစ်လက်မခွဲ× နှစ်လက်မ) အရွယ်ဓာတ်ပုံနှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ လျှောက်လွှာပုံစံများကို ၂၆-၁၂-၂၀၁၇ရက်မှစ၍ မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများရှိ ကျောင်းသားရေးရာဌာနများမှ ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၁၅-၁-၂၀၁၈ ရက်နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၆။ အခမ်းအနားသို့တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် အခမ်းအနားကျင်းပခြင်းတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။

၇။ အခမ်းအနားသို့တက်ရောက်မည်(သို့မဟုတ်)အဝေးရောက်ယူမည်ကို တိကျစွာ ဖော်ပြရမည်။

မှတ်ချက်။ ။အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများရှိ ကျောင်းသားရေးရာဌာနများတွင် စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## နိုင်ငံခြားရေးဝန်ကြီးဌာန
## စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်ရှိ ယဉ်ရပ်နားကွင်းတွင် ထပ်တိုး ပြုလုပ်မည့်လုပ်ငန်းကို ဆောင်ရွက်နိုင်ရန် စိတ်ပါဝင်စားသူ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဆောင်ရွက်ရမည့် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) ကျန်ရှိနေသည့် အလယ်ဧရိယာကွန်ကရစ်ခင်းခြင်း (၂၇၃၇၉ စတုရန်းပေ)
(ခ) ကျောက်ကြီးနံရံစီခြင်း (ပေ၂၃၀×၄ပေ×၁ပေ)
(ဂ) အုတ်စီရေမြောင်းပြုလုပ်ခြင်း(ပေ၄၈၀×၃ပေ၆လက်မ×၂ပေ)
(ဃ) ကပ်တုံးပြုလုပ်ခြင်း (၂၅၂ပေ×၉လက်မ×၆လက်မ)
(င) Car Stand ပြုလုပ်ခြင်း(၁၃၅ပေ×၃၄ပေ×၈ပေ)
(စ) Box Culvert(၆ပေ×၂ပေ×၃ပေ၆လက်မ)
(ဆ) လုံခြုံရေးဂိတ်တဲ(၁၀ပေ×၁၀ပေ×၁၀ပေ)
(ဇ) အရှေ့မျက်နှာစာခြံစည်းရိုး (အဝင်/အထွက်အပေါက်များတွင် သံပန်းတံခါးအပါ)

၃။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူများသည် အချက်အလက်ပုံစံပြည့်စုံစွာဖြင့် နိုင်ငံခြားရေးဝန် ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်၊ စီမံကိန်းနှင့်စီမံရေးရာ ဦးစီးဌာန၊ အဆောက်အအုံထောက်ပံ့နှင့် ဆက်သွယ်ရေးဌာနသို့ ၅-၁-၂၀၁၈ရက် ၁၆း၀၀နာရီအရောက် တင်ဒါပေးသွင်းနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-
(ဖုန်း-၀၆၇-၄၁၂၃၄၁၊ အဆောက်အအုံထောက်ပံ့ဌာန၊ စီမံကိန်းနှင့်စီမံရေးရာ ဦးစီးဌာန၊ နိုင်ငံခြား ရေးဝန်ကြီးဌာန)

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန**

## စစ်တွေတက္ကသိုလ်
## (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည့်အစီအစဉ်

စစ်တွေတက္ကသိုလ်နှင့် တောင်ကုတ်ဒီဂရီကောလိပ်တို့မှ ၂၀၁၆-၂၀၁၇ပညာသင်နှစ် မဟာသုတေသနဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ မဟာဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူး ဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့စာမေးပွဲအောင်မြင်ပြီးသူများ (၁၄) ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အစမ်းလေ့ကျင့်မည့်အစီအစဉ်**

**နေ့ရက်** - ၁၈-၁-၂၀၁၈ရက်(ကြာသပတေးနေ့)
**အချိန်** - နံနက် ၉း၀၀နာရီ
**နေရာ** - စစ်တွေတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)

**ဘွဲ့နှင်းသဘင်ကျင်းပမည့်အစီအစဉ်**

**နေ့ရက်** - ၂၀-၁-၂၀၁၈ရက် (စနေနေ့)
**အချိန်** - နံနက်ပိုင်း ၉း၀၀နာရီ
မွန်းလွဲပိုင်း ၂း၀၀နာရီ
**နေရာ** - စစ်တွေတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)

**မှတ်ချက်။** အသေးစိတ်အချက်အလက်များကို ထပ်မံကြေညာပါမည်။

**(မေခင်)**
**ဌာနမှူး**
**သင်တန်းရေးရာဌာန**
**စစ်တွေတက္ကသိုလ်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ထားဝယ်ခရိုင်တရားရုံး
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၇၆

ကိုသန့်ဇင်ဦး **နှင့်** မမာမာစိုး
**တရားလို** **တရားပြိုင်**

သရက်ချောင်းမြို့နယ်၊ အောက်သရက်ချောင်းကျေးရွာ၊ ရွယ်လယ်ရုံးအနီး၊ အမှတ် (၃၄၁)နေ မမာမာစိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် ကိုသန့်ဇင်ဦးက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် နှစ်ပါးစုံပစ္စည်းရလိုမှုအဖြစ် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှု နှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၂၉ရက် (၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်တွင်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေနှင့်အတူ ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဒီဇင်ဘာ ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

**(သန်းသန်းအေး)**
**ခရိုင်တရားသူကြီး**
**ထားဝယ်ခရိုင်တရားရုံး**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မှဆောင်ရွက်မည့် ၂၃၀ကေဗွီ မြောက်ပြင်ဓာတ်အားခွဲရုံမှ ၃၃ကေဗွီရွှေကျောင်းကြီး ဓာတ်အားခွဲရုံသို့ 33kV SAC ဓာတ်အားလိုင်းတည်ဆောက်ရန် လိုအပ်သောပစ္စည်းများ ဝယ်ယူခြင်းအတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| (က) | 1-23(T)/MESC/2017-2018 | 12M &15M Concrete Tubular Poleများဝယ်ယူခြင်း |
| (ခ) | 1-24(T)/MESC/2017-2018 | 33kV SAC ဓာတ်အားလိုင်းပစ္စည်း(၁၄)မျိုးဝယ်ယူခြင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၆-၁၂-၂၀၁၇ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး ၈-၁-၂၀၁၈ရက် ၁၃း၀၀နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံ နှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၂၇လမ်း၊ ၇၇×၇၈ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၆၉၁၂၁၊ ၀၂-၇၃၈၀၁**

# မြန်မာဂေါက်သီးရိုက်အသင်းသားများသိသာရန်

မြန်မာဂေါက်သီးရိုက်အသင်း၏ အသင်းသားအချို့သည် ပေးသွင်းရန်ရှိသော ၂၀၁၅မှ ၂၀၁၇ခုနှစ် ဒီဇင်ဘာလအထိ လစဉ်ကြေးများ ဆက်သွယ်ပေးသွင်းခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပါသဖြင့် ကြွေးကျန်များကို ၃၁-၁-၂၀၁၈ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ငွေလက်ခံကောင်တာတွင် လာရောက်ပေးသွင်းကြပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အသင်း၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ အသင်းသားစာရင်းမှ ပယ်ဖျက်မည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာဂေါက်သီးရိုက်အသင်း**

## MYANMAR GOLF CLUB
## Captain's Cup 2018 ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

မြန်မာဂေါက်သီးရိုက်အသင်း၏ နှစ်စဉ်ကျင်းပလျက်ရှိသော Captain's Cup 2018 ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၈ခုနှစ် ဇန်နဝါရီ ၁၂၊ ၁၃ရက်များတွင် မြန်မာဂေါက်သီးရိုက်အသင်း(၉မိုင်၊ ပြည်လမ်း) ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ ဇန်နဝါရီ ၁၂ရက်တွင် Veteran ဂေါက်သီးရိုက်ပြိုင်ပွဲကိုလည်းကောင်း၊ ဇန်နဝါရီ ၁၃ရက်၌ Gold , Silver, Bronze ဂေါက်သီးရိုက်ပြိုင်ပွဲများကိုလည်းကောင်း ကျင်းပမည်ဖြစ်ရာ အသင်းသားများသာ ပါဝင်ယှဉ်ပြိုင်နိုင်ပါကြောင်းနှင့် ဇန်နဝါရီ ၁၃ရက် ညနေပိုင်းတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပမည်ဖြစ်၍ ညစာစားပွဲကျွေးမွေးရေးနှင့် တေးဂီတဖျော်ဖြေရေးအစီအစဉ်များပါဝင်မည်ဖြစ်ပါသည်။ ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာဂေါက်သီးရိုက်အသင်း စီမံရေးရာရုံး ဖုန်း-၀၁-၆၆၅၅၃၁၊ ၀၉-၄၂၈၆၁၂၉၉၄၊ ၀၉-၃၂၁၆၁၂၂၄ တို့သို့ ဆက်သွယ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

## အထက(၃) မင်္ဂလာတောင်ညွန့် (စိန့်ဂျိုးဇက်ကွန်ဗင့်)ကျောင်းသူဟောင်းများ၏
## (၃၂)ကြိမ်မြောက်အာစရိယပူဇော်ပွဲ

အထက (၃) မင်္ဂလာတောင်ညွန့်(စိန့်ဂျိုးဇက်ကွန်ဗင့်)ကျောင်းတွင် ပညာသင်ကြားပေးခဲ့သော သက်ပြည့်အငြိမ်းစား ဆရာ ဆရာမကြီးများအား ရိုသေလေးမြတ်စွာ ပူဇော်ကန်တော့လိုပါ၍ မပျက်မကွက်အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းနေဖက် ငယ်ပေါင်းသူငယ်ချင်းများ ကြည်နူးဖွယ်ပီတိဖြစ်ဖွယ်ရာတစ်နှစ်တစ်ခါ ပြန်လည်တွေ့ဆုံကာ ကုသိုလ်ယူပွဲသို့ ကြွရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

အာစရိယပူဇော်ပွဲအတွက် ကုသိုလ်ပြု အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက-

| | |
|---|---|
| ဒေါ်အေးအေးမူ အထက (၃) မင်္ဂလာတောင်ညွန့် | ဖုန်း-၀၁-၃၇၅၂၁၃၊ ၀၉-၄၂၀၀၂၉၄၆၇ |
| ဒေါ်ခင်လှဲ့ဝေ (a) Molly Chit Maung (၁၉၇၄) | ဖုန်း-၀၁-၃၈၇၁၂၆၊ ၀၉-၂၅၀၂၈၄၇၁၀ |
| ဒေါ်တင်တင်ရီ (၁၉၇၄) | ဖုန်း-၀၁-၃၉၄၉၅၇၊ ၀၉-၂၅၀၁၄၂၄၁၈ |
| အေးအေးသွယ် (၁၉၈၄) | ဖုန်း-၀၉-၅၄၁၁၂၁၈ |
| သီဂီဆင့် (၁၉၈၃) | ဖုန်း-၀၉-၅၀၉၀၅၀၀ |
| မေပုလဲ (၁၉၈၅) | ဖုန်း-၀၉-၄၀၁၆၀၂၂၆၈ |
| အေးအေးပြုံး(၁၉၈၃) | ဖုန်း-၀၉-၅၁၉၀၉၄၉ |
| ယုစန္ဒီမောင် (၂၀၀၃) | ဖုန်း-၀၉-၉၇၃၇၂၈၁၃၆ |
| ဆုဆုမြတ် (၂၀၀၅) | ဖုန်း-၀၉-၅၀၆၄၈၁၁ |
| ဇင်မြတ်မွန် (၂၀၀၅) | ဖုန်း-၀၉-၄၀၂၇၂၂၅၁၄ |
| မူယာကိုကို (၂၀၀၅) | ဖုန်း-၀၉-၄၃၀၈၇၅၄၅ |
| ဝင်းသန္တာထွန်း (New) (၂၀၀၈) | ဖုန်း-၀၉-၄၂၁၀၅၅၁၀၂ |
| ချစ်သီရိအောင် (၂၀၁၂) | ဖုန်း-၀၉-၄၂၀၀၀၆၈၂၃ |

Account No.060-302-99918032201(KANBAWZA BANK Ltd) (KTD)
" 0090202010022575(yay Bank) ygn (31) TPU

**နေ့ရက်** - ၄-၁-၂၀၁၈ရက် (လွတ်လပ်ရေးနေ့)
**အချိန်** - နံနက် ၉း၀၀နာရီ
**နေရာ** - ယုဇနခန်းမ (အထက-၃ မင်္ဂလာတောင်ညွန့်)

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်မ မရွှေရည်အောင်(ခ) ခင်သန္တာ ၁၂/ဒဂန(နိုင်)၀၃၆၂၉၁ ၏ Passport No.MA 907733 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၆၂၉၀၅၃**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇင်ဝိုင်း ၅/ကလတ(နိုင်)၂၀၀၈၈၃၏ Passport No (မမှတ်မိ) သည်ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၉၈၂၈၀၃၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအိုက်ဆန်း ၁၃/မတန(နိုင်)၀၀၇၉၄၃၏ Passport No.MA 269735 သည်ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၈၄-၅၁၆၂၆**

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အမက(မူလွန်) ရွာတန်းရှည်ကျောင်း သတ္တမတန်းမှ မကြူကြူလှိုင်နှင့် စတုတ္ထတန်းမှ မောင်ဟိန်းကိုကိုတို့၏ ဖခင်အမည်မှန်မှာ ဦးနန်းထွန်း ၁၀/ပမန(နိုင်) ၁၈၅၅၆၄ ဖြစ်ပါသည်။ **ဦးနန်းထွန်း**


**အောင်ပြည့်စုံ**

**အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း**
**မြို့တွင်း/နယ်ဝေးများအတွက်**
**ဈေးနှုန်းချိုသာစွာဖြင့်**
**Box ကား မျိုးစုံဖြင့်**
**အလုပ်သမားစီစဉ်ပေးသည်။**
**09-250095114**
**09-421041338**
**09-73224763**








## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၅၀)၊ အကောက်ဆိပ်တောင်အကွက်၊ မြေကွက်အမှတ်(၇)၊ ဧရိယာ ၀ ဒသမ ၀၃၅၈ဧကရှိမြေကို ဦးအုန်းရွှေ(ခ) ဦးကျော်မင်းအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက အကျိုးအကြောင်းဖော်ပြပြီး ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ စီးပွားဇုန်အကွက်၊ ဦးပိုင် အမှတ်(P-၃/၂၃/ယ)၊ ဧရိယာ ၀ဒသမ၀၆၀ဧကရှိ မြေအား ဦးဇော်မင်းလတ်က မြေငှားဂရန်(အသစ်)ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**









## လုပ်ငန်းတံဆိပ်အမှတ်အသားကိုမူပိုင်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဗိုလ်ချုပ်လမ်း၊ ကွေ့ကြီးရပ်တွင် နေထိုင်သူ ဦးသန်းဌေးအောင် (ဘ) ဦးလှ (၅/မရန(နိုင်)၂၄၁၄၅)နှင့် ဒေါ်အေးအေးတိုး (ဘ) ဦးဝင်းနိုင် (၅/ရဥန(နိုင်)၀၇၀၂၄၄) တို့သည် အောက်ဖော်ပြပါအမှတ်တံဆိပ်အမည်နှင့် အမှတ်အသားကို မိမိတစ်ဦးတည်း မူပိုင်အဖြစ် မုံရွာမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ [၅၆၇/၄ (၂၀၁၇)] ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။




အထက်ဖော်ပြပါ "ပဒေသာ" (pdt) Cooking Oil အမှတ်တံဆိပ် အမည်နှင့် အမှတ်အသားကို ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ပုံစံအမျိုးမျိုးတို့ဖြင့် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ ဆင်တူရိုးမှားပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ တုပပြုလုပ်ခြင်းမပြုရန် အသိပေးကြေငြာအပ်ပါသည်။ ယင်းသို့ အထက်ပါ ကုန်အမှတ်တံဆိပ်အား တုပပြုလုပ်ဆောင်ရွက်သည်များကိုတွေ့ရှိပါက ဥပဒေနှင့်အညီအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းအများသိစေရန်ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ငြိမ်းငြိမ်းဆုဝေဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၉၈၉၈)
စံပယ်ဖြူလမ်း၊ ဒေါ်နခြံရပ်၊ မုံရွာမြို့။ ဖုန်း – ၀၉ ၄၀၀၄၆၁၇၀၇

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
မြဝတီခရိုင်တရားရုံး
၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၄ နှင့်ဆက်နွယ်သည့်
၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ် ၇

| | | |
|---|---|---|
| ဒေါ်နန်းမြင့်စိန် | နှင့် | ၁။ ဦးသန်းညွှန့် |
| | | ၂။ ဦးထွန်းသန်း |
| **တရားနိုင်** | | **တရားရှုံးများ** |

မင်းလမ်းမကြီး၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့နေ တရားရှုံး ဦးသန်းညွှန့် (ယခုနေရပ်လိပ်စာမသိသူ)နှင့် ဒေါနလမ်း၊ အမှတ် (၁) ရပ်ကွက်၊ မြဝတီမြို့နေ တရားရှုံး ဦးထွန်းသန်း (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၄တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်နန်းမြင့်စိန်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်(၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သန်းဇော်ဦး)
ဒုတိယခရိုင်တရားသူကြီး
မြဝတီခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ တောင်သာအုပ်စု၊ မြို့ဦးရပ်ကွက်၊ အမှတ်(၁) ကျောင်းရှေ့လမ်းရှိ အလျား(၁၃၂)ပေ ၄လက်မ×အနံ(၂၉)ပေ အကျယ်အဝန်းရှိသော မြေကွက်အား ပိုင်ရှင်ဖြစ်သူ ဦးထွန်းအောင် ၉/ပမန(နိုင်)၀၈၆၈၀၉ က ၎င်း၏ဖခင် ဦးစိန်မှုံထံမှ ကျန်သားသမီးများ၏ သဘောတူညီချက်အရ အမွေခွဲဝေပေးကမ်းခြင်း ကတိစာချုပ်အား ပြုလုပ်ချုပ်ဆို၍ ပေးကမ်းသည်ကို လက်ခံရယူခဲ့ပြီးနောက် လက်ဝယ်ပိုင်ဆိုင်ထား၍ ၎င်းသာလျှင် တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသောကြောင့် ရောင်းချရန်အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကျော်ဇေယျာမောင် ၉/ပမန(နိုင်)၁၄၄၂၇၀မှ ဝယ်ယူလိုပါသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါဝိုင်းခြံမြေကွက်အား ဦးထွန်းအောင်မှ အရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ တရားဝင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူတစ်ဦးတစ်ယောက်မျှမရှိပါက ကျန်ငွေများကို ပေးချေပြီး အရောင်းအဝယ် ကိစ္စရပ်များကို ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင်အောင် ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအောင်နိုင်ဝင်း LL.B,WIPO(Switzerland)** | **ဦးနိုင်လင်း LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၉၄)** | **အထက်တန်းရှေ့နေ(စဉ်–၄၁၆၄၆)** |
| **အမှတ်(၈/၈၂)၊ ပန်းခင်း(၁)၊ စံပယ်လမ်း၊** | **မြို့သစ်ရပ်၊ အေလာမြို့** |
| **ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊နေပြည်တော်** | **ဖုန်း–၀၉–၇၉၈၃၄၉၇၀၀** |
| **ဖုန်း–၀၉–၄၀၁၅၃၄၆၆၈၊ ၀၉–၇၉၇၇၀၄၄၅၇** | |

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ လမ်း (၅၀)(အလယ်ဘလောက်)၊ အမှတ် (၁၀၇) (ငါးလွှာ)တွင် ရုံးတည်ဖွင့်လှစ်လျက်ရှိသော အိရှင်းအပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်သည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီလိုင်စင်အမှတ် ၂၅/၂၀၁၆ ဖြင့် ဂျပန်နိုင်ငံသို့ လက်တွေ့လုပ်ငန်းခွင်ဝင် ကျွမ်းကျင်လုပ်သားများကို တရားဝင်စေလွှတ်လျက်ရှိပြီး ကောင်းသောအမည်ဂုဏ်သတင်းဖြင့် လုပ်ကိုင်လျက်ရှိသောကုမ္ပဏီဖြစ်ပါသည်။

အောက်ဖော်ပြပါ လူကြီးမင်းများအနေဖြင့် မြန်မာနိုင်ငံမှ စတင်ထွက်ခွာချိန်မှစ၍ ဂျပန်နိုင်ငံရှိ သတ်မှတ်ထားသည့် လုပ်ငန်းခွင်အသီးသီးတွင် သုံးနှစ်ဆက်တိုက် မပျက်မကွက်သွားရောက်လုပ်ကိုင်ပါမည်ဟုဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီနှင့် လူကြီးမင်းတို့နှင့်တကွ လူကြီးမင်းတို့၏ အုပ်ထိန်းသူ (အာမခံသူများ)နှင့်သော်လည်းကောင်း၊ ဂျပန်နိုင်ငံရှိ သက်ဆိုင်ရာကုမ္ပဏီများနှင့်သော်လည်းကောင်း စာချုပ်များအသီးသီးချုပ်ဆိုကာ ဂျပန်နိုင်ငံသို့ တရားဝင်အလုပ်လုပ်ကိုင်နိုင်ရန် စေလွှတ်ခဲ့ပါသည်။

ထိုသို့စေလွှတ်ခဲ့ပြီးနောက် လူကြီးမင်းတို့နှင့် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီတို့ ချုပ်ဆိုခဲ့ကြသောစာချုပ်တွင် ထွက်ပြေးတိမ်းရှောင်ခြင်းမပြုကြောင်း ဝန်ခံချက်များထားရှိခဲ့သော်လည်း လူကြီးမင်းတို့က ဂျပန်နိုင်ငံရှိ လူကြီးမင်းတို့ လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများမှသိရှိခြင်းမရှိဘဲ သုံးနှစ်သက်တမ်းမပြည့်မီ လုပ်ငန်းခွင်မှ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်ကို သက်ဆိုင်ရာကုမ္ပဏီများမှ ကျွန်ုပ်မိတ်ဆွေကုမ္ပဏီသို့ အကြောင်းကြားခဲ့သည့်အချိန်တွင်မှ သိရှိခဲ့ရပါသည်။

ထို့ကြောင့် လူကြီးမင်းတို့နှင့်တကွ လူကြီးမင်းတို့၏ အုပ်ထိန်းသူ (အာမခံသူ)တို့သည် စာချုပ်ပါသဘောတူညီချက်အား အတိအလင်းဖောက်ဖျက်ခဲ့မှုအပေါ် လူကြီးမင်းတို့ကိုယ်တိုင်သော်လည်းကောင်း၊ လူကြီးမင်းတို့၏အုပ်ထိန်းသူ (အာမခံသူ)များမှသော်လည်းကောင်း ကျွန်ုပ်မိတ်ဆွေကုမ္ပဏီသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ ဖြေရှင်းပါရန်ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| စဉ် | သင်တန်းသားအမည် | အဖအမည် | မှတ်ပုံတင်အမှတ် | အုပ်ထိန်းသူ (အာမခံသူ၏အမည်) | အုပ်ထိန်းသူ (အာမခံသူ၏မှတ်ပုံတင်အမှတ်) |
|---|---|---|---|---|---|
| ၁ | မောင်ကျော်ထင်ရဲမြင့် | ဦးရဲမြင့်ဆွေ | ၁၂/ဒလန(နိုင်)၀၄၇၉၀၉ | ဒေါ်ငွေငွေဝင်း | ၁၂/ဒလန(နိုင်)၀၀၆၇၂၈ |
| ၂ | မောင်ဝင်းနိုင် | ဦးစံထွန်းဦး | ၁၁/ပဏက(နိုင်)၀၈၅၆၀၀ | ဦးသန်းလွင် | ၁၁/ပဏက(နိုင်)၀၇၃၀၈၅ |
| ၃ | မောင်ကျော်ဆန်း | ဦးရန်လိန် | ၁၁/မပတ(နိုင်)၀၈၉၉၇၃ | ဦးငြိမ်းချမ်းအောင် | ၁၁/မပန(နိုင်)၁၀၅၂၀ |
| ၄ | မောင်သက်နိုင်ဦး | ဦးစန်းလှိုင် | ၁၂/သလန(နိုင်)၁၀၁၇၀၉ | ဒေါ်ခင်မာဝေ | ၁၂/သခန(နိုင်)၀၀၀၅၉၂ |
| ၅ | မောင်ညဏ်အောင် | ဦးသက်နိုင် | ၁၄/ဘကလ(နိုင်)၂၈၇၈၀၁ | ဦးသက်နိုင် | ၁၄/ဘကလ(နိုင်)၀၃၆၇၂၈ |
| ၆ | မောင်ဇေရိန် | ဦးရယ်မီးရှို | ၂/ဒမဆ(နိုင်)၀၅၇၆၃၃ | ဦးစောဖျားရယ် | ၂/ဒမဆ(နိုင်)၀၄၄၆၇၃ |
| ၇ | မငြိမ်းအိဇင် | ဦးသန်းဝင်းအောင် | ၁၂/ဥကမ(နိုင်)၂၅၀၃၄၅ | ဒေါ်ချောစုဇင် | ၁၂/ဥကမ(နိုင်)၂၃၈၉၄၆ |

အိရှင်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဦးအောင်မျိုးသူ (LL.B)
အထက်တန်းရှေ့နေ(စဉ်–၄၆၅၄၅)
အမှတ် ၃၆၊ မိုးမခလမ်း၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၀၉–၄၂၀၁၃၂၂၇၆၊ ၀၉–၇၉၈၄၅၃၇၂၇

## စစ်တွေတွင် တန်ဖိုးနည်း တိုက်ခန်းများကို အရစ်ကျ စနစ်ဖြင့် ရောင်းချပေးသွားမည်

စာ-၁၀

## ၁၀၅ မိုင်၌ အမည်မသိ လက်နက်ကိုင် အဖွဲ့က လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် တစ်ဦးသေ၊ နှစ်ဦး ဒဏ်ရာရ

စာ-၁၂

## အစွရေး တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်း ဆန္ဒပြသူနှစ်ဦး သေဆုံး

စာ-၁၄

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် အမ်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

**အမ်း ဒီဇင်ဘာ ၂၃**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများ ယနေ့နံနက်ပိုင်းတွင် အမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲ၌ အမ်းမြို့နယ် အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်နေသည့် မြို့နယ် ကျေးလက်လျှပ်စစ်၊ လမ်းဦးစီး၊ တံတားအထူးအဖွဲ့၊ ပညာရေး၊ ကျန်းမာရေး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၊ ဆည်မြောင်းတို့မှ လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❑



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ပဒဲကြော လျှိုပိတ်ဆည် စီမံကိန်း ဆောင်ရွက်နေမှုကြည့်ရှုစဉ်။



# မောင်တောဒေသမှ နေရပ်စွန့်ခွာသူများ၏ စပါး ၉၇၃၃၇ ဒသမ ၄၆ တင်း ရောင်းချပြီးဖြစ်

**မောင်တော ဒီဇင်ဘာ ၂၃**

မောင်တောဒေသရှိ နေရပ်စွန့်ခွာသူများ စိုက်ပျိုးထားသော စပါးခင်းများအား စီမံချက်ချမှတ်ပြီး ရိတ်သိမ်းရောင်းချပေးလျက်ရှိရာ ဒီဇင်ဘာ ၂၁ ရက်အထိ စပါးတင်းပေါင်း ၉၇၃၃၇ ဒသမ ၄၆ တင်း ရောင်းချပြီးဖြစ်ကြောင်း မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရင်းများအရ သိရသည်။

အဆိုပါ စပါးခင်းများကို စက်မှုလယ်ယာဦးစီးဌာနက စပါးရိတ်သိမ်းစက်များ အသုံးပြုကာ ရိတ်သိမ်းပေးခဲ့ ခြင်းဖြစ်ပြီး အိတ်သွင်းခြင်းလုပ်ငန်းကို စိုက်ပျိုးရေးဦးစီးဌာနက ပါဝင် ဆောင်ရွက်ပေးခဲ့သည်။ ထွက်ရှိလာသော စပါးများကို မောင်တောကုန်သည်ကြီးများအသင်းနှင့် ရခိုင် စပါးဝယ်ယူရေး ကုမ္ပဏီတို့က အဓိက ဝယ်ယူခဲ့ကြောင်း၊ သို့သော်လည်း ၎င်း ကုမ္ပဏီများက မဝယ်ယူနိုင်တော့သဖြင့် စပါးဝယ်ယူလိုသူများ ရှိပါက လာရောက်ဝယ်ယူနိုင်ကြောင်း သိရသည်။

ရခိုင်ပြည်နယ် မောင်တောဒေသသည် ဘင်္ဂလားပင်လယ်အော် နှင့် ထိစပ်နေခြင်းကြောင့် ရာသီဥတုအထူးကောင်းမွန်ပြီး ရခိုင်ပြည်နယ်အတွက် စပါးအဓိကထွက်ရှိရာ ဒေသတစ်ခုဖြစ်သည်။

ယခုအခါ စပါးဝယ်ယူသူများက မောင်တော-အင္ဂူမော် လမ်းကြောင်းမှ လည်းကောင်း၊ မောင်တော-ဘူးသီးတောင် လမ်းကြောင်းမှ လည်းကောင်း မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် စစ်တွေမြို့သို့ ပို့ဆောင်ကာ ကြိတ်ခွဲသိုလှောင်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မောင်၊ ဇေယျာ၊ ဓာတ်ပုံ-နေဝင်းထွန်း**

# MNL Charity Cup ပြိုင်ပွဲ ဇန်နဝါရီ ၇ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ပြည်တွင်းလိဂ်ပြိုင်ပွဲမစတင်မီ ကျင်းပလေ့ရှိသည့် ၂၀၁၈ ရာသီ MNL Charity Cup ပြိုင်ပွဲကို ဇန်နဝါရီ ၇ ရက်တွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်ပြီး ပြီးခဲ့သည့် ရာသီအမှတ်ပေးနှင့် ရှုံးထွက်ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ယင်းပြိုင်ပွဲနှစ်ခုစလုံးတွင် ဒုတိယဆုရခဲ့သည့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲမှာ အမှတ်ပေးချန်ပီယံအသင်းနှင့် ရှုံးထွက်ချန်ပီယံအသင်းတို့ ယှဉ်ပြိုင်ရခြင်းဖြစ်သော်လည်း ၂၀၁၇ ရာသီတွင် ရှမ်းယူနိုက်တက်အသင်းက ပြိုင်ပွဲနှစ်ခုစလုံးတွင် ဗိုလ်စွဲခဲ့သောကြောင့် ဒုတိယဆုရခဲ့သည့် ရန်ကုန်အသင်းက ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခင် ကမ္ဘောဇအသင်းအမည်ဖြင့် ယှဉ်ပြိုင်စဉ်က MNL Charity Cup ပြိုင်ပွဲတွင် တစ်ကြိမ်ယှဉ်ပြိုင်ခဲ့ဖူးပြီး အနိုင်ရခဲ့ဖူးသည်။ ရန်ကုန်အသင်းမှာမူ ငါးကြိမ်မြောက်ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး နှစ်သင်းစလုံး၏ ရာသီကြိုပြင်ဆင်မှုများကို တွေ့မြင်ရမည်ဖြစ်သည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ✻



၂၀၁၇ ရာသီက ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းတို့ တွေ့ဆုံယှဉ်ပြိုင်ခဲ့စဉ်။ ဓာတ်ပုံ-စိုးညွန့်

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017